# ကြေးမုံ

The Mirror Daily

Established in 1957

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ တနင်္လာနေ့။ Monday, 24 August 2020 ၁၀၁၁၄


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

## ကြေးမုံ ယနေ့ ဖတ်စရာ


**ရန်ကုန်-မော်လမြိုင် အမှတ်(၈၃) အဆန်၊ အမှတ်(၈၄)အစုန် လူစီး လေအိတ်အမြန်ရထား စတင်ပြေးဆွဲ**

စာမျက်နှာ » ၃

**ဂျပန်-မြန်မာ ချစ်ကြည်ရေး တိုးတက်မှုကို ရည်ရွယ်သည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Motegi ၏ သတင်းစကား**

စာမျက်နှာ » ၆

**အသက် ၁၂ နှစ်နှင့်အထက် ကလေးငယ်များ နှာခေါင်းစည်းဝတ်ဆင် သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လမ်းညွှန်ချက်ထုတ်ပြန်**

စာမျက်နှာ » ၁၂

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၇


# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် အခက်အခဲကြုံတွေ့နေရသည့် အမေရိကန်ပြည်ထောင်စုမှ မြန်မာနိုင်ငံသား ၉၄ ဦးနှင့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၃၀ စုစုပေါင်း ၁၂၄ ဦးတို့အား မြန်မာသံရုံး ဝါရှင်တန်မြို့နှင့် မြန်မာသံရုံး ဆိုးလ်မြို့တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



# ထန်းတပင်မြို့နယ်၌ နှာခေါင်းစည်းဝတ်ဆင်သွားလာရေးလှုပ်ရှားမှု ဆောင်ရွက်

ထန်းတပင် ဩဂုတ် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် နှာခေါင်းစည်းဝတ်ဆင်သွားလာရေး လှုပ်ရှားဆောင်ရွက်မှုနှင့် လက်သန့်ဆေးရည်ဘူးများ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် ထန်းတပင်မြို့မဈေး၊ ဈေးရှေ့နှင့် လမ်းဆုံကားဂိတ်တို့တွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



နှာခေါင်းစည်းဝတ်ဆင်သွားလာရေး လှုပ်ရှားဆောင်ရွက်မှုကို မြို့နယ်တာဝန်ရှိသူများနှင့် ပရဟိတလူငယ်အဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကာ ပရဟိတအဖွဲ့ဝင်များက အလှူရှင်များကိုယ်စား နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်ဘူးများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင် ကာကွယ်သည့်အနေဖြင့် ဈေးရောင်း၊ ဈေးဝယ်များနှင့် ဖြတ်သန်းသွားလာနေကြသူများအား နေအိမ်ပြင်ပသို့ ထွက်ခွာရာ၌ နှာခေါင်းစည်း မဖြစ်မနေ ဝတ်ဆင်သွားလာရေးအတွက် အသိပညာပေးအနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## ရေဝတီမြစ်ရေ ဆိပ်သာ၊ ဟသ်ာတနှင့် ဇလွန်မြို့နယ်တို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၌ နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ နံနက် ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ကြေးမုံ

# ဒီမိုကရေစီစံနှုန်းနှင့် ရွေးကောက်ပွဲပြင်ဆင်

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြုလုပ်ရန် ရက်ပေါင်း ၇၀ ကျော်သာလိုတော့သည်။ နိုင်ငံအတွက် အရေးကြီးသော ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၁၀ တွင် တစ်ကြိမ်၊ ၂၀၁၅ တွင် တစ်ကြိမ် နှစ်ကြိမ်ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်အဖြစ် ပြုလုပ်တော့မည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ရရှိထားသော ရွေးကောက်ပွဲအတွေ့အကြုံများနှင့်အညီ ပိုမိုကောင်းမွန်စွာ ပြုလုပ်နိုင်တော့ မည်ဖြစ်သည်။

ရွေးကောက်ပွဲများသည် ဒီမိုကရေစီ၏အခြေခံအုတ်မြစ်ဖြစ်ပြီး ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်ကာ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်မပင်စည် ဖြစ်သည်။ ရွေးကောက်ပွဲများသည် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း လောကပါလတရားများနှင့်အညီ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးအားကောင်းခိုင်မာလာစေရန်အတွက် ပြည်သူလူထု၏ သဘောဆန္ဒများကို ဖွင့်ဟပေးသောပွဲ ဖြစ်သည်။ တိုင်းပြည်တစ်ပြည်တွင် ပြည်သူသည်သာ အဓိကဖြစ်သည်ကို ရွေးကောက်ပွဲတွင် ညွှန်းဆိုဖော်ပြနေသည်။ နိုင်ငံနှင့် ပြည်သူကိုအကျိုးပြုမည့် စစ်မှန်အားကောင်းသော မဏ္ဍိုင်သုံးရပ် ပေါ်ပေါက်လာအောင် ရွေးကောက်ပွဲများက ဖော်ဆောင်ပေးသည်။

ယခု ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကာလသည် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသောကာလနှင့် ကြုံတွေ့နေရသောကြောင့် ကျန်းမာရေးစံသတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည်။ ပြည်သူသာလျှင်အဓိကဖြစ်၍ ရွေးကောက်ပွဲ၏တန်ဖိုးကိုပြည်သူများ သိရှိသဘောပေါက်နားလည်နေပြီဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် အရေးကြီးသောရွေးကောက်ပွဲ၌ ပြည်သူများက စနစ်တကျ မှန်မှန်ကန်ကန် ရွေးချယ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

၂၀၂၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲစာရင်းကိစ္စများပြီးဆုံးခဲ့ပြီး ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းလုပ်ငန်းများကို အမှားအယွင်းမရှိအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်သည်။ ၂၀၂၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြည်သူလူထု၏ မဲစာရင်းလာရောက်ကြည့်ရှုမှုမှာ အားရဖွယ်ဖြစ်၍ ကျန်ရှိသောလုပ်ငန်းစဉ်များတွင် ရွေးကောက်ပွဲစံနှုန်းများနှင့်အညီ လုပ်ဆောင်နိုင်ရေးတွင် အရေးပါသောကဏ္ဍများ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းစိစစ်ခြင်း၊ မဲဆွယ်စည်းရုံးခြင်းတို့ကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြမည် ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာသည်နှင့်အမျှ မဲရုံများ တည်ဆောက်ရေး၊ ပြည်တွင်းနှင့် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သတင်းမီဒီယာများ သတင်းယူခွင့်များမှအစ အချိန်နှင့်တစ်ပြေးညီ အစစအရာရာ ကြိုတင်ပြင်ဆောင်ရွက်နေပြီ ဖြစ်သည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်အခြေခံခိုင်မာသည်ကို မီးမောင်းထိုးဖော်ဆောင်လိုက်ခြင်း ဖြစ်ရာ ပါတီများနှင့် ပြည်သူပြည်သားများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ လိုအပ်ပါသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ အရေးကြီးသောအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်တွင် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုလုပ်မိရန်လိုအပ်ပါသည်။ ပြုလုပ်မိပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ကျခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုလုပ်ရ၊ ပြုလုပ်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ခုလုံးဖြစ်စေ ကျခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအားကောင်းလာစေရန် ဆောင်ရွက်သောလုပ်ငန်းစဉ်ဖြစ်သည့်အပြင် တိုင်းပြည်၏အနာဂတ်ကို ပိုမိုအားကောင်းခိုင်မာလာစေရန် ပျိုးထောင်မြှင့်တင်ပေးခြင်းဖြစ်၍ ရွေးကောက်ပွဲများကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ အောင်မြင်စွာကျင်းပနိုင်စေရန် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# မကွေးတိုင်းဒေသကြီးသို့ ကိုဗစ်-၁၉ အထောက်အကူပြုပစ္စည်းများ၊ စားနပ်ရိက္ခာ၊ တိရစ္ဆာန်အစာများ ပေးအပ်လှူဒါန်း




**မကွေး ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အားကစားခန်းမ၌ ယမန်နေ့က ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ မကွေးတိုင်းဒေသကြီးသို့ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် နတ်မောက်မြို့နယ်အတွင်းရှိ အခြေခံပြည်သူများအတွက် စားနပ်ရိက္ခာများ၊ အလှူငွေများနှင့် ခိုင်းနွားများအတွက် အစာများ ထောက်ပံ့လှူဒါန်းပွဲ ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံ/စီးပွားဝန်ကြီး ဦးစိုးညွန့်လွင်က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီက မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက်အတွက်ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ နတ်မောက်မြို့ ဗိုလ်ချုပ်ပြတိုက်အတွက် ငွေကျပ်သိန်း ၁၀၀ ကို လည်းကောင်း၊ ပြည်သူ့ဆေးရုံ၊ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပြည်သူများအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ အပါအဝင် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ နတ်မောက်ကွန်ရက်ပရဟိတလူမှုအကျိုးပြုအသင်းနှင့် ရင်ခွင်မဲ့လျှော့ချရေး လူမှုအကျိုးပြုအသင်းအတွက် ငွေကျပ် ၁၀ သိန်းစီကို လည်းကောင်း၊ ခိုင်းနွားများအတွက် နွားစာမြက်များ၊ ဖွဲနုများဝယ်ယူနိုင်ရန် ငွေကျပ် သိန်း ၁၂၀ ကိုလည်းကောင်း၊ သမြားကျေးရွာ ရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ ရုံးဆိပ်ကျေးရွာ မီးလင်းရေးအတွက် ငွေကျပ်သိန်း ၅၀ ကို လည်းကောင်း၊ စုစုပေါင်း တန်ဖိုး ငွေကျပ် ၅၇၄ သိန်းကျော်ကို ပေးအပ်လှူဒါန်းသည်။

**လှူဒါန်း**

ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီသို့ ငွေကျပ်သိန်း ၁၅၀၀၀ လှူဒါန်းထားသည့် ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်ပြီး ယနေ့အချိန်ထိ တစ်နိုင်ငံလုံး အတိုင်းအတာ ဖြင့် ငွေကျပ် ၆၀၃၄၂ သိန်း လှူဒါန်းထားကြောင်း သိရသည်။ **မကွေး(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့ လူစည်ကားရာမြို့မဈေး၌ နှာခေါင်းစည်းအခု ၂၀၀၀ ဖြန့်ဝေ

**ကျောင်းကုန်း ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ လူစည်ကားရာနေရာဖြစ်သည့် မြို့မဈေးအနီးတွင် ယနေ့နံနက်ပိုင်းက နှာခေါင်းစည်းအခု ၂၀၀၀ အခမဲ့ဖြန့်ဝေပေးခဲ့သည်။ တတ်နိုင်သရွေ့ နေအိမ်ပြင်ပထွက်ခွာခြင်းမပြုကြရန်၊ လူအများစုဝေးရာနေရာသို့ မသွားရန်၊ မဖြစ်မနေပြင်ပထွက်ခွာပါက နှာခေါင်းစည်းဝတ်ဆင်ရန်၊ ပြင်ပမှ ပြန်လာပြီးတိုင်း လက်ကိုစက္ကန့် ၂၀ ကြာ ဆပ်ပြာဖြင့်ဆေးကြောရန်၊ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် နေ့စဉ် တစ်နေ့ ငါးကြိမ် အသိပေးကြေညာကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောပြသည်။

ယခုရက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြန်ဆန်လာရာ ဒုတိယလှိုင်းအဖြစ် ပြည်သူများစိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် မိမိတို့နေအိမ်ပြင်ပထွက်ပါက နှာခေါင်းစည်းဝတ်ဆင်ပြီးမှ သွားလာကြရန် လိုအပ်ကြောင်း၊ နှာခေါင်းစည်း မဝတ်ဆင်သူများအား ဒဏ်ရိုက်ပြီး သတိပေးသွားမည်ဟု မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီထံမှ သိရသည်။



ပြည်သူများ နေအိမ်ပြင်ပသို့ သွားလာရာတွင် နှာခေါင်းစည်းများ ဝတ်ဆင်သွားလာနိုင်ရေးအတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက နှာခေါင်းစည်းများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

နေပြည်တော် ဩဂုတ် ၂၃

**မော်လိုက်မြို့**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့၌ လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ကလေးဝမြို့**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ဆက်လက်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ရန်ကုန်-မော်လမြိုင် အမှတ်(၈၃)အဆန်၊ အမှတ်(၈၄)အစုန် လူစီးလေအိတ်အမြန်ရထား စတင်ပြေးဆွဲ

**နေပြည်တော် ဩဂုတ် ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ လေအိတ်တွဲဆိုင်းအသစ်များဖြင့် အမှတ်(၈၃)အဆန် လူစီးအမြန်ရထားနှင့် အမှတ်(၈၄)အစုန် လူစီးအမြန်ရထား စတင်ပြေးဆွဲပေးခြင်း အခမ်းအနားကို ယမန်နေ့ ည ၉ နာရီက မော်လမြိုင်ဘူတာ အမှတ်(၁)စင်္ကြံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လူးလွန့်လှုပ်ခါခြင်း သက်သာ**

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရထားစီးခရီးသွား မိဘပြည်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ Social Distancing ရရှိရေးအတွက် တစ်ဦးနှင့်တစ်ဦး ထိုင်ခုံခြား၍ ထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း၊ ယခုပြေးဆွဲသည့်လမ်းပိုင်းအား ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးလွန့်လှုပ်ခါခြင်းများ သက်သာအောင် ကိုးချောင်းဆက်သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ပါကင်ရိုက်ခြင်းများ ဆောင်ရွက်ပေးထားပြီး ရထားမောင်းနှင်ချိန်အား သတ်မှတ်ချိန်ထက်လျှော့၍ မောင်းနှင်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများက ရထားစီးခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ရန်ကုန်ဘူတာကြီးရှိ အမှတ်(၁)စင်္ကြံတွင် ရန်ကုန်-မော်လမြိုင် ခရီးစဉ်အမှတ်(၈၃)အဆန် လူစီးအမြန်ရထား တိုးချဲ့ပြေးဆွဲခြင်း အခမ်းအနားကို ယင်းနေ့ ည ၈ နာရီက ကျင်းပခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် ယခုပြေးဆွဲပေးသည့် လေအိတ်ရထားတွဲများမှာ ကိုရီးယားသမ္မတနိုင်ငံ ချေးငွေဖြင့်ဝယ်ယူခဲ့ပြီး အထက်တန်းတွဲလေးတွဲ၊ ရိုးရိုးတန်းတွဲ ငါးတွဲ၊ လူစီးဘရိတ်တွဲတစ်တွဲ စုစုပေါင်း ၁၀ တွဲဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားများအနေဖြင့် ခရီးစဉ် စ/ဆုံး အထက်တန်းထိုင်ခုံ တစ်ဦးလျှင် ငွေကျပ် ၈၀၀၀၊ ရိုးရိုးတန်းထိုင်ခုံ တစ်ဦးလျှင် ငွေကျပ် ၄၀၀၀ နှုန်းဖြစ်ပြီး လမ်းခရီးတွင် ပဲခူး၊ ကျိုက်ထို၊ တောင်စွန်း၊ သထုံ၊ ပေါင် ဘူတာများတွင် ရပ်တန့်ပေးသွားမည်ဖြစ်သည်။ အမှတ်(၈၃) အဆန် အမြန်ရထားသည် ရန်ကုန်ဘူတာမှ ည ၈ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး မော်လမြိုင်ဘူတာသို့ နောက်တစ်နေ့နံနက် ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၈၄) အစုန် အမြန်ရထားသည် မော်လမြိုင်ဘူတာမှ ည ၉ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်ဘူတာသို့ နောက်တစ်နေ့နံနက် ၆ နာရီတွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❃ ထန်းတပင်မြို့နယ်မှ**

နှာခေါင်းစည်းဝတ်ဆင်သွားလာရေးလှုပ်ရှားမှု ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဌေးနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတလူငယ်များအဖွဲ့ဝင်များက ထန်းတပင်မြို့မဈေးရှိ ဈေးသည်များ၊ မြို့မဈေးသို့လာရောက်ကာ ဈေးဝယ်ကြသူများ၊ ဈေးရှေ့ဖြတ်သန်းသွားလာနေကြသူများ၊ လမ်းဆုံကားဂိတ်ရှိ YBS (၅၂) ယာဉ်လိုင်း၊ အငှားယာဉ်မောင်းများနှင့် ခရီးသည်တို့ကို တစ်ခါသုံးနှာခေါင်းစည်းများနှင့် ၁၀၀ ML လက်သန့်ဆေးရည်ဘူးများ အခမဲ့ဖြန့်ဝေဆောင်ရွက်ခဲ့ကြပြီး နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာရာတွင် နှာခေါင်းစည်းမဖြစ်မနေ ဝတ်ဆင်သွားလာရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

**❖ ရှေ့ဖုံးမှ**

လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံအသီးသီးတို့တွင် အခက်အခဲဖြစ်နေပြီး မြန်မာနိုင်ငံသို့ မဖြစ်မနေ ပြန်လည်ထွက်ခွာကြရမည့် မြန်မာနိုင်ငံသားများအတွက် မြန်မာသံရုံး ဆိုးလ်မြို့မှ စီစဉ်ဆောင်ရွက်သည့် အပတ်စဉ် အင်္ဂါနေ့တိုင်း ပျံသန်းပြေးဆွဲနေသော ကယ်ဆယ်ရေးလေယာဉ်အပြင် အထူးအစီအစဉ်အဖြစ် မြန်မာသံရုံး ဝါရှင်တန်မြို့နှင့် ညှိနှိုင်း၍ ကယ်ဆယ်ရေးလေယာဉ် ပျံသန်းပြေးဆွဲလျက်ရှိရာ ယနေ့အချိန်ထိ သုံးကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေ ဖောင်းပြင်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့၌ လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

## ချင်းတွင်းမြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်

**မုံရွာ ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ချင်းတွင်းမြစ်အတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၃၅၀၀၀၀ နှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ လေးသိန်းအား ယမန်နေ့က ငါးမျိုးများ စိုက်ထည့်ခဲ့သည်။



အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် ခရိုင်လယ်/စီ၊ ခရိုင် စီ/ခန့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ချောင်းဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရေဦးငါးလုပ်ငန်းစခန်းနှင့် ရွှေဘိုငါးလုပ်ငန်းစခန်းတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ယင်းမာပင်ခရိုင်၌ ဂရန်အင်းများအတွင်း ငါးမျိုးများ စိုက်ထည့်

**ယင်းမာပင် ဩဂုတ် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်အတွင်းရှိ ဂရန်အင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်နိုင်ရန်အတွက် ငါးမျိုးများလွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ယင်းမာပင်ငါးလုပ်ငန်းစခန်း၌ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဂရန်အင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေး ယင်းမာပင် ငါးလုပ်ငန်းစခန်းမှရရှိသော ငါးသားပေါက်များကို အင်းသားကြီးများထံသို့ပေးအပ်ရာ ယင်းမာပင်ခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်၊ ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဥမ္မာသက်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများမှ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**အင်း ၁၆ အင်းတွင် စိုက်ထည့်**

ယင်းနောက် ယင်းမာပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာဥမ္မာသက်နှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ယင်းမာပင်ငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများက အင်းများအတွင်း ငါးသားပေါက်များကို စိုက်ထည့်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ငါးသားပေါက်များကို အင်းများအတွင်း စိုက်ထည့်ခြင်းများဆောင်ရွက်ရာတွင် ကနီမြို့နယ်ရှိ အင်းကိုးအင်းတွင် ငါးသားပေါက်ကောင်ရေ ၂၃၅၄၀၀၊ ယင်းမာပင်မြို့နယ်ရှိ အင်းလေးအင်းတွင် ငါးသားပေါက်ကောင်ရေ ၁၆၁၅၀ နှင့် ဆားလင်းကြီးမြို့နယ်ရှိ အင်းသုံးအင်းတွင် ငါးသားပေါက်ကောင်ရေ ၆၂၂၀ စုစုပေါင်း အင်း ၁၆ အင်းတွင် ငါးသားပေါက်ကောင်ရေ ၂၅၇၇၇၀ တို့ကို စိုက်ထည့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မိတ္ထီလာမြို့နယ်နှင့် မန္တလေးခရိုင်ရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးမှု ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မွေကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သော နိုင်ငံသား စိစစ်ရေးကတ်ပြားပေးအပ်ပွဲသို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မွေကျေးရွာအုပ်စုအတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် မှတ်တမ်းမှတ်ရာ၊ စာရွက်စာတမ်းများ ဖြည့်သွင်း ပြုစုဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



### ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ကနောင်စက်မှုခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများကို လုပ်ငန်းလိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါခန်းမ၌ ကျင်းပသည့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူများအတွက် သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် လက်ရှိနိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ မိမိတို့ဌာနအနေဖြင့် ပြည်သူတို့၏ အဓိကလိုအပ်ချက်ဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးများ၌ ဆောင်ရွက်ပေးနေသည့်အပြင် သစ္စာစီမံချက်ရေးဆွဲကာ စက်ရုံအလုပ်ရုံ၊ စက်မှုဇုန်များ၊ စာသင်ကျောင်းများ၊ ရပ်ကွက်/ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးနေစဉ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကွင်းဆင်းဆောင်ရွက်ပေးရန် ကန့်သတ်ချက်များရှိသဖြင့် ရုံးများ၌သာ ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ ယခုအခါ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးပိုင်ခွင့် ရရှိစေရေးအတွက် မိမိတို့ဌာနအပါအဝင် ဆက်စပ်ဌာနအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မဲစာရင်းတွင် ပါဝင်သူများကို ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုး ရရှိထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မှတ်ပုံတင်ကတ်ပြား တစ်မျိုးမျိုးမရှိသော်လည်း မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများက စီမံဆောင်ရွက်ထားရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း ယခုကာလအတွင်း သစ္စာစီမံချက်ဖြင့် ရုံးပိတ်ရက်များပါမကျန် ကွင်းဆင်းဆောင်ရွက်ပေးနေမှုအပေါ် ဆက်စပ်ဌာနများနှင့်ပြည်သူအားလုံးက ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်း အမြစ်ဝန်ကြီး ဦးအောင်ကြည်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာမြို့နယ်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူတစ်ဦးချင်းထံ ပေးအပ်ကြသည်။ ယင်းနောက် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိသူပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့တွင် မိတ္ထီလာမြို့နယ် မွေကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၁၁၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ဒေသခံပြည်သူ ၂၅၃၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး မြို့တော်ခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြောင်းလဲရေးကို အလေးထားဆောင်ရွက်နေသကဲ့သို့ ဝန်ဆောင်မှုပေးရသည့်ဌာနဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြု၍ ပြည်သူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဌာန၏ မူဝါဒရည်မှန်းချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြရသော်လည်း ရုံးတွင် ဆောင်ရွက်ရသည့် သမ္မာဇဉ်လုပ်ငန်းများ မကျန်ရှိစေရေးအတွက်လည်း စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာန၏လုပ်ငန်းသဘောသဘာဝအရ စနစ်တကျ စိစစ်ဆောင်ရွက်ရသဖြင့် အချိန်အတိုင်းအတာတစ်ခုထိ ကြန့်ကြာမှုများရှိမှုအပေါ် ပြည်သူများသိရှိနားလည်စေရေးအတွက် ရှင်းလင်းချပြကြရန်လိုကြောင်း။

မဲစာရင်းတိကျမှန်ကန်စေရေးနှင့် မဲစာရင်းတွင် ပါရှိသူများအား ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ကတ်ပြားတစ်မျိုးမျိုးရရှိစေရေးအတွက် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုအခါ ဝန်ထမ်းများသည် ရုံးပိတ်ရက်များတွင် အနားမယူဘဲ ကွင်းဆင်းဆောင်ရွက်ပေးမှုများကို အသိအမှတ်ပြုပါကြောင်း၊ အခြားတိုင်းဒေသကြီး / ပြည်နယ်များမှ ဝန်ထမ်းများသည်လည်း ယခုကဲ့သို့လုပ်ငန်းများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်နေကြပါကြောင်း ဝန်ထမ်းများအနေဖြင့် ပြောင်းလဲနေသော ခေတ်စနစ်ကို မျက်ခြည်ပြတ်မခံဘဲ လုပ်ငန်းဆောင်ရွက်ချက်တိုင်းကို ပွင့်လင်းမြင်သာမှု၊ အဂတိကင်းရှင်းမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ထမ်းတစ်ဦးချင်း၏ ပြုမူဆောင်ရွက်ချက်များသည် ဌာန၏ပုံရိပ်ဖြစ်သည်နှင့်အညီ ကောင်းမြတ်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ယဉ်ဦးက မဲစာရင်းထုတ်ပြန်ရာတွင် ကိုင်ဆောင်သင့်သည့်ကတ်ပြားအမှတ်များ ဖြည့်သွင်းရန်ကျန်ရှိမှုအပေါ် ပြန်လည်ဖြည့်သွင်းဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မဲစာရင်းတိကျမှန်ကန်စေရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ကာ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၃**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းသည် ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်-ပုသိမ်လမ်း (ရန်ကုန်-ဗိုလ်မြတ်ထွန်းတံတားအပိုင်း) ၃၆မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မိုင်(၂၆/၅) ရှိ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်က လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း လျာထားချက်နှင့် ပြီးစီးမှု၊ လက်ရှိတံတားများကို လေးလမ်းသွားတံတားများအဖြစ် တိုးချဲ့နေမှု၊ ရေနှင့်ထိစပ်နေသော လမ်းအပိုင်းများတွင် Slop Protection ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ရန်ကုန်-ပုသိမ်လမ်း၊ ငရုတ်ကောင်း-ငွေဆောင်-ချောင်းသာ လမ်းနှင့် ပတ်သက်၍ ရန်ကုန်-ပုသိမ်လမ်းကို လမ်းကြောင်းသုံးခုရှိကြောင်း၊ လမ်းအမှတ်(၁)မှာ ရန်ကုန်-ဆားမလောက်-ပုသိမ်လမ်း၊ လမ်းအမှတ်(၂)မှာ ရန်ကုန်-ကော့မှူး-ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်ကျွန်း-ဝါးခယ်မ-ပုသိမ် လမ်းဖြစ်ပြီး ၎င်းလမ်းပေါ်ရှိ တည်ဆောက်ဆဲတံတားများ၏ ပြီးစီးမှုနှင့် လမ်းအမှတ်(၃)မှာ ရန်ကုန်-တွံတေး-မအူပင်-ရေလဲကလေး-ရွှေလောင်း-ကျွန်းကုန်း-ပုသိမ်လမ်း စသည်ဖြင့် လမ်းသုံးလမ်း အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက လမ်းအမှတ်(၁)သည် လက်ရှိ အသုံးပြုလျက်ရှိပြီး လမ်းအမှတ်(၂)သည် မကြာခင် အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ လမ်းအမှတ်(၃)သည် ရေလဲကလေးနှင့် ရွှေလောင်းအပိုင်းတွင် ကျန်ရှိနေသေး၍ လမ်းအူကြောင်းနှင့် လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သွားကြရန်နှင့် လက်ရှိ ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ရာ၌ Slop Protection အတွက် Sheet Pile ရိုက်ရမည့်Design များ၊ Road Furniture များ၊ Road Safety လုပ်ငန်းများနှင့် ပတ်သက်၍ ပုံစံများ အဆုံးအဖြတ်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်(၃၀/၃) အနီးတွင် ရေထိစပ်နေသောအပိုင်းကို Silence Piler ဖြင့် Sheet Pile ရိုက်သွင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး Design အတိုင်း ဆောင်ရွက်နိုင်ရန် မှာကြားသည်။

ရန်ကုန်-ပုသိမ်လမ်း မိုင် (၅/၄) မှ (၄၁/၄) အထိ ၃၆ မိုင်အား ၃၆ ပေအကျယ်နှင့် ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းဖြင့် အဆင့်မြှင့်တင်ရာတွင် အပြီးသတ်လုပ်ငန်းများနှင့် Road Safety အတွက် Road Furniture လုပ်ငန်းများသာကျန်ပြီး လမ်းလုပ်ငန်းမှာ ၉၈ ရာခိုင်နှုန်းပြီးစီးကာ ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာအသုံးပြုလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မုဒုံမြို့နယ်၌ ပညာသင်ထောက်ပံ့ကြေးပေးအပ်

**မုဒုံ ဩဂုတ် ၂၃**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည့် အသင်းသားများ၏ သားသမီးများအား ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အသင်းရုံး၌ ကျင်းပရာ မုဒုံမြို့နယ် သမဝါယမဦးစီးအရာရှိ၊ ဒုတိယမြို့နယ် ပညာရေးမှူး၊ အသင်းဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

### ဆုများပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့အား မြို့နယ်တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး ကျောင်းသား ကျောင်းသူများကိုယ်စား မမေသူသူကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ဆောင်ရွက်လျက်ရှိသည့် CERP လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**နေပြည်တော် သြဂုတ် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီတွင် ပြည်မြို့ ဖုမ္မသိမ်ကျေးရွာ၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)အရ ဆောင်ရွက်သည့် Cash For Work စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့နယ်အတွင်း၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP) အရ ဆောင်ရွက်သည့် မိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ပြည်ခရိုင်တွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)အရ မိုးစပါး မျိုးစေ့ထုတ် ဧကစုစုပေါင်း ၉၈၂၄ ဒသမ ၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ပြီး ထောက်ပံ့ငွေကျပ် ၁၄၅၉၄၇၈၂၅၀ ပေးအပ်မည်ဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်မြို့နယ် ဇီးအုပ်ကျေးရွာရှိ စိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြု လေ့လာရေးစခန်းတွင် သင်တန်းတက်ရောက်လျက်ရှိသော တောင်သူလယ်သမားကိုယ်စားလှယ် သင်တန်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိအစိုးရကာလအတွင်း ဖြေရှင်းဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ မြေယာပြဿနာများနှင့် လယ်ယာမြေဥပဒေဆိုင်ရာများကိုလည်းကောင်း၊ တောင်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်မှု၊ ဌာနဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ဆက်ဆံရေး၊ မြေယာပြဿနာ ဖြေရှင်းဆောင်ရွက်ရေးတို့ကို တောင်သူများကိုယ်တိုင် ဦးဆောင်ဦးရွက်ပြုနိုင်ကြစေရန် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ တောင်သူလယ်သမားအသင်းအစုအဖွဲ့များ ဖွဲ့စည်းရေးအတွက် တောင်သူလယ်သမားအဖွဲ့အစည်းဆိုင်ရာ ဥပဒေရေးဆွဲနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က CERP စီမံကိန်းအရ မိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းအတွက် ထောက်ပံ့ငွေနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းခန်းမဆောင်သစ် တည်ဆောက်နေမှုနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး ပေါင်းစည်းလယ်ယာစနစ်တို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

**ကျပ်သန်း ၂၂၀ ထုတ်ချေးပြီး**

ပြည်မြို့နယ်တွင် Cash For Work စီမံကိန်း ကိုးရွာ၌ လုပ်ငန်းခွဲပေါင်း ၂၅ ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းအသုံးစရိတ် ၃၇ ရာခိုင်နှုန်းကို လုပ်ငန်းသုံးပစ္စည်းနှင့် ၆၃ ရာခိုင်နှုန်းကို လုပ်သားခအဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ အလားတူ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ကို ကျေးရွာ ရှစ်ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးလုပ်ငန်း ၄၈၂ ခု၊ မွေးမြူရေးလုပ်ငန်း ၅၉ ခု၊ အရောင်းအဝယ်လုပ်ငန်း ၁၃၃ ခု၊ သက်မွေးလုပ်ငန်း ၁၀ ခု စုစုပေါင်း လုပ်ငန်း ၆၈၄ ခုကို အရင်းအနှီး ငွေကျပ်သန်း ၂၂၀ ထုတ်ချေးပေးပြီးဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၌ Cash For Work စီမံကိန်းကို မြို့နယ် ၂၈ မြို့နယ်ရှိ ကျေးရွာ ၂၅၀ ၌ လုပ်ငန်းခွဲပေါင်း ၆၄၇ ခုကို ငွေကျပ်သန်း ၂၅၀၀ အသုံးပြုကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျေးရွာပေါင်း ၂၂၀ ၌ ငွေကျပ်သန်း ၅၉၀၀ အသုံးပြု၍ VRFP စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အလားတူ CERP အရ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူ ၁၉၄၇ ဦး၏ ငါးမွေးကန် ၁၉၄၇၈ ဒသမ ၆၉ ဧကအတွက် ငွေကျပ် ၇၇၉ သန်းကျော် အသုံးပြု၍ ငါးသားပေါက်များ ထောက်ပံ့ပေးလျက်ရှိသည်။

**အားပေးစကားပြောကြား**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဋ္ဌေးနှင့်အတူ အောင်လံမြို့နယ် လက်ပန်ကန်ကျေးရွာသို့ ရောက်ရှိကြပြီး Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်ထားသော မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း၊ လုပ်အားခငွေများ လက်ငင်းပေးချေနေမှု၊ မအူခုံကျေးရွာတွင် Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် ကျေးရွာကျောက်ချောလမ်းခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသနေပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာ၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ စိုက်ပျိုးထားရှိသည့် မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း(**အပေါ်ပုံ**) နှင့် ကုန်ထုတ်လမ်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဝက္ကသေးကျေးရွာရှိ မွေးမြူရေးတောင်သူများအား တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းကို ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချပေးနေမှုကို ကြည့်ရှုအားပေးသည်။

မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်ပေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဇွန်လမှ စက်တင်ဘာလအတွင်း တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုသင်တန်း၊ မေထုန်မဲ့သားစပ်သင်တန်းနှင့် မွေးမြူထုတ်လုပ်မှုသင်တန်းများကို ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)အရ ငွေကျပ်သန်း ၁၄၄၀ အသုံးပြု၍ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုရှိ မြို့နယ် ၁၀၀ ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**တိုက်တွန်းပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာရပ်မိရပ်ဖများ၊ ငါးမွေးတောင်သူများ၊ သိုး၊ ဆိတ်၊ နွားမွေးမြူရေးလုပ်ကိုင်သူများနှင့်တွေ့ဆုံစဉ် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရာတွင် ပြည်တွင်းစားသုံးမှုအတွက်သာမက နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးအတွက် GAqP၊ GAHP ကျင့်စဉ်များကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP)အရ မိုးစပါး မျိုးစေ့ထုတ်စိုက်တောင်သူများအတွက် ထောက်ပံ့ငွေများနှင့် ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များနှင့် မိသားစုအိမ်ခြံဝင်း ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးကြရန် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# UEHRD ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် UEHRD Healthcare Task Force က ပါဝင်ကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် သြဂုတ် ၂၃**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေးဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်အတွက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် UEHRD Healthcare Task Force က ပါဝင်ကူညီနိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက Video Conferencing စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ UEHRD ကော်မတီဒုတိယဥက္ကဋ္ဌ(၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးတိုးအောင်နှင့် ဦးညီငြိမ်းအေး၊ UEHRD ၏ Healthcare Task Force အဖွဲ့ဝင်များ၊ UEHRD ရုံးအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။



ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက UEHRD ပြည်ထောင်စုစီမံကိန်းသည် ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများကြောင့် ဘေးအန္တရာယ်ခံစားရသူများအတွက် ဖော်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ UEHRD လုပ်ငန်းစဉ်များတွင်ပါဝင်သော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို ရေရှည်လုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ရခိုင်ပြည်နယ်အတွင်း စတင်ပြန့်ပွားမှုဖြစ်ပွားနေစဉ်တွင် ကိုဗစ်-၁၉ ဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းစဉ်အရ လိုအပ်ချက်များ ရှိလာပါကြောင်း၊ UEHRD ၏ Healthcare Task Force အနေဖြင့် အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကူညီဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေနှင့် လိုအပ်ချက်များအရ UEHRD Healthcare Task Force က ကျန်းမာရေး စောင့်ရှောက်မှုများအတွက် လိုအပ်သော ဆေးရုံခုတင်များ၊ အင်အားတိုးချဲ့ဆောင်ရွက်ရမည့် ကျန်းမာရေးဝန်ထမ်းများအတွက်လိုအပ်သော ပံ့ပိုးကူညီမှုများ၊ အဘက်ဘက်က ပါဝင်ပူးပေါင်းကူညီကြမည့် စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပြီး ထိရောက်စွာ ပူးပေါင်းကူညီကြရန် ဖြစ်ကြောင်း၊ ထို့အပြင် UEHRD ၏ အခြားသော Task Forces များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပေးကြရန် ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက UEHRD အနေဖြင့် လက်ရှိ ရခိုင်ပြည်နယ်၏ ပကတိအခြေအနေများကိုသိရှိပြီး ဆောင်ရွက်နိုင်ရန် သတင်းရယူညှိနှိုင်းပေးမည့် တာဝန်ခံ သတ်မှတ်ခြင်း၊ အမြန်အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းအစီအစဉ်များ သတ်မှတ်ခြင်း၊ ဘဏ္ဍာငွေကြေးဆိုင်ရာ ကိစ္စများကို UEHRD Healthcare Task Force က သီးခြားဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် အမြန်ဆုံးကူညီပံ့ပိုးမည့် အစီအစဉ်များ ဆွေးနွေးခြင်း၊ ရခိုင်ပြည်နယ် လူငယ့်ရေးရာ ကော်မတီဝင်များနှင့် ဆွေးနွေးရန်ကိစ္စညှိနှိုင်းခြင်း၊ အသင့်ရှိပြီးဖြစ်သော သင်တန်းဆင်း စေတနာ့ဝန်ထမ်းများအား ပြန်လည်စုစည်းခြင်းနှင့် အင်အားတိုးချဲ့ပြီး သင်တန်းများ ထပ်မံပို့ချရန်စီစဉ်ခြင်း ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ ဆွေးနွေးဆုံးဖြတ်ချက်များကို UEHRD ၏ Healthcare Task Force က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်နယ်အစိုးရဌာနဆိုင်ရာများနှင့် အမြန်ဆုံးပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်-မြန်မာ ချစ်ကြည်ရေး တိုးတက်မှုကို ရည်ရွယ်သည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Motegi ၏ သတင်းစကား

ယနေ့တွင် ကျွန်တော်သည် ဂျပန်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဦးဆုံးအကြိမ် အလည်အပတ် လာရောက်လျက်ရှိပါသည်။ ကျွန်တော်သည် ယခုခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံသို့ သုံးကြိမ်တိုင်တိုင် လာရောက်လည်ပတ်ခဲ့ဖူးပြီး ၂၀၁၄ ခုနှစ် ခရီးစဉ်နောက်ပိုင်း ပထမဦးဆုံး လာရောက်ခြင်းဖြစ်သည့် ယခုခရီးစဉ်တွင် မြန်မာနိုင်ငံ၏ သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရတော့မည် ဖြစ်သည့်အတွက် အထူးဝမ်းမြောက်စွာ မျှော်လင့်စောင့်စားလျက်ရှိပါသည်။

**အခြေခံအကြောင်းတရား ဖြစ်လာ**

ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်ကြီးနောက်ပိုင်းတွင် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အပြောင်းအလဲမရှိဘဲ ထိန်းသိမ်းလာခဲ့ကြပါသည်။ အထူးသဖြင့် စစ်ကြီးပြီးခါစ စားနပ်ရိက္ခာအကျပ်အတည်းနှင့် ကြုံတွေ့ခဲ့ရသည့်ကာလတွင် မြန်မာနိုင်ငံမှ ဆန်အမြောက်အမြားကို ပေးပို့ခဲ့သည့် ကျေးဇူးတရားကို မည်သည့်အခါမျှ မေ့ပျောက်နိုင်မည် မဟုတ်ပါ။ မြန်မာနိုင်ငံသည် အာဆီယံနှင့် မဲခေါင်နိုင်ငံများထဲတွင် အဓိကအရေးပါသော အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား နှစ်ပေါင်းရှည်ကြာစွာ ချစ်ခင်ရင်းနှီးခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေးသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုဆက်ဆံရေးတွင်လည်း အလွှာစုံ အပြန်အလှန်ဆက်ဆံရေးကို တည်ဆောက်ရာတွင် အခြေခံအကြောင်းတရား ဖြစ်လာခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ယခုလက်ရှိ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းစဉ်များကို ရှေ့ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဂျပန်နိုင်ငံအတွက် အရေးကြီးသည့် မိတ်ဆွေနိုင်ငံဖြစ်သော မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံအနေဖြင့်လည်း အစွမ်းကုန် ကူညီထောက်ပံ့လျက်ရှိပါသည်။ ပထမဦးဆုံး ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးခြင်းမှတစ်ဆင့် မြန်မာနိုင်ငံသားများ၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ပံ့ပိုးကူညီလျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်တွင် ဂျပန်နှင့် မြန်မာနှစ်နိုင်ငံစလုံးက အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းမှုဖြင့် ဖွင့်လှစ်နိုင်ခဲ့သည့် သီလဝါ အထူးစီးပွားရေးဇုန်သည် ကုမ္ပဏီပေါင်း ၁၁၃ ခု၊ ဝန်ထမ်းပေါင်း ၁၂၄၀၀ အတွက် အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ခဲ့ပြီး ကြီးမားသည့် အောင်မြင်မှုကို ရရှိလျက်ရှိပါသည်။ ထို့ပြင် သီလဝါအထူးစီးပွားရေးဇုန်၏ နောက်ဆက်တွဲ အကျိုးကျေးဇူး အသီးအပွင့်များအဖြစ် ပိုမိုကျယ်ပြန့်စွာ ကူးလူးသွားလာနိုင်စေရန် အရှေ့အနောက် စီးပွားရေးစင်္ကြံ၊ ရန်ကုန်-မန္တလေးရထားလမ်း စသည့် အခြားဒေသကြီးများနှင့် ချိတ်ဆက်မှု ခိုင်မာအားကောင်းစေရေးအတွက် လုပ်ငန်းစဉ်များကိုလည်း ရှေ့ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အခြေခံအဆောက်အအုံများသာမက ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ အုပ်ချုပ်ရေး စွမ်းရည်မြှင့်တင်ရေး စသည့် ကဏ္ဍအသီးသီးတွင်လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ၏ အနာဂတ်ကို မျှော်လင့်ထားကြသော ဂျပန်ကုမ္ပဏီများ၏ “တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု”ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် ဤကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများကို နောက်ပိုင်းတွင်းလည်း ဆက်လက်လုပ်ဆောင်သွားလိုပါသည်။



ဂျပန်နိုင်ငံခြားရေးဝန်ကြီး Mr. Motegi

- **အခြေခံအဆောက်အအုံများသာမက ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ အုပ်ချုပ်ရေး စွမ်းရည်မြှင့်တင်ရေး စသည့် ကဏ္ဍအသီးသီး တွင်လည်း ဆက်လက်ပူးပေါင်း ဆောင်ရွက် လျက်ရှိ**
- **မြန်မာနိုင်ငံ၏ အနာဂတ်ကို မျှော်လင့်ထားကြသော ဂျပန်ကုမ္ပဏီများ၏ “တာဝန်ယူမှုရှိသော ရင်းနှီး မြှုပ်နှံမှု”ကို တိုးမြှင့်ဆောင်ရွက်လျက်ရှိ**

**အစွမ်းကုန် ကူညီထောက်ပံ့သွားမည်**

ဂျပန်နိုင်ငံသည် ရခိုင်ပြည်နယ်အရေးကိုလည်း အထူးအလေးထားလျက်ရှိပါသည်။ ရခိုင်ပြည်နယ်အရေးသည် ရိုးရှင်းလွယ်ကူသည့် စိန်ခေါ်မှုမဟုတ်ကြောင်း ကောင်းစွာနားလည်ထားပြီး မြန်မာနိုင်ငံသားများ၏ ဉာဏ်အမြော်အမြင်ဖြင့် မြန်မာနိုင်ငံတွင် လူများအားလုံးအတူယှဉ်တွဲနေထိုင်ကြပြီး သာယာဝပြောသော လူ့အသိုက်အဝန်းကို ကျိန်းသေပေါက် အတူတကွ တည်ဆောက်နိုင်ကြလိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။ ထို့ပြင် နိုင်ငံတကာ လူ့အဖွဲ့အစည်းအနေဖြင့်လည်း မြန်မာနိုင်ငံကိုယ်တိုင်က လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များကို ထောက်ခံအားပေးသွားသင့်သည်ဟု အခိုင်အမာယုံကြည်ပါသည်။ အထူးသဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များနှင့်ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို အခြေခံပြီး မြန်မာအစိုးရ၊ မြန်မာတပ်မတော် နှစ်ဖက်စလုံးက ပွင့်လင်းမြင်သာမှုရှိသော ပုံစံမျိုးဖြင့် ဥပဒေကြောင်းအရ ဆောင်ရွက်ခြင်းကို တစ်ဆင့်ချင်း ပုံမှန်လုပ်ဆောင်သွားရင်း တစ်ပြိုင်တည်းမှာ နေရပ်စွန့်ခွာသူများ ပြန်လာနိုင်ရေးအတွက် ဝန်းကျင်ကောင်းဖန်တီးရေးကို အမြန်ဆုံးလုပ်ဆောင်သွားရန် အထူးမျှော်လင့်လျက်ရှိပါသည်။ ဂျပန်နိုင်ငံအနေဖြင့် လူ့အဖွဲ့အစည်းနှစ်ခုအကြား သဟဇာတဖြစ်ရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အမှန်တကယ် အကျိုးပြုနိုင်မည့် လုပ်ငန်းစဉ်များကို ဆက်လက်၍ အစွမ်းကုန် ကူညီထောက်ပံ့သွားမည်ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်ရေးသည်လည်း အရေးကြီးသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ ဂျပန်အစိုးရသည် ဂျပန်အစိုးရ၏ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် Mr. Sasakawa Yohei ကို ဦးဆောင်စေပြီး ငြိမ်းချမ်းရေးကိုယ်စားလှယ်များအကြား ငြိမ်းချမ်းရေးစကားဝိုင်းများကို တိုးမြှင့်လုပ်ဆောင်သွားရင်း ဂျပန်နိုင်ငံ၏ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ရေတွင်းများ၊ လျှပ်စစ်ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေးနည်းပညာများ သင်ကြားပြသခြင်းများမှတစ်ဆင့် ဒေသခံပြည်သူများ၏ လူမှုဘဝ တိုးတက်မြင့်မားရေးအတွက် အထောက်အပံ့များ ပေးအပ်လျက်ရှိပါသည်။ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် Nippon Foundation မှတစ်ဆင့် တည်ဆောက်ခဲ့သည့် အိမ်ခြေ ၂၃၅၀ ရှိသော လူနေအိမ်ရာများတွင် ဒေသခံပြည်သူဦးရေ စုစုပေါင်း တစ်သောင်း ပြန်လည်အခြေချ နေထိုင်လျက်ရှိပါသည်။ ထို့ပြင် ယခုနောက်ပိုင်း ကချင်ပြည်နယ်တွင်လည်း နေရပ်စွန့်ခွာသူများကို ပြန်လည်နေရာချထားနိုင်ရေးအတွက် ကူညီထောက်ပံ့လျက်ရှိပါသည်။ တိုင်းရင်းသားလူမျိုးစုများနှင့် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော် လုပ်ဆောင်ရင်း အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိသည့် မြန်မာအစိုးရ၏ ရည်မှန်းချက်ကို အားပေးကူညီသွားခြင်းသည် ဂျပန်အစိုးရ၏ အခြေခံမူဝါဒတစ်ရပ်ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ အထောက်အပံ့သည် မြန်မာနိုင်ငံသားအားလုံး၏ လူနေမှုအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာရေးအတွက် အထောက်အကူဖြစ်စေရန် အထူးမျှော်လင့်ပါသည်။

**ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်မည်**

ယခုအခါ နိုင်ငံတကာအသိုက်အဝန်းမှာ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကမ္ဘာတစ်ဝန်းလုံး ကူးစက်ပြန့်ပွားမှုဆိုသည့် ယခင်က တွေ့ကြုံခဲ့ဖူးခြင်းမရှိသော စိန်ခေါ်မှုကြီးကို ရင်ဆိုင်ကြုံတွေ့နေရပါသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ အစိုးရနှင့် ပြည်သူများ၏ စည်းလုံးညီညွတ်မှုကြောင့် နိုင်ငံတွင်းကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်သည့်အတွက် ချီးကျူးလိုပါသည်။ တစ်ဖက်မှာလည်း ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး ကျဆင်းမှုများနှင့် နိုင်ငံများအချင်းချင်း အပြန်အလှန် ကူးလူးသွားလာမှုများ ရပ်ဆိုင်းခဲ့ရသည့် အကျိုးဆက်များသည် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအပေါ်တွင်လည်း အလွန်ကြီးမားစွာ ရိုက်ခတ်မည်မှာ မလွဲကေန် ဖြစ်ပေသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ တတ်နိုင်သမျှ အမြန်ဆုံး လျော့ကျသွားစေရေးအတွက် နိုင်ငံတကာ အသိုက်အဝန်း၏ လုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံက ဦးဆောင်ဦးရွက်ပြုကာ ကျန်းမာရေးနှင့် ဆေးကုသမှုစနစ်တွင် လိုအပ်ချက်ရှိသောနိုင်ငံများကို ကူညီထောက်ပံ့လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ယခုအချိန်အထိ နှစ်နိုင်ငံအကြားနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော် တန်ဖိုးရှိသော နည်းပညာအကူအညီများနှင့် ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းကိရိယာ အထောက်အပံ့များကို ပေးအပ်ခဲ့သည့်အပြင် စီးပွားရေး အကျပ်အတည်းများကို ဖြေရှင်းရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၄၁၀ ခန့်တန်ဖိုးရှိသော အထောက်အပံ့များကို ပေးအပ်သွားမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံမှ အလုပ်သင် အလုပ်သမားနှင့် ပညာတော်သင် ကျောင်းသားအများအပြားသည် ဂျပန်နိုင်ငံသို့ သွားရောက်ရန် စောင့်ဆိုင်းလျက်ရှိကြကြောင်းကိုလည်း ကျွန်တော် ကောင်းစွာ သိရှိထားပါသည်။ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ပြန့်ပွားမှုကို တားဆီးကာကွယ်နိုင်ပြီး နှစ်နိုင်ငံစလုံးအတွက် အဆင်ပြေမည့်ပုံစံမျိုးဖြင့် အသွားအလာများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသည်။ ယခုကဲ့သို့ ယခင်ကမကြုံဖူးသော အခက်အခဲအကျပ်အတည်းကို ဂျပန်နှင့် မြန်မာ နှစ်နိုင်ငံစလုံးမှ နိုင်ငံသားများ အတူတကွ လက်တွဲလျက် ရင်ဆိုင်ကျော်လွှားနိုင်ပြီး ကိုဗစ်-၁၉ အလွန်ကာလများတွင် နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာလာကာ စီးပွားရေးအရ တိုးတက်အောင်မြင်မှုများ ပိုမိုရရှိနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထားပါသည်။

> **နိုင်ငံတကာ လူ့အဖွဲ့ အစည်း အနေဖြင့်လည်း မြန်မာနိုင်ငံ ကိုယ်တိုင်က လုပ်ဆောင် သွားရမည့် လုပ်ငန်းစဉ် များကို ထောက်ခံ အားပေးသွား သင့်သည်ဟု အခိုင်အမာ ယုံကြည်**

**အရေးကြီးသည့် မှတ်တိုင်တစ်ခု**

မြန်မာနိုင်ငံအနေဖြင့် ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲဆိုသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များထဲမှ အရေးကြီးသည့် မှတ်တိုင်တစ်ခုကို စိုက်ထူရန်ရှိပါသည်။ မြန်မာနိုင်ငံသားများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲကို ကျင်းပနိုင်လိမ့်မည်ဟု ခိုင်မာစွာ ယုံကြည်ထားပါသည်။ ဂျပန်နိုင်ငံက ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr. Sasakawa Yohei ဦးဆောင်သည့် ရွေးကောက်ပွဲ လေ့လာရေးအဖွဲ့ကို စေလွှတ်ပြီး အထွေထွေရွေးကောက်ပွဲကြီး အဆင်ပြေချောမွေ့စွာ ကျင်းပနေပုံများကို မြန်မာနိုင်ငံသားများနှင့်အတူ ဝိုင်းဝန်းလေ့လာ အားပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာတစ်နိုင်ငံလုံးရှိ မဲရုံများအားလုံးတွင် တစ်ကြိမ်ထက်ပို၍ မဲပေးခြင်းမှ ကာကွယ်နိုင်ရန်အတွက် အလွယ်တကူ ဖျက်ပစ်၍မရသည့် မင်ရည်များကို ထောက်ပံ့ပေးအပ်ခြင်းဖြင့် လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲကို ကျင်းပနိုင်ရန် ကူညီသွားမည်ဖြစ်ပါသည်။ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ စစ်မှန်သည့် မိတ်ဆွေရင်းချာအဖြစ် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းအားဖြင့် ဘက်ပေါင်းစုံမှ ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ပါသည်။

**(ဤဆောင်းပါးပါ ဖော်ပြချက်များသည် ဆောင်းပါးရှင် ဂျပန်နိုင်ငံခြားရေးဝန်ကြီး၏ အာဘော်သာ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ ဆေးသုတေသနဦးစီးဌာနက မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို လေ့လာသော သုတေသနဆောင်ရွက်ခဲ့မှုနှင့် ကာကွယ်ဆေးသုတေသနလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

**နေပြည်တော် ဩဂုတ် ၂၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ ဆေးသုတေသနဦးစီးဌာနက မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် SARS–CoV–2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို လေ့လာသော သုတေသနဆောင်ရွက်ခဲ့မှုနှင့် ကာကွယ်ဆေးသုတေသနလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန(ရန်ကုန်)၌ ကျင်းပသည်။

ရှေးဦးစွာ ဆေးသုတေသနဦးစီးဌာန ကာကွယ်ဆေးသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမော်ထွန်းက ဆေးသုတေသနဦးစီးဌာနတွင် ၁၉၉၀ ပြည့်နှစ်၌ သွေးရည်ကြည်မှ ထုတ်လုပ်သော အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့မှု၊ ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ CJ ကုမ္ပဏီ ကာကွယ်ဆေးစက်ရုံနှင့် ပူးပေါင်း၍ Recombinant Hepatitis B Vaccine ထုတ်လုပ်ရန် ဆောင်ရွက်ခဲ့မှု၊ လက်ရှိတွင် ကာကွယ်ဆေးနှင့်နီးနွယ်သော သုတေသနများ ဆောင်ရွက်နေမှုအခြေအနေများ၊ ကာကွယ်ဆေး ထုတ်လုပ်မည်ဆိုပါက လိုအပ်မည့်နည်းပညာ၊ အဆောက်အအုံနှင့် စက်ပစ္စည်းကိရိယာလိုအပ်ချက်များ၊ ကာကွယ်ဆေးထုတ်လုပ်ငန်းစဉ်တစ်ခုလုံးကို အစအဆုံးပြုလုပ်ရန် လိုအပ်ချက်များ၊ အခြားနိုင်ငံတွင် ထုတ်လုပ်ပြီး ကာကွယ်ဆေးကို ပုလင်းသွတ်ခြင်းနှင့် ထုပ်ပိုးခြင်းများပြုလုပ်ရန် လိုအပ်ချက်များ၊ ကုန်ကျငွေနှင့် အကျိုးသက်ရောက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ဇီဝသတင်းအချက်အလက်နည်းပညာဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြတ်ထွဋ်ညွန့်က မြန်မာနိုင်ငံတွင် တွေ့ရှိရသည့်



SARS–CoV–2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို လေ့လာသော သုတေသနဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ဆေးသုတေသနဦးစီးဌာနမှ သုတေသီများသည် ယခင်က ငှက်ဖျား၊ ဆေးယဉ်ပါးတီဘီနှင့် ဆေးယဉ်ပါး ဗက်တီးရီးယားများ၏ မျိုးဗီဇတစ်ခုလုံးအား စစ်ဆေးခဲ့မှုနည်းပညာနှင့် အတွေ့အကြုံများကို အခြေခံကာ မြန်မာနိုင်ငံတွင် တွေ့ရှိသည့် SARS–CoV–2 ပိုး၏ မျိုးဗီဇတစ်ခုလုံးကို စစ်ဆေးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် မေလကတည်းက ကြိုးစားဆောင်ရွက်ခဲ့မှု၊ နိုင်ငံတကာတွင် လေကြောင်းလိုင်းအကန့်အသတ်များကြောင့် ဓာတ်ခွဲပစ္စည်းများ ရရှိမှုနှောင့်နှေးခဲ့မှု၊ ဓာတ်ခွဲပစ္စည်းများရရှိသည်နှင့် ချက်ချင်းဆောင်ရွက်လေ့လာခဲ့ရာ ယခုလ ဒုတိယပတ်တွင် စစ်ဆေးပြီးစီးခဲ့မှု၊ SARS–CoV–2 ၏ မျိုးဗီဇတစ်ခုလုံးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ကာ နိုင်ငံတကာအသိအမှတ်ပြု (US NCBI/NIH) database တွင် တင်သွင်းပြီး အတည်ပြုစိစစ်မှုခံယူခဲ့မှု၊ ဓာတ်ခွဲစစ်ဆေးသည့် နမူနာ ၁၀ ခုအနက် ခြောက်ခုတွင် D614G ဗီဇပြောင်းလဲမှုကို တွေ့ရှိရမှု၊ ထိုသို့ပြောင်းလဲမှုကြောင့် ရောဂါကူးစက်စေနိုင်မှု ၁၀ ဆအထိ ပိုမိုများပြားစေနိုင်မှု၊ ယခုလက်ရှိတွင် ကိုဗစ်–၁၉ ကူးစက်မှုမြင့်မားနေသည့် အိန္ဒိယနိုင်ငံနှင့် ကိုဗစ်–၁၉ ကူးစက်မှု ဒုတိယလှိုင်းဖြစ်ပေါ်နေသည့် နိုင်ငံများတွင်လည်း G614 ဗီဇပြောင်းလဲသည့် ပိုးများ တွေ့ရှိနေရမှု၊ ရခိုင်ပြည်နယ် စစ်တွေမြို့မှ ကောက်ယူထားသည့် ပိုးတွေ့ဓာတ်ခွဲနမူနာများကို အခြားဓာတ်ခွဲနမူနာများနှင့်အတူ Next Generation Sequencing (NGS) ဖြင့် မျိုးဗီဇတစ်ခုလုံးကို ထပ်မံစစ်ဆေးသွားရန် ဆောင်ရွက်နေမှု၊ ဗီဇပြောင်းမျိုးဗီဇကို အမြန်စစ်ဆေးနိုင်မည့် ဗီဇစစ်ဆေးနည်းကို စတင်ဆောင်ရွက်ကာ မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် SARS–CoV–2 ဗိုင်းရပ်စ်ပိုးကို မော်လီကျူးနည်းပညာဖြင့် စောင့်ကြည့်လေ့လာခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားလိုမှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ နည်းပညာမြင့်မားသည့် မျိုးဗီဇတစ်ခုလုံး စစ်ဆေးခြင်းကို နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကိုဗစ်–၁၉ ကို ဖြစ်ပွားစေသည့် SARS–CoV–2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို စစ်ဆေးနိုင်သည့်အတွက် ရောဂါကူးစက်ပျံ့နှံ့မှုပုံသဏ္ဌာန်၊ အခြားနိုင်ငံများတွင် ဖြစ်ပွားသည့် ရောဂါပိုးနှင့် တူညီမှု ရှိ၊ မရှိနှင့် ရောဂါပြင်းထန်စေနိုင်မှု ပမာဏတို့ကို သိရှိနိုင်ကာ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ဗီဇပြောင်းမျိုးဗီဇကို အမြန်စစ်ဆေးနိုင်မည့် ဗီဇစစ်ဆေးနည်းကို စတင်ဆောင်ရွက်မည်မှာ ကောင်းမွန်ပါကြောင်း၊ ဆေးသုတေသနဦးစီးဌာနအနေဖြင့် နိုင်ငံတကာသုတေသန အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ သုတေသနများ ဆက်လက်လုပ်ဆောင်သွားစေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် နှစ်စဉ် ကာကွယ်ဆေးအမြောက်အမြား ဝယ်ယူအသုံးပြုနေရပါကြောင်း၊ ထိုသို့ဝယ်ယူရာတွင် ယခုအခါ၌ Gavi, the vaccine alliance အဖွဲ့မှ ပံ့ပိုးမှုများရှိနေသော်လည်း အဆိုပါ အထောက်အပံ့များ မရှိတော့ပါက ကုန်ကျစရိတ်များစွာ သုံးစွဲရမည်ဖြစ်သဖြင့် ကာကွယ်ဆေးအမျိုးမျိုးကို မိမိတို့နိုင်ငံတွင် ကိုယ်တိုင်ထုတ်လုပ်ခြင်း (သို့မဟုတ်) အခြားနိုင်ငံတွင် ထုတ်လုပ်ပြီး ကာကွယ်ဆေးကို ပုလင်းသွတ်ခြင်းနှင့် ထုပ်ပိုးခြင်းများ လုပ်ဆောင်နိုင်ပါက ကုန်ကျစရိတ်များစွာ သက်သာကာ ဘဏ္ဍာငွေများကို အခြားကဏ္ဍများတွင် ပိုမိုသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင်ပြုလုပ်သော ကာကွယ်ဆေးနှင့်ပတ်သက်သော အတတ်ပညာရပ်ဆွေးနွေးပွဲများ၊ သင်တန်းများသို့ ဆေးသုတေသနဦးစီးဌာနမှ ပညာရှင်များအား ဦးစားပေးစေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကျောက်တံခါးနှင့် ညောင်လေးပင်မြို့နယ်တို့ရှိ ထိခိုက်လွယ်အုပ်စုများအား ထောက်ပံ့ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထောက်ပံ့ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၃**

အစိုးရ၏ ကိုဗစ်–၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး စီမံချက်အရ ထိခိုက်လွယ်အုပ်စုများအား ငွေကြေးအကူအညီပေးခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်သည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကျောက်တံခါးမြို့နယ် စီမံကိန်းဦးစီးရုံး အစည်းအဝေးခန်းမ၌ မသန်စွမ်းသူများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အစိုးရ၏ ကိုဗစ်–၁၉ စီးပွားရေး ထိခိုက်မှုသက်သာရေး အစီအစဉ် (CERP) အရ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအား ထောက်ပံ့ခြင်းကို မိမိတို့ဝန်ကြီးဌာနက တာဝန်ယူ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ကာလ မပြီးသေးသည့်အတွက် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းများကို အစိုးရက အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရ၏ ညွှန်ကြားချက်များ၊ ထုတ်ပြန်ထားသော စည်းကမ်းချက်များကို ဂရုတစိုက် အလေးထားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ကို ပုံမှန်ထောက်ပံ့ပေးပါကြောင်း၊ မသန်စွမ်းသူများအတွက်လည်း ကနဦးတစ်ကြိမ် ထောက်ပံ့ပြီးဖြစ်ကြောင်း။

ယခုအခါ CERP အစီအစဉ်အရ အသက် ၈၀ နှင့်အထက် ၈၅ နှစ်အောက် ဘိုးဘွားများအား တစ်ကြိမ် ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ကာလအတွင်း ထပ်မံရရှိသော စာရင်းများအရ မသန်စွမ်းသူများအား တစ်ကြိမ် ထောက်ပံ့မည်ဖြစ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ခြင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုတွင် ဆောင်ရွက်လျက်ရှိရာ ထိုအစီအစဉ်တွင် အကျုံးမဝင်သည့် ကိုယ်ဝန်ဆောင်မိခင်များအတွက် "ငွေဗိုက်" application ဖြင့် စာရင်းကောက်ယူပြီး ထောက်ပံ့မှု တစ်ကြိမ်ပေးမည်ဖြစ်ကြောင်း၊ လူသားစွမ်းရည်အရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး ရည်ရွယ်၍ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဖြင့် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုစီမံချက်အရ ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်အတွင်းရှိ အသက်သုံးနှစ်အောက် ကလေးငယ်များ ပုံမှန်ဖွံ့ဖြိုးမှု ရှိ၊ မရှိ ဆန်းစစ်ခြင်းနှင့် မသန်စွမ်းမှု ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းကို ဝန်ကြီးဌာန၏ ဘာသာရပ်ကျွမ်းကျင်ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာအရောက် အဖွဲ့ဖြင့် လိုက်လံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆန်းစစ်မှုများအရ အချိန်မီ ပြုစုကုသရန် လိုအပ်သော ကလေးငယ်များအား သက်ဆိုင်ရာ ကျန်းမာရေးဌာနများသို့ ချိတ်ဆက် ညွှန်းပို့ပေးမည်ဖြစ်ကြောင်းနှင့် ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျောက်တံခါးမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၃၂၃ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၉၆၉၀၀၀၀၊ ကျောက်တံခါးမြို့နယ် ကျေးရိုးကျေးရွာအုပ်စု သူဌေးကုန်း – ကင်းရွာ–ရမ်းတိုလာ တံတားလမ်း ဂဝံလမ်းခင်းခြင်းဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ထောက်ပံ့ငွေကျပ် ၅၆ ဒသမ ၃၉ သန်း၊ ဖြူးစုကျေးရွာအုပ်စုအတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကျန်စစ်သား–ခလောင်လမ်း ပြုပြင်ရန်အတွက် ငွေကျပ် ၁၀ သိန်း၊ သူဌေးကုန်း–ဟာရီဘန်း ကျေးရွာချင်းဆက်လမ်း ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၅၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ ပေးအပ်သည်။



ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့တွင် ဆောင်ရွက်မည့် အသက်သုံးနှစ်အောက် ကလေးများ ပုံမှန်ဖွံ့ဖြိုးမှု ဆန်းစစ်ခြင်းနှင့် မသန်စွမ်းဖြစ်မှု ကြိုတင်ကာကွယ်ရေး စီမံကိန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းတံခါးမြို့ မြို့ပေါ်ရပ်ကွက်အတွင်း၌ အသက် ၈၀ နှင့်အထက် ၈၅ နှစ်အောက် ဘိုးဘွားများ နေအိမ်သို့ သွားရောက်၍ ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး အစီအစဉ်အရ ဘိုးဘွား ၁၅ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ကို ဂါရဝပြုပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ရွှေကျင်နိကာရတောရကျောင်း ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးအစီအစဉ်အရ ညောင်လေးပင်မြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၁၉၅၆ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၈၆၈၀၀၀၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ မြို့ပေါ်ရပ်ကွက်အတွင်း၌ အသက် ၈၀ နှင့်အထက် ၈၅ နှစ်အောက် ဘိုးဘွားများနေအိမ်သို့ သွားရောက်ပြီး ကိုဗစ်–၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး အစီအစဉ်အရ ဘိုးဘွား ၁၅ ဦးကို တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ကို ဂါရဝပြု ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် သန်လျင်၊ ကျောက်တန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော်  ဩဂုတ်  ၂၃**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယနေ့ နံနက် ၈ နာရီက သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ သန်လျင်၊ ကျောက်တန်း မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများ၊ ကုန်သည် များ၊ ပွဲစားများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

**အမိအရဆုပ်ကိုင်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့နိုင်ငံ အနှံ့ အပြားတွင် ကိုဗစ်-၁၉ ကြောင့် စားနပ်ရိက္ခာ ပြတ်လပ်မှုကို မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ အနေဖြင့် အနာဂတ်တွင် စားနပ်ရိက္ခာထုတ်လုပ်သည့် နိုင်ငံ အဖြစ်ရပ်တည်နိုင်မည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက် များစွာအထောက်အကူဖြစ်နိုင်မည်ဖြစ်ရာ စပါး၊ ပဲ၊ ပြောင်းအပါအဝင် လယ်ယာထွက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများတွင် တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေကြသူများအနေဖြင့် ရေမြေရာသီဥတုအားသာချက်ကို အမိအရဆုပ်ကိုင်၍ လယ်ယာထုတ်ကုန်များ တိုးတက်ထုတ်လုပ်ကြစေရန်နှင့် လိုအပ်သည့်နည်းပညာနှင့် ဈေးကွက်ရရှိရေးအတွက်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ကျောက်တန်းမြို့နယ် သီလဝါရှိ Wilmar Myanmar Group ၏ ဆန်စပါး၊ ဂျုံနှင့်ဆီ ထုတ်လုပ်ရေး စက်ရုံသို့ သွားရောက်စစ်ဆေးရာ စက်ရုံတွင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ Wilmar




Myanmar Group Director ဦးမောင်ကျေးနှင့် တာဝန်ရှိသူ များက စက်ရုံဝင်းအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်အရ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံတကာဆိပ်ကမ်းတည်ဆောက် မှု၊ စပါးတန် ၅၂၀၀၀ သိုလှောင်နိုင်သည့် ဆိုင်လိုများ တည်ဆောက် ထားရှိမှုအခြေအနေ၊ တစ်ရက်တန် ၃၀၀ ကျ စပါးပေါင်းစက်ရုံများ အကောင်အထည်ဖော်ဆောင်ရွက် နေမှုအခြေအနေနှင့် တစ်ရက်တန် ၄၀၀ ဖွဲနုဆီစက်နှင့် တစ်ရက် ရှစ်မီဂါဝပ်စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်စက် များ တည်ဆောက်မှုအစီအစဉ်၊ တန် ၅၂၀၀၀ ကျ ဂျုံစက် တည်ဆောက်မည့် အစီအစဉ်နှင့် လက်ရှိလုပ်ငန်းများတွင် လည်ပတ်နေသည့် စားသုံးဆီများ၊ Consumer Pack ဖြင့် ထည့်သွင်းဖြန့်ဖြူးမှု အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး က Wilmar Myanmar Ltd အနေဖြင့် သီလဝါဒေသအတွင်း လယ်ယာထုတ်ကုန်အခြေပြု ကုန်ထုတ်လုပ်ငန်းများကို ပြည်တွင်းလုပ်ငန်းရှင်အချို့နှင့် အကျိုးတူပူးပေါင်း၍ နိုင်ငံ တကာအဆင့်မီ အဆင့်မြင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ ယခုလိုရင်းနှီး မြှုပ်နှံမှုများ တိုးတက်ပြောင်းလဲလာပါက စပါးစိုက် တောင်သူများအတွက် များစွာအကျိုးရှိနိုင်မည်ဖြစ်သလို လုပ်ငန်းရှင်များကလည်း နမူနာယူစရာနည်းပညာများ ရရှိ နိုင်မည်ဖြစ်၍ နိုင်ငံတော်က သတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ပေါင်းစပ်ဆောင်ရွက်ပေး**

ဆက်လက်၍ ကျောက်တန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျောက်တန်းမြို့နယ်ရှိ ဒေသခံပြည်သူများ၊ စက်ပိုင်၊ ကုန်သည်ပွဲစား၊ တောင်သူများ နှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာမှုများအပေါ် နိုင်ငံတော်က စီစဉ်ပေးနေမှုအခြေအနေများ၊ ပြည်သူများက ပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အလား အလာများအပေါ် အမှာစကားပြောကြားပြီး ဒေသခံများ၏ မေးမြန်းမှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာ ၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်၏ ထောက်ပံ့မှု အရ ဆောင်ရွက်လျက်ရှိသော တောင်သူ ဦးသိန်းဝင်း၏ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၏ စိုက်ပျိုးထုတ်လုပ်အောင်မြင် မှုများအား ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များ အပေါ် ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ လူနာများအားကုသရန်အတွက် သွေးရည်ကြည်များလှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

**နေပြည်တော်  ဩဂုတ်  ၂၃**

ကိုဗစ်-၁၉ လူနာများအား ကုသရန်အတွက် သွေးရည်ကြည် များ လှူဒါန်းခဲ့သည့် ကိုဗစ်-၁၉ မှ ပြန်လည်သက်သာ ကောင်းမွန်သွားသူများအား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မြန်မာနိုင်ငံ တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုကို ယခုနှစ် မတ်လတွင် စတင် တွေ့ရှိခဲ့ပြီး ရောဂါသစ်ဖြစ်သည့် ကိုဗစ်-၁၉ ကို ကုသရန် သီးသန့်ကုထုံးမရှိသဖြင့် လူနာများအား အကောင်းဆုံး ကုသမှုပေးနိုင်ရေးအတွက် ပါမောက္ခများဖြင့် ဆွေးနွေး တိုင်ပင်ခဲ့ပါကြောင်း၊ ပါမောက္ခများက ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ကုသမှုများနှင့် သက်သာပျောက်ကင်းမှု အခြေ အနေများကို လေ့လာခဲ့ပြီး မိမိထံသို့ တင်ပြလာခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကို ကုသမှုပိုမိုထိရောက်စေရန် နှင့် ရောဂါကြောင့် သေဆုံးမှုနည်းပါးစေရေးအတွက် သွေးရောဂါ ပါမောက္ခ ဒေါက်တာရဲမြ ဦးဆောင်ပြီး ပါမောက္ခ များပါဝင်သော အဖွဲ့အနေဖြင့် ကုသမှု သုတေသနပုံစံဖြင့် ဆောင်ရွက်ရန် ပြန်လည်သက်သာကောင်းမွန်သွားသော ကိုဗစ်-၁၉ လူနာ၏ သွေးရည်ကြည်ဖြင့် ကိုဗစ်-၁၉ ပိုးတွေ့ လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၆ ရက်တွင် မိမိက ဖွဲ့စည်းပေးခဲ့ပါကြောင်း။

**သွေးရည်ကြည်ဖြင့် ကုသ**

ယခုအချိန်အထိ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ရောဂါပြင်းထန်သော ကိုဗစ်-၁၉ လူနာ ရှစ်ဦးကို အဆိုပါ သွေးရည်ကြည်သွင်းကုသမှုဖြင့် အောင်မြင်စွာ ကုသမှုပေး နိုင်ခဲ့ပါကြောင်း၊ ထိုသို့ကုသမှုပေးနိုင်ရေး၊ လူနာများ၏ အသက်ကယ်တင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဆေးပညာရှင်များအားလုံးကို ကျေးဇူး တင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ မှ ပြန်လည်သက်သာ ကောင်းမွန်ခဲ့သူများ” ၏ သွေးရည်ကြည်တွင် ကိုဗစ်-၁၉ ကို တိုက်ဖျက်နိုင်သော ပဋိပစ္စည်း (antibody) များ ပါဝင်ပြီး ကိုဗစ်-၁၉ လူနာများအား အဆိုပါ သွေးရည်ကြည်ဖြင့် ကုသခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါ ခံစားခဲ့ရပြီး ပြန်လည်သက်သာခဲ့သူများ အနေဖြင့် ကိုယ်ချင်းစာစိတ်ပြည့်ဝစွာ၊ စေတနာ ပြည့်ဝစွာ ဖြင့် သွေးရည်ကြည်ကိုလှူဒါန်းခဲ့သည့်အပေါ် မိမိအနေဖြင့် ကျေးဇူးတင်ရှိ ဂုဏ်ယူလေးစားပါကြောင်း။

ထိုသို့ကုသမှုများအပြင် ဆေးသုတေသနဦးစီးဌာန အနေဖြင့်လည်း ကိုဗစ်-၁၉ ကို ဖြစ်ပွားစေသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ လက်ရှိ၌ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားပျံ့နှံ့နေသည့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇကို လည်း စစ်ဆေးရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ Coronavirus Disease (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် ၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာ ရေးနှင့်အားကစားဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့အပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအားလုံး နှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားနေမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်နှင့် အခြားဒေသ များသို့ ပြန့်ပွားခြင်းမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အထူး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ရာတွင် ပုံသေ ဆောင်ရွက်၍မရဘဲ ပြောင်းလဲလာသော ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် မိမိတို့နိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့မှု ပုံသဏ္ဌာန်၊ ရောဂါပိုး၏ ပြုမူပုံသဘောသဘာဝ၊ တွေ့ရှိချက် အသစ်များနှင့် မိမိတို့တွင်ရှိသော အရင်းအမြစ်များအားလုံး တို့ကို ချိန်ထိုးစဉ်းစားကာ နည်းဗျူဟာများ ချမှတ် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများတွင် ဝိုင်းဝန်းဆောင်ရွက် နေသူတစ်ဦးချင်းအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြား သည်။

**အလှူခံယူခဲ့**

ထို့နောက် ပြန်လည်သက်သာကောင်းမွန်သွားသော ကိုဗစ်-၁၉ လူနာ၏ သွေးရည် ကြည်ဖြင့် ကိုဗစ်-၁၉ ပိုးတွေ့ လူနာများအား စမ်းသပ်ကုသနိုင်ရေးအတွက် Ad hoc အကြံပေးအဖွဲ့၏ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြက ကိုဗစ်-၁၉ သက်သာပျောက်ကင်းသွားသူများထံမှ သွေးရည်ကြည် ဖြင့် ကုသမှုပေးရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုဖြင့်ဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် နိုင်ငံ တကာတွင် ကုသမှုပေးနေပုံများကို အမြဲလေ့လာနေပြီး ကုသမှုဆောင်ရွက်ရာတွင် ဆေးပညာကျင့်ဝတ်များနှင့် အညီဖြစ်စေရေး အလေးထားဆောင်ရွက်ရပါကြောင်း၊ ကိုဗစ်-၁၉ ကို တိုက်ဖျက်နိုင်သော ပဋိပစ္စည်းများသည် ရောဂါလက္ခဏာပြင်းထန်ခဲ့သည့် လူနာများ၏သွေးရည် ကြည်တွင်သာ ပမာဏလုံလောက်စွာ ပါဝင်နိုင်သဖြင့် အဆိုပါ လူနာဟောင်းများထံမှ သွေးရည်ကြည်များကို အလှူခံရယူခဲ့ပါကြောင်း။



ယခုအချိန်အထိ အဆိုပါ သွေးရည်ကြည်ကုထုံးဖြင့် ရောဂါပြင်းထန်ခဲ့ပြီး အသက်အန္တရာယ်ရှိနိုင်သည့် ကိုဗစ်-၁၉ လူနာရှစ်ဦးအား အောင်မြင်စွာကုသမှုပေးနိုင်ခဲ့ပါ ကြောင်း၊ အဆိုပါလူနာ ရှစ်ဦးတွင် အသက်အရွယ်ကြီးသူ များ၊ သွေးတိုး၊ ဆီးချိုရောဂါအခံရှိသူများ၊ ကိုယ်အင်္ဂါ အစားထိုးထားသူများ၊ ကိုယ်အင်္ဂါလှူဒါန်းထားသူများနှင့် လမစေ့သေးသည့် ကိုယ်ဝန်ဆောင်တို့ ပါဝင်ပါကြောင်း၊ ထိုကိုယ်ဝန်ဆောင်လူနာကို လမစေ့သေးသော်လည်း ရောဂါသက်သာလာချိန်တွင် ခွဲစိတ်မွေးဖွားမှုပြုလုပ်ခဲ့ရပြီး နောက်တစ်လအကြာ ရက်ချိန်းပြန်လာပြသရာတွင် မိခင် ရော၊ ကလေးပါကျန်းမာကြောင်းကိုလည်း အလှူရှင်များ ဝမ်းမြောက်စေရန် ပြောကြားလိုပါကြောင်း၊ ထိုသို့လူနာများ ကို ကုသမှုပေးရာတွင် ဆေးပညာဘာသာရပ် အသီးသီးမှ ပညာရှင်ကြီးများအားလုံး စုစည်းဝိုင်းဝန်းဆောင်ရွက်ခဲ့ကြ ခြင်းဖြစ်ပါကြောင်း၊ သွေးရည်ကြည်တွင် ပဋိပစ္စည်းပါဝင်မှု အခြေအနေကို တိုင်းတာနိုင်သည့် စက်နှင့် သွေးရည်ကြည် နှင့် သွေးနီဥသီးခြားခွဲထုတ်ရယူနိုင်သည့်စက်များ လိုအပ် ကြောင်း ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့ရာ ဖြည့်ဆည်း ပေးခဲ့သဖြင့် ယခုအခါပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ မွန်မြတ်သောစေတနာများဖြင့် သွေးရည် ကြည်များ လှူဒါန်းခဲ့သူများအားလုံးကို ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါက်တာစိုးဦး၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်း နှင့် ပါမောက္ခဒေါက်တာရဲမြတို့က သွေးရည်ကြည် လှူဒါန်း ခဲ့သူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ သွေးရည်ကြည် အလှူရှင်များ၏ ကိုယ်စား ဦးပြည့်စုံအောင်နှင့် ဒေါက်တာမြင့်မြင့်စိန်တို့က ပီတိဝမ်းမြောက်စကား ပြောကြားသည်။

**မျိုးဗီဇတစ်ခုလုံးလေ့လာ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူ များသည် ဆေးသုတေသနဦးစီးဌာနရှိ အဆင့်မြင့် မော်လီကျူးသုတေသနဌာန (Advanced Molecular Research Center) သို့ သွားရောက်ကာ မော်လီကျူး နည်းပညာအသုံးချဌာနခွဲနှင့် ဇီဝနည်းပညာအချက်အလက် နည်းပညာဌာနခွဲတို့မှ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှုများနှင့် SARS-CoV-2 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇတစ်ခုလုံးကို လေ့လာမှု ပြုလုပ်နေသည်များကို လှည့်လည်ကြည့်ရှုခဲ့ရာ ဆေးသုတေ သန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လန်ဒန်တက္ကသိုလ်မှ ဆရာကြီးဂျွန်အိုကယ် (သို့မဟုတ်) မြန်မာစာ-မြန်မာစကားထဲတွင် ဘဝကို တစ်သက်တာမြှုပ်နှံခဲ့သူ

ဒေါက်တာ
ထွန်းအောင်ကျော်
(မြန်မာစာ)


မြန်မာစာ-မြန်မာစကားထဲတွင် မြှုပ်နှံလေ့လာခဲ့သူ နိုင်ငံခြားပညာရှင်များစွာ ရှိပါသည်။ ထိုပညာရှင်များထဲတွင် လူသိများလှသော (ကမ္ဘာသိ) ပညာရှင်တစ်ဦးမှာ ဆရာကြီးဂျွန်အိုကယ် ဖြစ်ပါသည်။ ဆရာကြီး၏ နာမည်အပြည့်အစုံမှာJohn William Alan Okell ဖြစ်ပါသည်။ ဆရာကြီးသည် လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကပညာသင်ကျောင်း (SOAS) တွင် မြန်မာစာကထိက၊ မြန်မာစာဝါရင့်ကထိက စသည်ဖြင့် နှစ်ပေါင်း ၃၀ ကျော် ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် မြန်မာစာ-မြန်မာစကားနှင့်ပတ်သက်သော စာအုပ်စာတမ်း များစွာ ရေးသားခဲ့သောကြောင့် ဆရာကြီး၏နာမည်ကို ရန်ကုန်တက္ကသိုလ် ဘွဲ့ကြို-ဘွဲ့လွန်ကျောင်းသားဘဝကပင် ဆရာများထံမှ မကြာခဏ ကြားခဲ့ရဖူးပါသည်။ ဆရာကြီးနှင့် ရင်းနှီးသူများက ကိုအုတ်ခဲဟူ၍ မြန်မာဆန်ဆန်ခေါ်သည်ကိုလည်း ကြားခဲ့ဖူးပါသည်။

ဆရာကြီးနှင့် ကျွန်တော်တွေ့ရကြုံရပုံကလည်း ဇာတ်လမ်းဆန်လှပါသည်။ မှတ်မှတ်ရရ ၂၀၁၄ ခုနှစ် မေ ၂၈ ရက် နေ့လယ်ခင်း ဖြစ်ပါသည်။ နေရာက ရန်ကုန်တက္ကသိုလ် မာလာဆောင်၌ ကျင်းပနေသည့် အရှေ့တောင်အာရှဘာသာဗေဒအသင်း၏ (၂၄)ကြိမ်မြောက်ဆွေးနွေးပွဲ (24th Meeting of the Southeast Asian Linguistics Society) တွင် ဖြစ်ပါသည်။ ထိုနေ့က ကျွန်တော်သည် စာတမ်းတစ်စောင် တင်သွင်းဖတ်ကြားခဲ့ပါသည်။ နိုင်ငံတကာပညာရှင်များရှေ့တွင် ပထမဆုံး စာတမ်းဖတ်ကြားရခြင်း ဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားရခြင်း ဖြစ်သည့်အတွက်ကြောင့် တစ်ကြောင်း စိတ်လှုပ်ရှားစွာဖြင့် ဖတ်ကြားခဲ့ရပါသည်။ ဖတ်ကြားအပြီးတွင် နိုင်ငံတကာ ပညာရှင်များ၏ မေးခွန်းများကို စာတမ်းဖတ်သူက တစ်ဦးချင်း ပြန်လည်ဖြေကြားရသည့် အစီအစဉ်လည်း ပါရှိပါသည်။ ထိုအချိန်တွင် နိုင်ငံခြားသားပညာရှင် တစ်ယောက်က ကျွန်တော်အဖြေရခက်သည့် မေးခွန်းတစ်ပုဒ်ကို မေးလာပါတော့သည်။ မေးခွန်းက “လိုက်” ဟူသော မြန်မာအကူကြိယာ၏ အနက်အဓိပ္ပာယ်ကို အင်္ဂလိပ်လိုအဖြေပေးရန် မေးခြင်းဖြစ်ပါသည်။ မြန်မာစကားအကြောင်းကို ရှင်းပြရာ၌ သဒ္ဒါစကားတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်ကို အင်္ဂလိပ်ဘာသာစကားဖြင့် တစ်လုံးချင်း ကွက်တိပြန်ဖြေပေးရန် အလွန်ခက်ပါသည်။ မြန်မာဘာသာစကားရှိ ထိုကဲ့သို့သော သဒ္ဒါသုံး-စကားလုံးများကို ဂဃနဏ သိသူ တစ်ကမ္ဘာလုံးတွင် လက် ၁၀ ချောင်းပြည့်အောင်ပင်မရှိကြောင်း ကျွန်တော့်ဆရာ (အမေရိကန်ပြည်ထောင်စု နော့သင်းအီလီနွိုက်တက္ကသိုလ်မှ) ဆရာဦးစောထွန်း (စာရေးဆရာ“စောလူ”) သင်ကြားပေးခဲ့ဖူးသည်ကို ထိုအချိန်တွင် ပြန်လည်သတိရနေမိပါသည်။ ထို့ကြောင့် ကျွန်တော်လည်း ပညာရှိဆန်ဆန် ဤသို့ ဖြေလိုက်ရပါတော့သည်။

“အကူကြိယာ “လိုက်”ရဲ့အဓိပ္ပာယ်က အင်္ဂလိပ်လို Just လို့တော့ အဓိပ္ပာယ်ရပါတယ်။ တိတိကျကျ သိချင်တယ်ဆိုရင်တော့ ဆရာကြီးဂျွန်အိုကယ်ရေးတဲ့ A Reference Grammar of Colloquial Burmese စာအုပ်နဲ့ Burmese/ Myanmar Dictionary of Grammatical Forms စာအုပ်နှစ်အုပ်ကို ရှာဖတ်ပါခင်ဗျာ” ဟူ၍ ဖြေချလိုက်ပါသည်။ ကိုယ့်အဖြေကိုယ်လည်း ကျေနပ်နေမိပါသည်။ ကျေနပ်၍မှ မဆုံးသေးပါ။ ထိုအခိုက်မှာပင် စာတမ်းဖတ်ပွဲတစ်ခုလုံး “ဝါး”ခနဲ ရယ်သံကြီးထွက်ပေါ်လာပါတော့သည်။ ကျွန်တော်လည်း အဖြေမှားသွားပြီဟု ထင်လိုက်ပြီး တစ်ကိုယ်လုံး ထူပူသွားပါတော့သည်။ ထိုရယ်သံများနောက်မှ လက်ခုပ်တီးသံများ တဖြောင်းဖြောင်း ထပ်မံထွက်ပေါ်လာပါသည်။ ကျွန်တော်လည်း ဘာမှန်းမသိ ဇဝေဇဝါ ဖြစ်နေပါသည်။ ထိုအချိန်တွင် မေးခွန်းမေးသူက မိတ်ဆက်စကားတွင် ဂျွန်အိုကယ် ကိုယ်တိုင်ပင် ဖြစ်ကြောင်း ရှင်းပြပြီးမှ ကျွန်တော့်အား ပညာစမ်းလို၍ မေးခြင်းမဟုတ်ပါကြောင်း၊ ပညာရှင်များအလယ်တွင် ပိုမိုထင်ရှားစေရန် အားပေးကူညီလိုသည့် သဘောဖြင့်သာ မေးခြင်းဖြစ်ပါကြောင်း ပြန်လည်ရှင်းပြခဲ့ပါသည်။ ကျွန်တော်လည်း အံ့ဩဝမ်းသာ ဖြစ်ခဲ့ရပါသည်။ ဆရာကြီးနှင့် မမျှော်လင့်ဘဲ သိကျွမ်းခွင့်ရသဖြင့် ဝမ်းသာမိရသလို ပညာရှင် သူတော်ကောင်း ဆန်လှသည့်အတွက်လည်း ဝမ်းမြောက်ပီတိဖြစ်မိခဲ့ရပါသည်။

ဆရာကြီးသည် ကိုယ်တိုင်က အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်သော်လည်း တစ်သက်တာလုံးတွင် မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှုများနှင့် ပတ်သက်သည့် သုတေသနပေါင်းများစွာပြုလုပ်ခဲ့ပြီး လေးစားဖွယ်ကောင်းသည့် စာအုပ်စာတမ်းများစွာ ရေးသားခဲ့ပါသည်။ ကမ္ဘာ့အင်တာနက် စွယ်စုံကျမ်းတွင် ဆရာကြီးရေးသားခဲ့သည့် မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းစာရင်းကို ဤသို့အားရစဖွယ် တွေ့ရပါသည်။ စာအုပ်အနေဖြင့် - ပြုစုထုတ်ဝေခဲ့သည်မှာ အောက်ပါတို့ ဖြစ်ပါသည်-

**မြန်မာစကားအကြောင်းကို ရှင်းပြရာ၌ သဒ္ဒါစကားတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်ကို အင်္ဂလိပ်ဘာသာစကားဖြင့် တစ်လုံးချင်းကွက်တိပြန်ဖြေပေးရန် အလွန်ခက်ပါသည်။ မြန်မာဘာသာစကားရှိ ထိုကဲ့သို့သော သဒ္ဒါသုံး-စကားလုံးများကို ဂဃနဏသိသူ တစ်ကမ္ဘာလုံးတွင် လက် ၁၀ ချောင်းပြည့်အောင်ပင်မရှိကြောင်း ကျွန်တော့်ဆရာ (အမေရိကန်ပြည်ထောင်စု နော့သင်းအီလီနွိုက်တက္ကသိုလ်မှ) ဆရာဦးစောထွန်း (စာရေးဆရာ“စောလူ”) သင်ကြားပေးခဲ့ဖူးသည်ကို ထိုအချိန်တွင် ပြန်လည်သတိရနေမိပါသည်။ ထို့ကြောင့် ကျွန်တော်လည်း ပညာရှိဆန်ဆန် ဤသို့ ဖြေလိုက်ရ . . .**



ဆရာကြီးဂျွန်အိုကယ်(၁၉၃၄-၂၀၂၀)(ဝီကီပီဒီးယား-မှ)

- ❖ (၁၉၆၉) မြန်မာနှုတ်ပြောစကားအညွှန်းသဒ္ဒါကျမ်း (A Reference Grammar of Colloquial Burmese)
- ❖ (၁၉၇၁) မြန်မာဘာသာကို ရောမအက္ခရာဖြင့် အသံလှယ်နည်း (A Guide to the Romanization of Burmese)
- ❖ (၁၉၈၉) မြန်မာစကားကို ကနဦးအဆင့်သင်ကြားနည်း (First Step in Burmese)
- ❖ (၁၉၉၄) မြန်မာနှုတ်ပြောစကားမိတ်ဆက် (ပထမတွဲ) (Burmese: An Introduction to the Spoken Language:Book 1)
- ❖ (၁၉၉၄) မြန်မာနှုတ်ပြောစကားမိတ်ဆက် (ဒုတိယတွဲ) (Burmese: An Introduction to the Spoken Language:Book 2)
- ❖ (၁၉၉၄) မြန်မာအက္ခရာမိတ်ဆက် (Burmese: An Introduction to the Script)
- ❖ (၁၉၉၄) မြန်မာစာပေသုံးစကားဟန်မိတ်ဆက် (Burmese: An Introduction to the Literary Style)
- ❖ (၂၀၀၁) မြန်မာဘာသာစကားရှိသဒ္ဒါစကားလုံးများ အဘိဓာန် (မစ္စအင်နာအဲလော့နှင့် တွဲဖက်) (Burmese/ Myanmar Dictionary of Grammatical)
- ❖ (၂၀၀၂) နားကြားမှုဖြင့်သင်ကြားသောမြန်မာစကား (ဝါ) မရှိမဖြစ်မြန်မာစကား (Burmese By Ear /Essential Myanmar)

ထိုစာအုပ်များအပြင် အောက်ပါစာတမ်းများကိုလည်း ရေးသားထုတ်ဝေခဲ့ပါသည်-

- ❖ (၁၉၆၃) ထာဝရတည်တံ့နေသောမြန်မာသီချင်းသုံးပုဒ် (Three 'Immortal' Burmese Songs) (ဒေါက်တာလှဘေ၊ အင်နာအဲလော့တို့နှင့်တွဲဖက်)
- ❖ (၁၉၆၄) မြန်မာဆရာတစ်ဦးထံမှဂီတကိုလေ့လာခြင်း(Learning Music From a Burmese Master)
- ❖ (၁၉၆၅) နိဿယမြန်မာဘာသာ(နိုင်ငံခြားသဒ္ဒါနှင့်ဝါကျဖွဲ့ထုံးကိုစနစ်တကျမြန်မာမှုပြုခြင်း) (Nissaya Burmese: A case of Systematic Adaptation to a Foreign Grammar and Syntax
- ❖ (၁၉၆၇) အစောပိုင်း မြန်မာဇာတကကဗျာတစ်ပုဒ်၏ ဘာသာပြန်ပုံနှင့် အပြောက်အမွမ်းဖွဲ့ပုံ ("Translation" and "Embellishment" in an Early Burmese "Jataka" Poem)
- ❖ (၁၉၇၁) အခင်နှစ်ထပ်ပါမြန်မာ့နှဲ (The Burmese Double- Reed "Nhai")
- ❖ (၁၉၇၉) “သေး၊ အုံးနှင့် တော့”တို့ကို ထပ်မံလေ့လာခြင်း ("Still" and " Anymore" in Burmese: Another Look at / thei/,/oun/and/to/)
- ❖ (၁၉၈၈) မရူကြိယာများအတွင်းရှိ တက်ကျသံအလဲအလှယ်ဖြစ်ပေါ်ခြင်းဆိုင်ရာမှတ်စုများ (Notes on Tone Alternation in Maru Verbs)
- ❖ (၁၉၈၉) ယောဒေသိယစကား (The Yaw Dialecet of Burmese)
- ❖ (၁၉၉၅) မြန်မာဒေသိယစကားသုံးမျိုး (Three Burmese Dialecets)
- ❖ (၂၀၀၇) ဒေါက်တာလှဘေ နာရေးသတင်း (Obituary: Dr.U Hla Pe (၁၉၁၃-၂၀၀၇) စသည်တို့ ဖြစ်ပါသည်။

ဆရာကြီး တစ်သက်တာရေးသားပြုစုခဲ့သည့် အထက်ပါစာအုပ်စာတမ်းများကို သေချာစွာလေ့လာကြည့်မည်ဆိုလျှင် ဆရာကြီးသည် မြန်မာစာပေ၊ မြန်မာကဗျာ၊ မြန်မာ့ဂီတ၊ မြန်မာသဒ္ဒါ၊ မြန်မာဒေသိယစကားများ စသည်တို့ကို စနစ်တကျလေ့လာကာ သုတေသနပြုလုပ်ခဲ့ပြီး ထဲထဲဝင်ဝင် ကောင်းစွာ ကျွမ်းကျင်တတ်မြောက်သူဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ဆရာကြီး ရေးသားပြုစုခဲ့သည့် မြန်မာသဒ္ဒါကျမ်းများသည် မြန်မာလူမျိုးလေ့လာသူများသာမက ကမ္ဘာတစ်ဝန်းလုံးရှိ မြန်မာစာ၊ မြန်မာစကား လေ့လာသူများအားလုံးလည်း လက်စွဲပြု လေ့လာကြရသော ကျမ်းများ ဖြစ်ကြပါသည်။ မြန်မာလူမျိုးမဟုတ်သော နိုင်ငံခြားသားတစ်ဦးက မိမိဘဝ၏ တစ်သက်တာလုံးကို မြန်မာမှုနယ်ပယ်အတွင်း နှစ်မြုပ်ထားကာ ဤမျှလောက် ကြိုးပမ်းအားထုတ်ခဲ့သည်မှာ မြန်မာလူမျိုးတစ်ယောက်အနေဖြင့်လည်းကောင်း၊ မြန်မာစာ-မြန်မာစကား လေ့လာသူတစ်ယောက်အနေဖြင့်လည်းကောင်း ဆရာကြီးအပေါ် လေးစားအားကျမိရပါသည်။ များစွာကျေးဇူးတင်ဖွယ်ကောင်းသည်ဟုလည်း ထင်မြင်မိပါသည်။

၃-၈-၂၀၂၀ နေ့က ဆရာကြီး ကွယ်လွန်သွားရှာပြီဟု မိတ်ဆွေတစ်ယောက်က ယခင်တစ်ပတ်တွင် ဖုန်းဆက်အကြောင်းကြားလာပါသည်။ အသက် (၈၆)နှစ် ရှိပြီဟုလည်း သိရပါသည်။ ကျွန်တော်လည်း အတော်ပင် စိတ်မကောင်း ဖြစ်ရပါသည်။ သတင်းကြားလျှင်ကြားချင်းပင် အင်တာနက်ကိုဖွင့်၍ အင်တာနက်စွယ်စုံကျမ်းကို ဖွင့်ကြည့်လိုက်ပါသည်။ ဆရာကြီး၏ စာမျက်နှာတွင် အပ်ဒိတ်လုပ်ထားပြီး ထိုသတင်းအမှန်ဖြစ်နေသည်ကို အံ့လည်းအံ့ဩဖွယ် စိတ်လည်းမကောင်းဖွယ် သံဝေဂရလည်းရဖွယ် တွေ့လိုက်ရပါသည်။ အံ့ဩဖွယ်ဖြစ်ရခြင်းမှာ ချက်ချင်းလိုလို အပ်ဒိတ်လုပ်ထားခြင်းကြောင့် ဖြစ်ပါသည်။ စိတ်မကောင်းခြင်းများစွာ ဖြစ်ရကြောင်းကို လန်ဒန်တက္ကသိုလ် လက်ရှိမြန်မာစာနှင့် ဘာသာဗေဒပါမောက္ခလည်းဖြစ်သူ ဆရာကြီး၏တပည့်ရင်းလည်းဖြစ်သူ-Dr. Justin Watkins ထံ ချက်ချင်း အီးလ်မေးပို့လိုက်ပါသည်။ မြန်မာစာ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကို အလွန်ချစ်မြတ်နိုးသည့် ဆရာကြီးအကြောင်းကို မြန်မာပြည်မှ မြန်မာစာပေလေ့လာသူများအတွက်လည်းကောင်း၊ မြန်မာလူမျိုးအားလုံးအတွက်လည်းကောင်း ဂုဏ်ပြုရေးသား မှတ်တမ်းတင်လိုစိတ် ပေါ်ပေါက်လာပါသည်။ ထို့ကြောင့် ဤဆောင်းပါးကို ရေးသားရင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ဆရာကြီး ကောင်းရာသုဂတိလားပါစေသတည်း။

**ကိုးကား။** ။(၁) “ပြည်ပပညာရှင်များနှင့်မြန်မာစကား မြန်မာစာ” (မောင်ခင်မင်-ဓနုဖြူ)
(၂) အင်တာနက် (ဝီကီပီဒီးယား)

# ပုသိမ်မြို့နယ်၌ မြန်မာ့ရိုးရာဝါဆိုခြင်းပွဲ (၃၂)ကြိမ်မြောက် ကျင်းပ



ပုသိမ် ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ခြင်းလုံးအားကစားအဖွဲ့ကကြီးမှူး၍ (၃၂)ကြိမ်မြောက် ဝါဆိုခြင်းလုံးခတ်ပွဲတော်ကို ယနေ့နံနက် ၇ နာရီမှစတင်၍ ပုသိမ်မြို့မ ဦးကျူးဝါးခြင်းလုံးအားကစားရုံး၌ ကျင်းပသည်။

အဆိုပါပွဲတော်သို့ မြန်မာ့ရိုးရာခြင်းလုံးအားကစားကော်မတီနာယက၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သူထွေး၊ ဥက္ကဋ္ဌဖိုးလမင်း၊ အတွင်းရေးမှူးသန့်ဇော်သက်နှင့် ခြင်းလုံးအားကစားအသင်းဝင်များတက်ရောက်ကြသည်။

ထို့နောက် အသက် ၈၀ ကျော် မြန်မာ့ရိုးရာ ခြင်းလုံးပညာရှင် ဦးအောင်ခင်၊ ဦးလှမြင့်၊ ဦးခင်အုန်း၊ ဦးသိန်းဟန်တို့လေးဦးအား သက်ကြီးပူဇော်ကန်တော့ကြသည်။ ကန်တော့ခံခြင်းလုံးအားကစားပညာရှင်ကြီးများကလည်း ကမ္ဘာတစ်ခွင်တွင် အံ့မခန်းစံတင်ထားရသော မြန်မာ့ရိုးရာခြင်းလုံးခတ်နည်းပညာ ၃၀ အနက် ကုန်းဘောင်ခေတ်နန်းတွင်း၌ မင်းညီမင်းသားများ အပြိုင်ယှဉ်နွဲ့ရသည့် မန္တလာ၊ မြင်းစီးဖနောင့်၊ သမင်လည်ပြန်ဖနောင့်၊ ရှပ်ထိပ်တင်၊ ဝိုက်ဒူး၊ မန္တလာဖီလာစလွယ်၊ လေဝဲခြေခွင်၊ လေဝဲဖနောင့်၊ မြင်းဆင်းဖနောင့် အစရှိသော လက်ရွေးစင်ခြင်းခတ်နည်းများကို မျိုးဆက်သစ်တို့အား ပညာပေး၍ ခြင်းလုံးခတ်ကစားပြခဲ့ကြကြောင်း သိရသည်။

**ပုသိမ်လှကြည်**

○ ကျောဖုံးမှ

အဖွင့်ဂိုးရခဲ့သော်လည်း ရတနာပုံအသင်းသည် ပွဲကိုစိုးမိုးနိုင်ခြင်းမရှိဘဲ မိနစ် ၈၀ နောက်ပိုင်းမှ တိုက်စစ်မှူးအောင်သူက ဟက်ထရစ်သွင်းယူခဲ့၍ လေးဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအတွက် အနိုင်ဂိုးများကို အောင်သူက ၈၃၊ ၈၆၊ ၉၀+၂ မိနစ်တို့တွင် သွင်းယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ရခိုင်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ဒုတိယနေရာတွင် ရပ်တည်နေသည့် ဧရာဝတီအသင်းသည် ယခုဂိုးပြတ်နိုင်ပွဲကြောင့် ထိပ်ဆုံးမှ ဟံသာဝတီအသင်းကို တစ်မှတ်အကွာဖြင့် ဖိအားပေးနိုင်ခဲ့ပြီး ရာသီဝက်ချန်ပီယံဆုအတွက် မျှော်လင့်ချက်ရှိလာခဲ့သည်။ ဧရာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၂၇ မိနစ်တွင် စိုးမိုးကျော်၊ ၃၆၊ ၆၂ မိနစ်တွင် ဆာဆက်နှင့် ၇၂ မိနစ်တွင် သန်းထက်အောင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ်(၁၀)အပြီးတွင် ဟံသာဝတီအသင်းက ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ရမှတ် ၂၀၊ ရန်ကုန်အသင်းက ၁၇ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရခိုင်အသင်းက ၁၃ မှတ်၊ စစ်ကိုင်းအသင်းက ၁၀ မှတ်၊ ရတနာပုံအသင်းက ခုနစ်မှတ်၊ မကွေးအသင်းက ခြောက်မှတ်၊ အား/ကာသိပ္ပံအသင်းက သုံးမှတ်၊ Southern အသင်းက တစ်မှတ်ရထားသည်။ ယခုအမှတ်ပေးဇယားမှာ အသင်းဖျက်သိမ်းသွားသည့် ဇွဲကပင်နှင့် ချင်းယူနိုက်တက်အသင်းတို့၏ ပွဲရလဒ်များကို ပယ်ဖျက်ကာ ပြန်လည်ရေးဆွဲထားခြင်းဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - ဘုန်းသော်

## တိုင်းသူပြည်သား လူအများတို့လေး

☛ ကပ်ရောဂါ မပြန့်ပွားဖို့
ဟန့်တားစို့ တို့ညီတူ
အသိနဲ့ သတိမူ
ပူးပေါင်းလို့ ပါဝင်ကူ
အများပြည်သူ ကျန်းမာရေး
ကိုရိုနာ ကပ်ရောဂါယုတ်
မောင်းထုတ်စို့လေး။


☛ နှီးဆော်ကာ သတိပေးလို့
လက်ဆေးဖို့ စက္ကန့်နှစ်ဆယ်
ကူးစက်ဖို့မလွယ်
မိမိကစလို့ ကြိုတင်ကာကွယ်
တိုင်းနှင့် ပြည်နယ် မြို့ရွာအနှံ့
ဆင့်ကမ်းကာ အသိပညာပေး
ဟစ်ကြွေးတပ်လှန့်။

☛ ရပ်တန့်ကာ ရှေ့မတိုးဖို့
အမျိုးမျိုး နည်းလမ်းရှာ
စည်းကမ်းလိုက်နာ
သတိချပ်လို့ နှာခေါင်းစည်းတပ်ပါ
'ခြောက်ပေ' ခွာနေထိုင်ရေး
လူစုလူဝေးနေရာ ရှောင်ရှားပြု
မောင်းထုအသိပေး။ ။

အောင်မြင့်စိုး(ရေစကြို)

**နှစ်စဉ် အောင်ဘာလေသိန်းဆုခွန် ရငွေစာရင်း**
**၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ**


(ကျပ်သန်းပေါင်း)



ရင်းမြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

**နှစ်စဉ် အထူးကုန်စည်ခွန် ရငွေစာရင်း**
**၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အောက်တိုဘာလမှ မတ်လအထိ**

(ကျပ်သန်းပေါင်း)



ရင်းမြစ် ။ ပြည်တွင်းအခွန်များဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှ စုစည်းတင်ပြပါသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့

စက်တင်ဘာလ ၁၃ ရက်



၂၀၂၀ ပြည့်နှစ်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ရည်ရွယ်ချက်(၄)ရပ်

- လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။

# ကယ်လီဖိုးနီးယားပြည်နယ်၌ လောင်ကျွမ်းလျက်ရှိသည့် တောမီးကို ဘေးအန္တရာယ်ဆိုးတစ်ခုဟု သမ္မတထရမ့်ပြော

**ဝါရှင်တန် ဩဂုတ် ၂၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ဖြစ်ပွားလျက်ရှိသော တောမီးလောင်ကျွမ်းမှုကို သမ္မတထရမ့်က ဘေးအန္တရာယ်ဆိုးတစ်ခု ကျရောက်လျက်ရှိသည်ဟု ယနေ့ ပြောကြားခဲ့သည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်များနှင့် အဖိုးတန်သစ်တောအုပ် ဧက တစ်သန်းနီးပါး ပျက်စီးဆုံးရှုံးခဲ့ရသည်။

တောမီးငြိမ်းသတ်နိုင်ရေးအတွက် မီးသတ်သမား ၁၄၀၀၀ ကျော် အင်တိုက်အားတိုက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသော မီးခိုးလုံးကြီးများသည် ကယ်လီဖိုးနီးယားပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံအုံ့မှိုင်းထားပြီး လေပြင်းတိုက်ခတ်မှုများကြောင့် လူနေထူထပ်သော နေရာများသို့ မီးများကူးစက်ပျံ့နှံ့လောင်ကျွမ်းမည်ကို စိုးရိမ်လျက်ရှိသည်။

လက်ရှိအချိန်အထိ တောမီးလောင်ကျွမ်းမှုကြောင့် ခြောက်ဦးအနည်းဆုံး သေဆုံးခဲ့ပြီး မီးသတ်သမားများအပါအဝင် ၄၃ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ထို့ပြင် ပြည်သူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း အာဏာပိုင်များက ဆိုသည်။ လူနေအိမ်ရာပေါင်းများစွာ မီးလောင်ပျက်စီးခဲ့ပြီး လေပြင်းများတိုက်ခတ်မှုကြောင့် လူနေအိမ်ထောင်ပေါင်းများစွာ ထပ်မံမီးလောင်ပျက်စီးမည်ကို စိုးရိမ်လျက်ရှိကြသည်။

လွန်ခဲ့သော ရက်သတ္တပတ်က Death Valley အမျိုးသားပန်းခြံတွင် အပူချိန်ပြင်းထန်လျက်ရှိသည့် အချိန်၌ မိုးကြိုးပစ်ခတ်မှုများကြောင့် အဆိုပါတောမီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူး နယူးဆွမ်က ဩစတြေးလျနှင့် ကနေဒါနိုင်ငံများမှ အကူအညီများ တောင်းခံထားကြောင်း သိရသည်။ အော်ရီဂွန်၊ နယူးမက္ကဆီကိုနှင့် တက္ကဆက်ပြည်နယ်များအပါအဝင် အခြားပြည်နယ်များမှ မီးသတ်သမားများ၊ မီးသတ်ကားများနှင့် စောင့်ကြည့်ထောက်လှမ်းရေးလေယာဉ်များသည် တောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်၌ မကြာခဏတောမီးလောင်ကျွမ်းမှုဖြစ်ပွားသော်လည်း ယခုလောင်ကျွမ်းသည့်တောမီးသည် ပိုမိုပြင်းထန်လျက်ရှိကြောင်း အုပ်ချုပ်ရေးမှူး နယူးဆွမ်က ဆိုသည်။



**ကိုးကား– ဘီဘီစီ**
**ဘာသာပြန်–အောင်ကျော်ကျော်**



# ကမ္ဘာ့အသက်အကြီးဆုံး တောင်အာဖရိကနိုင်ငံသား အသက် ၁၁၆ နှစ်အရွယ်တွင် ကွယ်လွန်

**ကိတ်ပ်တောင်း ဩဂုတ် ၂၃**

ကမ္ဘာ့အသက်အကြီးဆုံး တောင်အာဖရိကနိုင်ငံသား ဖရက်ဒီဘလွမ်သည် အသက် ၁၁၆ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

ဖရက်ဒီဘလွမ်သည် ဂရင်းနစ်ကမ္ဘာ့စံချိန်တွင် ဖော်ပြခြင်းမခံခဲ့ရသော်လည်း ၁၉၀၄ ခုနှစ် မေလအတွင်းက ကိတ်ပ်ပြည်နယ်အရှေ့ပိုင်းတွင် မွေးဖွားခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ ကိုယ်ရေးအချက်အလက်အထောက်အထားများက ဖော်ပြထားသည်။

ဖရက်ဒီဘလွမ်၏ မိသားစုတစ်ခုလုံးသည် ၁၉၁၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် စပိန်တုပ်ကွေးကပ်ရောဂါကြောင့် သေဆုံးခဲ့ရပြီး ယင်းအချိန်က ဖရက်ဒီဘလွမ်သည် ဆယ်ကျော်သက်အရွယ်သာရှိသေးကြောင်း သိရသည်။ မစ္စတာဘလွန်းသည် ၎င်း၏အသက်အရွယ်အပိုင်းအခြားအများစုကို အလုပ်သမားတစ်ဦးအနေဖြင့်သာ ကုန်ဆုံးခဲ့ခြင်းဖြစ်ပြီး ပထမတွင် လယ်သမားတစ်ဦးအနေဖြင့် ရပ်တည်ခဲ့သည်။ နောက်ပိုင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏အသက် ၈၀ ပြည့်ချိန်တွင် အလုပ်မှအနားယူခဲ့ခြင်းဖြစ်သည်။

ဖရက်ဒီဘလွမ်သည် ဩဂုတ် ၂၂ ရက်က ကိတ်ပ်တောင်းမြို့တွင် သဘာဝအကြောင်းတရားများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏မိသားစုဝင်တစ်ဦးဖြစ်သည့် အန်ဒရီနေးဒူးက ပြောပြခဲ့သည်။ ထို့ပြင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးခဲ့ခြင်းမဟုတ်ကြောင်းလည်း အန်ဒရီနေးဒူးက ပြောပြခဲ့သည်။

**ကိုးကား–ဘီဘီစီ၊ ဘာသာပြန်–အလင်းသစ်**

# တောင်ကိုရီးယား၌ တစ်ရက်အတွင်း ၃၉၇ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် အသွားအလာကန့်သတ်မှု တင်းကျပ်

**ဆိုးလ် ဩဂုတ် ၂၃**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၇ ဦး ယနေ့ ထပ်မံတွေ့ရှိခဲ့ပြီးနောက် လွန်ခဲ့သည့် ငါးလကျော်ကတည်းက တစ်ရက်တာအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုနှုန်း အမြင့်မားဆုံး ဖြစ်လာခဲ့ရာ အာဏာပိုင်များက ရောဂါကူးစက်မှု ထိန်းချုပ်ရန် အသွားအလာကန့်သတ်မှုကို ပို၍တင်းကျပ်လျက်ရှိကြောင်း သိရသည်။

တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၇ ဦးအနက် အများစုမှာ နိုင်ငံတော်လူဦးရေ ၅၁ သန်း၏ ထက်ဝက်ခန့်နေထိုင်ရာ ဆိုးလ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကိုရီးယားနိုင်ငံ၏ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ်တားဆီးရေးဗဟိုဌာနက ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ရောဂါကူးစက်မှု ဆက်လက်ဖြစ်ပွားနေမည် ဆိုပါက တောင်ကိုရီးယား အာဏာပိုင်များအနေဖြင့် စာသင်ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများ ပိတ်ပင်ခြင်းအပါအဝင် ပိုမိုတင်းကျပ်သော အသွားအလာကန့်သတ်မှု ဥပဒေများကို ထုတ်ပြန်ကြေညာမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းလုံး ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် ကြုံတွေ့ရတော့မည့် အနေအထားတွင် ရှိနေသည့်အတွက် အလွန်ပင် စိုးရိမ်မိကြောင်း၊ ဖြစ်နိုင်ပါက ပြည်သူများအနေဖြင့် နေအိမ်၌သာ နေသင့်ကြောင်း၊ သို့သော် လက်ရှိ ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုအနေအထားသည် အဆင့်သုံးအခြေအနေသို့ မရောက်ရှိသေးကြောင်း ကိုရီးယားနိုင်ငံ၏ ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး ဗဟိုဌာန အကြီးအကဲ ဂျုံအီယောင်ကျောင်က သတင်းထောက်များအား ပြောပြသည်။

တောင်ကိုရီးယား အာဏာပိုင်များသည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် တင်းကျပ်သော အသွားအလာကန့်သတ်မှုကို ပြီးခဲ့သည့်သီတင်းပတ်က ဆိုးလ်မြို့နှင့် အနီးဝန်းကျင်ဒေသများ၌သာ ချမှတ်ထားသော်လည်း ယနေ့မှစ၍ ယင်း အသွားအလာကန့်သတ်မှု စည်းမျဉ်းစည်းကမ်းကို အခြားဒေသများသို့ ထပ်ပြီး တိုးချဲ့ချမှတ်ခဲ့သည်။

အဆိုပါ ကန့်သတ်ချက်အရ ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းခြင်းကဲ့သို့သော လူအများအပြား စုဝေးမှုကို တားမြစ်ကန့်သတ်ထားပြီး နိုက်ကလပ်၊ ကာရာအိုကေခန်းမများ၊ အရက်ဘီယာဆိုင်များနှင့် အင်တာနက်ဆိုင်များကို ပိတ်ပင်ထားကြောင်း သိရသည်။ ထို့အပြင် ကမ်းခြေအပန်းဖြေစခန်းအားလုံးကိုလည်း ပိတ်ထားသည်။

မြို့တော်ဆိုးလ်၌ နေထိုင်သော ပြည်သူများသည် ယနေ့ညမှစ၍ အိမ်တွင်းနှင့် အိမ်အပြင်ဘက် လူစည်ကားသည့် နေရာများတွင် နှာခေါင်းစည်းများကို မဖြစ်မနေ ဝတ်ဆင်ကြရန် ဆိုးလ်အစိုးရက ယနေ့ပြောကြားသည်။ လက်ရှိအချိန်တွင် တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၃၉၉ ဦးရှိပြီး ၎င်းတို့အနက် ၃၀၉ ဦးသည် ယင်းရောဂါကြောင့် သေဆုံးခဲ့သည်။ **ကိုးကား – အေအက်ဖ်ပီ**
**ဘာသာပြန် – ဂျေတီ**

# တောင်ဆူဒန်နိုင်ငံ၌ ကုန်တင်လေယာဉ် ပျက်ကျရာ ၁၇ ဦး သေဆုံး

**ဂျူဘား ဩဂုတ် ၂၃**

တောင်ဆူဒန်နိုင်ငံ၌ ယမန်နေ့နံနက်ပိုင်းက ကုန်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူ ၁၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး တစ်ဦး အသက်ရှင်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားခဲ့သည်။

လေယာဉ်ပျက်ကျမှုတွင် အသက်ရှင်ခဲ့သူ ခရီးသည်တစ်ဦးအား အရေးပေါ်အခြေအနေကြောင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း အထက်ပိုင်းနိုင်းတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ ဂျိုးဆက်မာယွမ်က ပြောသည်။ South West Aviation မှ အဆိုပါကုန်တင်လေယာဉ်သည် လေဆိပ်မှပျံတက်ပြီးနောက် ဂျူဘားမြို့တော်ရှိ ဟိုင်လူနေရီယာအတွင်း ပျက်ကျခဲ့ကြောင်း ၎င်းက ပြောသည်။ အဖွဲ့အစည်းတစ်ခုအတွက် ဝန်ထမ်းလစာငွေများ ပေးပို့ရန် ဂျူဘားမြို့မှ Aweil and Wau ဒေသသို့ သွားရောက်သည့် ကုန်တင်လေယာဉ်တစ်စင်း နံနက် ၉ နာရီခန့်တွင် ပျက်ကျခဲ့ကြောင်း ဂျူဘား အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ညွှန်ကြားရေးမှူး ကူကော်လ်က အတည်ပြုခဲ့သည်။

လေကြောင်းပို့ဆောင်ရေးဌာန အာဏာပိုင်များက အခင်းဖြစ်ပွားရသော အကြောင်းရင်းကို စုံစမ်းစစ်ဆေးမည်ဟု ၎င်းက ပြောသည်။ "လေယာဉ်ပေါ်ပါတာတွေကတော့ လစာငွေ၊ စက်ဘီး၊ တာယာ၊ ဘက်ထရီ၊ သစ်သီး၊ အပိုပစ္စည်းတွေနဲ့ စားသောက်ကုန်တွေ ဖြစ်ပါတယ်။ လေယာဉ်အမှုထမ်း အမည်တွေနဲ့ အရေအတွက်တော့ မပါပါဘူး" ဟု သူက ဆိုသည်။ ၂၀၁၈ ခုနှစ်အတွင်းက South West Company ပိုင် လေယာဉ်တစ်စင်း တောင်ဆူဒန်နိုင်ငံအရှေ့ပိုင်း လိပ်ခ်ဒေသ၌ ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူ ၁၇ ဦး သေဆုံးခဲ့သည်။

ထို ဖြစ်ရပ်နောက်ပိုင်း တောင်ဆူဒန်သမ္မတ ဆယ်လ်ဗာကားက နှစ် ၂၀ ကျော် သက်တမ်းရှိသော လေယာဉ်များ ခရီးသည်များ သယ်ယူပို့ဆောင်ခြင်း မပြုလုပ်ရန် ပိတ်ပင်ခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ကျော်ထိုက်စိုး**

# ဘီလာရုစ်နိုင်ငံ၏ လက်ရှိအခြေအနေအပေါ် အမေရိကန်နှင့် ရုရှားတာဝန်ရှိသူများတွေ့ဆုံဆွေးနွေးမည်

**မော်စကို ဩဂုတ် ၂၃**

ဩဂုတ် ၉ ရက်တွင် ကျင်းပပြီးစီးခဲ့သော ဘီလာရုစ်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲအပြီးတွင် နိုင်ငံတစ်ဝန်းလုံး၌ ဆန့်ကျင်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပေါ်နေသည့် ဘီလာရုစ်နိုင်ငံ၏ အခြေအနေများနှင့်ပတ်သက်၍ အမေရိကန်နှင့် ရုရှားနိုင်ငံတို့မှ အထက်တန်းတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြမည်ဟု ယနေ့သတင်းတွင် ဖော်ပြသည်။

ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂီရာဗ်ကော့ဗ်က ဆိုဗီယက်ယူနီယံအဖွဲ့ဝင်ဟောင်းဖြစ်သည့် ဘီလာရုစ်နိုင်ငံတွင် ဖြစ်ပေါ်နေသည့် မတည်မငြိမ်မှုများအား အမေရိကန်ပြည်ထောင်စုမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး စတီဖင်ဘီဂန်နှင့် မကြာမီတွင် တွေ့ဆုံဆွေးနွေးမည်ဟု ယမန်နေ့က ပြောကြားခဲ့သည်။

ဘီလာရုစ်သမ္မတ လူကာရှင်ကိုသည် သမ္မတရာထူးသက်တမ်းကို ခြောက်ကြိမ်မြောက် ရွေးကောက်တင်မြှောက်ခံရသော်လည်း အတိုက်အခံအုပ်စုများကမူ ရွေးကောက်ပွဲသည် အတုအယောင်မျှသာဖြစ်သည်ဟု ပြောကြားခဲ့သည်။

သမ္မတလူကာရှင်ကို နုတ်ထွက်ပေးရန် အတိုက်အခံများ၏ တောင်းဆိုမှုများသည် နိုင်ငံတစ်ဝန်းလုံးတွင် ဆန္ဒပြမှုများနှင့် သပိတ်မှောက်မှုများ ပျံ့နှံ့ဖြစ်ပွားပေါ်ပေါက်စေခဲ့သည်။

သမ္မတလူကာရှင်ကိုနှင့် သမ္မတရွေးကောက်ပွဲ ပြိုင်ဘက်ဖြစ်သူ ဆဗတ်လာနာတီခါနိုဗက်ကာရာက ၎င်းသည် ဗြိတိန်နှင့် ဂျာမနီနိုင်ငံအစိုးရများ၏ ထောက်ခံမှုများရရှိကြောင်း ပြောကြားခဲ့သည်။

သမ္မတလူကာရှင်ကိုသည် ဘီလာရုစ်ပြည်သူလူထုများအား ကြာရှည်စွာ ခြိမ်းခြောက်မှုများ မပြုလုပ်ဘဲ အနေးနှင့်အမြန် ရာထူးမှ နုတ်ထွက်သင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဘီလာရုစ်သမ္မတရွေးကောက်ပွဲ ကျင်းပပြီးနောက်တွင် သမ္မတလူကာရှင်ကို၏ ပြိုင်ဘက် ဆဗတ်လာနာသည် အိမ်နီးချင်းလစ်သူယေးနီးယားနိုင်ငံသို့ ထွက်ပြေးခဲ့သည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–ဇော်ဝင်း**

# အသက် ၁၂ နှစ်နှင့်အထက် ကလေးငယ်များ နှာခေါင်းစည်းဝတ်ဆင်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လမ်းညွှန်ချက်ထုတ်ပြန်

**ဂျီနီဗာ ဩဂုတ် ၂၃**
ကမ္ဘာ့နိုင်ငံများရှိ အသက် ၁၂ နှစ်နှင့်အထက် ကလေးငယ်များအနေဖြင့် နှာခေါင်းစည်း ဝတ်ဆင်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လမ်းညွှန်ချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကလေးငယ်များ ကိုရိုနာဗိုင်းရပ်စ် မည်သို့ကူးစက်သည်နှင့်စပ်လျဉ်း၍ သိရှိသူနည်းပါးကြောင်း၊ သို့ရာတွင် ဆယ်ကျော်သက်အရွယ်များသည်လည်း အရွယ်ရောက်ပြီးသူများကဲ့သို့ တူညီသောနည်းလမ်းများဖြင့် ကူးစက်မှုများရှိနိုင်ကြောင်း၊ အသက် ငါးနှစ်နှင့်အောက် ကလေးငယ်များမှာမူ ပုံမှန်အခြေအနေတွင် နှာခေါင်းစည်းမဝတ်ဆင်သင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိတွင် ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ၂၃ သန်းကျော် ရှိသွားပြီဖြစ်ကြောင်းနှင့် အမေရိကန်၊ ဘရာဇီးနှင့် အိန္ဒိယနိုင်ငံတို့မှာ ကူးစက်သေဆုံးမှု အများဆုံးနိုင်ငံများဖြစ်ကြောင်းလည်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ပြောကြားချက်အရ သိရသည်။ တောင်ကိုရီးယားနိုင်ငံ၊ လက်ဘနွန်နိုင်ငံနှင့် ဥရောပနိုင်ငံများတွင်မူ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် နောက်တစ်ကြိမ် မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

ထိုသို့ မြင့်တက်နေသော်လည်း ကိုဗစ်-၁၉ ရောဂါသည် နှစ်နှစ်အတွင်း ပြီးဆုံးသွားလိမ့်မည်ဟု မျှော်လင့်ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ ဂီဘရီယီးဆပ်က ပြောကြားခဲ့သည်။

ကိုးကား- ဘီဘီစီ
ဘာသာပြန်- အလင်းသစ်





# အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က တပ်စခန်းတစ်ခုအား အီရတ်တပ်မတော်သို့ လွှဲအပ်

**ဘဂ္ဂဒက် ဩဂုတ် ၂၃**
အိုင်အက်စ်စစ်သွေးကြွအုပ်စုအား နှိမ်နင်းတိုက်ခိုက်ရန် အထူးတာဝန်ပေးအပ်ခြင်းခံရသော အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့သည် အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်မြို့မှ မြောက်ဘက်ရှိ တပ်စခန်းတစ်ခုကို အီရတ်တပ်မတော်လက်ဝယ်သို့ ယနေ့လွှဲပြောင်းပေးအပ်ခဲ့ကြောင်း အီရတ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

အီရတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရန်နှင့် လက်နက်ခဲယမ်းများ တပ်ဆင်ပေးရန် ဩစတြေးလျ၊ နယူးဇီလန်နှင့် အမေရိကန်တပ်ဖွဲ့တို့ အသုံးပြုခဲ့သည့် အမှတ် (၈) တပ်စခန်းကို အီရတ်တပ်မတော် လက်ဝယ်သို့ လွှဲပြောင်းပေးခဲ့ကြောင်း အီရတ်ပူးတွဲစစ်ဆင်ရေးစစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ၏ ပြောကြားချက်ကို ကိုးကား၍ အီရတ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့၏ တပ်စခန်းတစ်ခု လွှဲပြောင်းခြင်း မှတ်တမ်းအား လက်မှတ်ရေးထိုးပေးသည့် အီရတ်ဝန်ကြီးချုပ်၏ ကိုယ်စားလှယ်ရှေ့မှောက်တွင် အဆိုပါ တပ်စခန်းကို အီရတ်တပ်ဖွဲ့သို့ လွှဲအပ်ခဲ့ကြောင်း၊ ညွန့်ပေါင်းတပ်ဖွဲ့သည် အီရတ်နိုင်ငံရှိ ကျန်တပ်စခန်းများကိုလည်း အီရတ်တပ်မတော်ထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

ဘဂ္ဂဒက်မြို့အနီးတွင် တည်ရှိသော အယ်လ်တာဂျီတပ်စခန်းသည် အလွန်ကြီးမားသောစခန်းတစ်ခုဖြစ်ပြီး ယင်းစခန်းထဲတွင် လေတပ်အခြေစိုက်စခန်းတစ်ခု ပါရှိကာ အမေရိကန်တပ်ဖွဲ့တချို့ကို ယင်းလေတပ်အခြေပြုစခန်း၌ တပ်ချထားကြောင်း သိရသည်။

အီရတ်ဝန်ကြီးချုပ် မူစတာဖာအယ်လ်ကာဒီမီနှင့် ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်၏ ဖိတ်ကြားချက်အရ ဩဂုတ် ၁၈ ရက်က အမေရိကန်ပြည်ထောင်စုသို့ ဦးတည်ထွက်ခွာခဲ့ပြီး အမေရိကန်သို့ရောက်ရှိစဉ်တွင် အမေရိကန်အရာရှိများနှင့် အစည်းအဝေးအများအပြား ကျင်းပခဲ့သည့်အပြင် ဒုတိယအကြိမ်မြောက် အမေရိကန်- အီရတ် အကြား မဟာဗျူဟာဆွေးနွေးပွဲကိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နှင့် အီရတ်နိုင်ငံအကြား ဆက်ဆံရေးမှာ ယခုနှစ် ဇန်နဝါရီ ၃ ရက်က ဘဂ္ဂဒက်လေဆိပ်ရှိ ယာဉ်တန်းကို အမေရိကန်မောင်းသူမဲ့ ဒရုန်းလေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ပြီးနောက် ဆက်ဆံရေးတင်းမာခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုတွင် အီရန်တော်လှန်ရေးအစောင့်တပ်၏ တပ်မှူး ကာဆမ်းဆိုလန်းမန်းနီလည်း သေဆုံးခဲ့သည်။

သို့သော် ဇွန် ၁၂ ရက်က အမေရိကန်နှင့် အီရတ် အကြား မဟာဗျူဟာဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပြီး အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံတွင် အမြဲတမ်းတပ်စခန်းများထားရှိမှာ မဟုတ်သလို လာမည့်လများမှစတင်ကာ အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ကို ဆက်လက်လျှော့ချသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အိုင်အက်စ်စစ်သွေးကြွအုပ်စု တိုက်ခိုက်ရေးနယ်ပယ်၌ အီရတ်တပ်ဖွဲ့ကို အကူအညီပေးရန်နှင့် အီရတ်တပ်ဖွဲ့ဝင်များအား စစ်ပညာလေ့ကျင့်သင်ကြားပေးရန် ရည်ရွယ်ချက်ဖြင့် အီရတ်နိုင်ငံ၌ တပ်ဖွဲ့ဝင် ၅၀၀၀ ကျော် ဖြန့်ကြက်ထားကြောင်း သိရသည်။

အဆိုပါ တပ်ဖွဲ့ဝင်များသည် အီရတ်နှင့် ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်စစ်သွေးကြွများအား လေကြောင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နေသည့် အမေရိကန်ဦးဆောင်သော နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့၏ အစိတ်အပိုင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| | ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ | ၂၃၄၁၀၉၈၈ ဦး |
| | သေဆုံးသူ | ၈၀၉၁၄၂ ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၁၅၉၄၃၅၁၀ ဦး |

# အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၉၂၃၉ ဦးတွေ့ရှိ ရောဂါကူးစက်ခံရသူပေါင်း သုံးသန်းကျော်ရှိလာ

**နယူးဒေလီ ဩဂုတ် ၂၃**
အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၉၂၃၉ ဦး တွေ့ရှိခဲ့ပြီးနောက် ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၄၄၉၄၀ ရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနမှ ယနေ့ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၉၁၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၆၇၀၆ ဦး ရှိလာကြောင်း သိရသည်။

အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၈၀၅၆၆ ဦးကို အောင်မြင်စွာ ဆေးဝါးကုသပေးခဲ့ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ လက်ရှိအချိန်၌ လူနာ ၇၀၇၆၆၈ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ပြီးခဲ့သည့် သီတင်းပတ်များမှ စတင်ကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လာပြီး ဩဂုတ် ၂၂ ရက်က လူဦးရေ ၁၀၂၃၈၃၆ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းလုံး၌ လူဦးရေ ၃၄၄၉၁၀၇၃ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



# တူရကီနိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သုံးဦးသေ၊ ၁၁ ဦး ပျောက်ဆုံး

**အန်ကာရာ ဩဂုတ် ၂၃**
တူရကီနိုင်ငံ ပင်လယ်နက်ဒေသ ကမ်းရိုးတန်းတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့်ဖြစ်ပွားသည့် ရေကြီးရေလျှံမှုများကြောင့် လူသုံးဦးသေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ယနေ့ပြောကြားသည်။

ဂီရီဆန်ပြည်နယ် တောင်ပေါ်မြို့ ဒီရီလီမြို့ဝန်းကျင်၌ ရေကြီးမှုဖြစ်ပွားခဲ့ပြီး လူ ၁၁ ဦး ပျောက်ဆုံးခဲ့သည်။ "ရှာဖွေရေးနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေပြုလုပ်ခဲ့ရာမှာ လက်ရှိအချိန်ထိ ပြည်သူ ၁၂၇ ဦးကို ကယ်တင်နိုင်ခဲ့ပါတယ်" ဟု ပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆွိုင်လူက ဒီရီလီမြို့သို့ သွားရောက်စဉ်အတွင်း ပြောကြားခဲ့သည်။

သေဆုံးသူများအနက် တစ်ဦးမှာ ရဲအရာရှိတစ်ဦးဖြစ်ပြီး ၎င်း၏မော်တော်ကားမှာ ရေစီးနှင့်အတူ မျောပါသွားခဲ့သည်။ ကမ်းရိုးတန်းမှ ၁၂ မိုင်ခန့်အကွာတွင် တည်ရှိသည့် ဒီရီလီမြို့ လမ်းမကြီးတစ်လျှောက် မော်တော်ကားများ၊ အပျက်အစီးများ ရေစီးနှင့်မျောပါသွားပုံကို ရုပ်သံပြကွက်များက ပြသခဲ့သည်။

ယမန်နေ့ညနေပိုင်းက ပင်လယ်နက်ကမ်းခြေတစ်လျှောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအဆောက်အအုံတချို့ ပျက်စီးခဲ့သလို ဂီရီဆန်ပြည်နယ် အရှေ့ပိုင်းမိုင် ၁၁၀ ခန့်အကွာ ရီဇီပြည်နယ်၌လည်း မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

ကိုးကား- အေအက်ဖ်ပီ
ဘာသာပြန်- ကျော်ထိုက်စိုး

## တစ်တော့ခ်အက်ပလီကေးရှင်းက အမေရိကန်အစိုးရအဖွဲ့အား တရားစွဲဆိုမည်

ဝါရှင်တန် ဩဂုတ် ၂၃

တစ်တော့ခ်အက်ပလီကေးရှင်းအား အမေရိကန်အစိုးရက နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်မှုများ ပိတ်ပင်ခဲ့သည့်အတွက် တစ်တော့ခ်အက်ပလီကေးရှင်းက အမေရိကန်အစိုးရအား တရားစွဲဆိုရန် ပြင်ဆင်လျက်ရှိကြောင်း ယနေ့ သတင်းများအရ သိရသည်။

သမ္မတထရမ့်က တစ်တော့ခ်အက်ပလီကေးရှင်းပိုင် Byte Dance ကုမ္ပဏီအနေဖြင့် အမေရိကန်နိုင်ငံအတွင်း လုပ်ငန်းလည်ပတ်မှုများကို အမေရိကန်နည်းပညာကုမ္ပဏီတစ်ခုအား ရောင်းချရမည်ဖြစ်ပြီး အကယ်၍ရောင်းချခြင်းမရှိပါက ၂၀ ရက်အတွင်း လုပ်ငန်းလည်ပတ်မှုများ ရပ်ဆိုင်းရမည်ဖြစ်သည်ဟု မကြာသေးမီက ပြောကြားခဲ့သည်။

သမ္မတထရမ့်၏ ပိတ်ပင်မှုနှင့်ပတ်သက်ပြီး ၎င်းတို့အနေဖြင့် ရွေးချယ်စရာမရှိကြောင်းနှင့် ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်တော့ခ်အက်ပလီကေးရှင်းက ပြောကြားခဲ့သည်။

တစ်တော့ခ်အက်ပလီကေးရှင်း၏ လုပ်ငန်းလည်ပတ်မှုကို ရပ်ဆိုင်းရန် အကျပ်ကိုင်ပြောကြားခဲ့ခြင်းကြောင့် သမ္မတထရမ့်ဦးဆောင်သော အစိုးရအဖွဲ့အား တရားစွဲဆိုမည်ဖြစ်သည်ဟု Byte Dance ကုမ္ပဏီက ယနေ့တရားဝင်ပြောကြားခဲ့သည်။

ထို့ပြင် ၎င်းတို့၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်သည်ဟု Byte Danceကုမ္ပဏီ၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

**ကိုးကား– စီအင်န်အင်န်၊ ဘာသာပြန်– အောင်ကျော်ကျော်**






## အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ ပြည်သူ ၈ ဒသမ ၃ သန်းကျော် ရေဘေးသင့်၊ ၂၇ ဦး သေဆုံး

နယူးဒေလီ ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ရေကြီးရေလျှံမှုများကြောင့် ပြည်သူ ၈ ဒသမ ၃ သန်းကျော် ရေဘေးသင့်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘီဟာပြည်နယ် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဦးစီးဌာန၏ အဆိုအရ လက်ရှိဖြစ်ပွားနေသော ရေကြီးရေလျှံမှုများကြောင့် ပြည်နယ်အတွင်းရှိ ခရိုင် ၁၆ ခုနေ ပြည်သူ ၈ ဒသမ ၃ သန်းကျော် ရေဘေးသင့်ခဲ့သည်ဟု သိရသည်။ ထို့အပြင် ရေဘေးကြောင့် ခရိုင်ခြောက်ခုတွင် လူ ၂၇ ဦး သေဆုံးခဲ့ကြောင်း၊ ရေဘေးသင့်ခရိုင်များရှိ မြစ်များ၊ ချောင်းငယ်များသည် စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ရေဘေးကြောင့် လူနေရပ်ယာများ ရေနစ်မြုပ်ခဲ့ရာ ရေကာတာများအတွက် ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာခဲ့သည်။ နေအိမ်များအတွင်း ရေများဝင်လာခဲ့ပြီး ဒေသခံများက လှေများအသုံးပြု၍ သွားလာနေရသည်။ ဘေးအန္တရာယ်တုံ့ပြန်ရေး တပ်ဖွဲ့ဝင်များပါဝင်သည့် အဖွဲ့ ၂၆ ဖွဲ့ကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရေဘေးသင့်ဒေသများသို့ စေလွှတ်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ပြည်သူငါးသိန်းကျော်ကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ပေးခဲ့ရသည်ဟု တာဝန်ရှိသူများက ဆိုသည်။ ဘီဟာပြည်နယ်၌ ဇူလိုင်လ ၁၃ ရက် ကတည်းက ရေကြီးရေလျှံမှုများ ဖြစ်ပွားနေခြင်းဖြစ်သည်။

**ကိုးကား––ဆင်ဟွာ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

## အာဖဂန်တောင်ပိုင်း၌ စစ်သွေးကြွများက တိုက်ခိုက် ရဲတပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

ကဘူး ဩဂုတ် ၂၃

အာဖရန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တောင်ပိုင်းတွင် ဩဂုတ် ၂၁ ရက် ညက တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အာဖဂန်အမျိုးသားရဲတပ်ဖွဲ့ (အေအင်န်ပီ)မှ တပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး နှစ်ဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ယမန်နေ့တွင် ပြောကြားသည်။

ဩဂုတ် ၂၁ရက် ညပိုင်းတွင် စပင်ဘောဒက်ခရိုင်ရှိ ရှာဒက်ဒေသ၌ စစ်သွေးကြွများက ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းကို စတင်တိုက်ခိုက်ခဲ့ရာ ပစ်ခတ်တိုက်ခိုက်မှုများ နာရီအတန်ကြာဖြစ်ပွားခဲ့သည်။

ယင်းတိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ဝင်လေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရခဲ့သည်ဟု ပြောရေးဆိုခွင့်ရှိသူ ဂျမဲလ် ဘာရာကဇိုင်က ဆင်ဟွာသို့ ပြောကြားသည်။

တိုက်ပွဲဖြစ်ပွားသည့်နေရာမှ သွေးထွက်သံယိုမှုများကို အခြေခံ၍ စစ်သွေးကြွများလည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း ၎င်းက ဆိုသည်။

ကန်ဒါဟာပြည်နယ်၏ အစိတ်အပိုင်းများကို ထိန်းချုပ်ထားသည့် တာလီဘန်စစ်သွေးကြွများသည် နယ်မြေဒေသကြမ်းတမ်းခက်ထန်မှုနှင့် တောင်တန်းများကို အကာအကွယ်ယူကာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအား မကြာခဏပင် ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်လျက်ရှိသည်။

**ကိုးကား– ဆင်ဟွာ၊**
**ဘာသာပြန် – ဇော်ဝင်း**

## အိုင်အေအီးအေအကြီးအကဲ အီရန်သို့သွားရောက်မည်

ဂျီနီဗာ ဩဂုတ် ၂၃

ကုလသမဂ္ဂ၏ အဏုမြူဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ အကြီးအကဲသည် အီရန်နိုင်ငံ၏ အဆင့်မြင့်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဩဂုတ် ၂၄ ရက်တွင် အီရန်နိုင်ငံသို့ သွားရောက်မည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အီရန်နိုင်ငံအား လက်နက်ရောင်းချမှု ပိတ်ဆို့ထားမှုကို ဆက်လက်ထားရှိရန်နှင့် ၂၀၀၆ ခုနှစ်က ချမှတ်ခဲ့သည့် ကုလသမဂ္ဂ၏ ဒဏ်ခတ်ပိတ်ဆို့မှုအား ပြန်လည်ချမှတ်ရန် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှုများကြောင့် ဥရောပမဟာမိတ်နိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုအကြား တင်းမာမှုများမြင့်တက်လာစဉ် အိုင်အေအီးအေ အကြီးအကဲ၏ အီရန်ခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းခရီးစဉ်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ အကြီးအကဲဖြစ်လာသည့် ရာဖေးမာရီယိုဂရိုစီ၏ ပထမဆုံး အီရန်နိုင်ငံသို့ သွားရောက်မည့် ခရီးစဉ်လည်းဖြစ်သည်။

**ကိုးကား– အေအက်ဖ်ပီ**
**ဘာသာပြန်– ဇော်ဝင်း**

## ပီရူးနိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါကန့်သတ်ချက်များ ချိုးဖောက်သည့် နိုက်ကလပ်အား ရဲတပ်ဖွဲ့က စီးနင်းရာ ၁၃ ဦး သေဆုံး

လီမာ ဩဂုတ် ၂၃

လူစုလူဝေးပြုလုပ်ခြင်းများကဲ့သို့သော ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ပိတ်ပင်မှုများ ထုတ်ပြန်ထားလင့်ကစား ပါတီပွဲတစ်ခုကျင်းပရာ ပီရူးနိုင်ငံ လီမာမြို့တော်ရှိ နိုက်ကလပ်တစ်ခုကို ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ရာ ကြိတ်ကြိတ်တိုးနေသော လူအုပ်အတွင်း ၁၃ ဦးထက်မနည်း အသက်ရှူကျပ်သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပီရူးနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဘေးကြောင့် ဆိုးရွားစွာထိခိုက်ခဲ့ပြီး ယခုလအတွင်း တင်းကျပ်သော လှုပ်ရှားမှုကန့်သတ်ချက်များ ပြန်လည်ချမှတ်ခဲ့သည်။ တရားမဝင်မွေးနေ့ပါတီကို ယမန်နေ့က လူမှုကွန်ရက်မှတစ်ဆင့် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ပြီး လူ ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း ပီရူးပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ ရဲတပ်ဖွဲ့က ပါတီအား စီးနင်းရာတွင် မည်သည့်လက်နက်မျှ မသုံးခဲ့ကြောင်း၊ တက်ရောက်သူများက တစ်ဦးနှင့် တစ်ဦးနင်းမိကာ အသက်ရှူကျပ်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ဆိုသည်။

ရဲတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် လူခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်းဝန်ကြီးဌာနက ပြောသည်။ သေဆုံးသူများမှာ အသက် ၂၀ ဝန်းကျင်အရွယ်များဖြစ်ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြခဲ့သည်။ "အခုလို ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်နေချိန်မှာ ဒီလိုမျိုး မဖြစ်သင့်ပါဘူး။ နိုက်ကလပ်ပိုင်ရှင်တွေကို ထိထိရောက်ရောက်အရေးယူအပြစ်ပေးဖို့ ကျွန်မပြောလိုပါတယ်" ဟု အမျိုးသမီးရေးရာဝန်ကြီးရိုဆာရီယိုက ပြောသည်။ လူပေါင်း ၂၃ ဦးကို ထိန်းသိမ်းခဲ့ပြီး အာဏာပိုင်များက ပွဲကျင်းပသူများနှင့် နိုက်ကလပ်ပိုင်ရှင်များ ဖော်ထုတ်ရန် ကြိုးပမ်းနေသည်ဟု ဝန်ကြီးဌာနက ဆိုသည်။

လူဦးရေ ၃၃ သန်းခန့်ရှိသော ပီရူးနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ငါးသိန်းကျော်နှင့် သေဆုံးသူ ၂၇၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုးကား––အေအက်ဖ်ပီ**
**ဘာသာပြန်–ကျော်ထိုက်စိုး**



# ဖိလစ်ပိုင်နိုင်ငံသို့ DHL အမြန်ချောပို့ဖြင့် ပို့ဆောင်မည့် ငွေကျပ် ၇၆၅ သိန်းကျော် တန်ဖိုးရှိ အိုက်စ်(မက်အက်ဖက်တမင်း)များနှင့် ပါဝင်ပတ်သက်သော နိုင်ဂျီးရီးယားနိုင်ငံသားများအား ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၂၃

ဖိလစ်ပိုင်နိုင်ငံသို့ DHL အမြန်ချောပို့ဖြင့် ပို့ဆောင်မည့် ငွေကျပ် ၇၆၅ သိန်းကျော် တန်ဖိုးရှိ အိုက်စ်(မက်အက်ဖက်တမင်း)များနှင့် ပါဝင်ပတ်သက်သော နိုင်ဂျီးရီးယားနိုင်ငံသားများအား ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။


ဒေါ်မြင့်မြင့်ငြိမ်း၊ မမြင့်မြင့်ငြိမ်း(ခ)မိုးမိုး၊ သိန်းထွန်း၊ Mr. Obumkaemere Kelechi Thankgod တို့အား သိမ်းဆည်းရမိသည့် အိုက်စ်(မက်အက်ဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃)ရပ်ကွက် အင်းစိန်လမ်းမကြီးပေါ်ရှိ DHL ရုံးသို့ ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက ပါဆယ်ပစ္စည်း လာရောက်ပို့ဆောင်မှု၌ မသင်္ကာဖွယ်ရာ ပါဆယ်ထုပ်တွေ့ရှိကြောင်း သတင်းပို့ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ပါဆယ်ထုပ် လာရောက်ပို့ဆောင်သူ မမြင့်မြင့်ငြိမ်း(ခ)မိုးမိုး(၃၈)နှစ်၊ ဒေါ်မြင့်မြင့်ငြိမ်း(၅၆)နှစ်နှင့် သိန်းထွန်း(၃၄)နှစ်တို့သုံးဦးအား တွေ့ရှိပြီး ပါဆယ်ထုပ်တွင် ပေးပို့သူလိပ်စာ၌ Ma Cho Zin Htoo, No 6, Shwe Hnin Street, Sher Mya Yar Industrial Zone, Hmawbi Tsp, Yangon, Myanmar နှင့် လက်ခံသူလိပ်စာ၌ TONABEL P-SAN, REDRO 036 PUROK 2 LOURDE S LUBAO PAMPANFA2005-LUBAO.PM PAMPANGA-PHILIPPNES ဟု ဖော်ပြပါရှိကြောင်း။


နိုင်ဂျီးရီးယားနိုင်ငံသား Mr. Iziga Innocent Chinonso ၊ Mr.Duru Tochukwu Christian နှင့် Mr.Obiefuna Benjamin Tochukwu တို့ သုံးဦးအားတွေ့ရစဉ်။

ပါဆယ်ထုပ်အား စစ်ဆေးရာ ကလေးစီးသည့်ကားနှင့် ၎င်းကားဘီးလေးဘီးအတွင်းမှ အိုက်စ်(မက်အက်ဖက်တမင်း) သုည ဒသမ ၉၅၇ ကီလို တန်ဖိုးငွေကျပ် ၇၆၅ ဒသမ ၅ သိန်းအား သိမ်းဆည်းရမိခဲ့၍ ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ ပို့ဆောင်ခိုင်းသူ နိုင်ဂျီးရီးယားနိုင်ငံသား Mr. Obumkaemere Kelechi Thankgod (၃၂)နှစ်အား ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ရွှေနှင်းဆီအိမ်ရာ၊ အမှတ်(၆၁) ရပ်ကွက်၊ တိုက်(B-3)၊ အခန်း(၁၅၀၇) တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းအားစစ်ဆေးရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံမှ နိုင်ဂျီးရီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသူ Mr. Agu Chukwunonso Peter က ဖိလစ်ပိုင်နိုင်ငံရှိ ၎င်း၏ဇနီးဖြစ်သူထံ အဆိုပါ ပါဆယ်ထုပ်ကို ပေးပို့ခိုင်းခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း။

Mr. Obumkaemere Kelechi Thankgod ငှားရမ်းနေထိုင်သည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ နေအိမ်ကို ဝင်ရောက်စစ်ဆေးစဉ် ၎င်းနှင့်အတူ နိုင်ဂျီးရီးယားနိုင်ငံသား Mr.Duru Tochukwu Christian ၂၂ နှစ်၊ Mr. Iziga Innocent Chinonso ၂၄ နှစ်နှင့် Mr.Obiefuna Benjamin Tochukwu ၃၁ နှစ်တို့ကိုလည်း တွေ့ရှိစစ်ဆေးရာ ဗီဇာသက်တမ်းကျော်လွန်နေထိုင်ကြောင်း ပေါ်ပေါက်သဖြင့် ၎င်းတို့ကိုလည်း မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေအရ ဆက်လက်အရေးယူမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# ဖားကန့်၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

ဖားကန့် ဩဂုတ် ၂၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဒုတိယလှိုင်း ကြိုတင်ကာကွယ်ဆောင်ရွက်မှု ပထမခြေလှမ်းအနေဖြင့် မြို့နယ်လုံးကျွတ် နှာခေါင်းစည်းများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးဆောင်ပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိ/ရပ်ဖများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လမ်းသွားလမ်းလာ ပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ကာ ကာမိုင်း စုပေါင်းစစ်ဆေးရေးဂိတ်၊ လုံးခင်းလယ်ပြင်ရှိ ဝသုန္ဒရီဂိတ်၊ အင်းတော်ကြီးဒေသနှင့် ဆက်သွယ်ထားသည့် ဝေခါမကာပင်ဂိတ်၊ မိုးညှင်းမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး အစပ်ရှိ ဆယ်ဇင်းဂိတ်တို့၌ ကိုယ်အပူချိန်တိုင်းတာစစ်ဆေးခြင်း၊ ရောဂါဖြစ်ပွားရာဒေသမှ ဝင်ရောက်လာသူများအား ၁၄ ရက် အသွားအလာ ကန့်သတ်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ဇူလိုင် ၁ ရက်မှ စတင်ကာ အဆိုပါ ဂိတ်များအားလုံးတွင် အသွားအလာကန့်သတ်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုအား ဖြေလျှော့ပေးခဲ့သည်။ **တာလင်းမောင်(ပြန်/ဆက်)**



# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၃

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀ ဒသမ ၂၅၉ သန်းတန်ဖိုးရှိ ရွှေဖြူရော်ဘာခြံရှောင်ကွင်းလမ်းအတွင်း စုပုံထားသော တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ဆေးဝါး ၁၂ မျိုး Capirox-20(Capsule)၊ Pencillin (Tablets)၊ Dimenhydrinate (Tablets) ၊ Glucose (Injection)၊ Depo-Progesta၊ Tiffy Syrup၊ kenoral (Tablets)၊ Cadramine-V lotion၊ kenoral Cream၊ Ampavit၊ Pyridoxine Hydrochloride (Injection)၊ Chloram Ointment နှင့် တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် ဖုန်စုပ်စက် (Smart Home)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်မှ ဖုန်အင်ချောင်းကူးတံတား ပြန်လည်ပြုပြင်

မြစ်ကြီးနား ဩဂုတ် ၂၃

မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်း မိုင်တိုင်အမှတ်(၁၃၈/၆ နှင့် ၁၃၈/၇)ကြား တံတားအမှတ် (၁၀/၁၃၉) အရှည် ၂၅၅ ပေရှိ ဖုန်အင်တံတားသည် ဩဂုတ် ၂၁ ရက် နံနက် ၄ နာရီခန့်က မြစ်ကြီးနားမှ ပူတာအိုသို့ ဘီလပ်မြေအိတ် ၂၀၀၊ ဆိုင်ကယ်အစီး ၃၀ တင်၍ ဦးမင်းမင်း မောင်းနှင်လာသည့် ၁၀ ဘီးယာဉ်သည် တံတားပေါ်ဖြတ်မောင်းစဉ် တံတားကျိုးကျမှုဖြစ်ပွားခဲ့သည်။

တံတားကျိုးပြီး ကားပြုတ်ကျမှုကြောင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ထိခိုက်ဒဏ်ရာများရရှိသွားသဖြင့် ဆေးရုံတင်ထားရကြောင်း သိရသည်။



တံတားကျိုးကျမှုအား တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)နှင့် မြစ်ကြီးနားမြို့နယ် လမ်းဦးစီးဌာနတို့ ပူးပေါင်းပြီး ပြန်လည်ပြုပြင်နိုင်ရေးအတွက် ဘေလီသံပေါင်များ စတင်တပ်ဆင်နေပြီဖြစ်သည်။ တံတားပြုပြင်ရေးလုပ်ငန်းကို သုံးရက်မှ ငါးရက်အတွင်း အပြီးတည်ဆောက်သွားမည်ဟု မြစ်ကြီးနားမြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။ **ခရမ်း-စိုးမြင့်**

# ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များ ထောက်ပံ့



ကျိုက်ထို ဩဂုတ် ၂၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကိုဗစ်-၁၉ ကာလတွင် မြို့နယ်အတွင်း ငါးသားပေါက်ပေးအပ်ပွဲကို ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၌ ယမန်နေ့က ပြုလုပ်ခဲ့သည်။

ထို့နောက် တန်ဖိုးငွေကျပ် ၁၀၄၄၀၀ တန်ဖိုးရှိ အကောင် ၂၀၀ ပါ(ငါးမြစ်ချင်း)ငါးသားပေါက်အိတ် ၂၆၁ အိတ် ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၅၂၂၀၀ ကို ကျိုက်ထိုမြို့နယ် ကြာဖြူကျေးရွာရှိ ငါးမွေးတောင်သူ ၁၁ ဦးအား တစ်ဦးလျှင် ၂၃ အိတ်နှုန်းဖြင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲကျင်းပရန် ၇၆ ရက်သာ လိုတော့သည်။

ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (ဓ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်နေရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်အရောက် ပေးပို့သွားရန်
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက်အရောက် ပေးပို့ရန်
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေး ဆောင်ရွက်ရန်
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## မဲဆန္ဒရှင်စာရင်းများ ပြန်လည်ဖြည့်စွက်ပြင်ဆင်ခြင်းနှင့် ပြည့်စုံမှန်ကန်မှုရှိစေရန် အိမ်တိုင်ရာရောက်ကွင်းဆင်းဆောင်ရွက်

မန္တလေး ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီးတွင် ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ကပ်ထားကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းများမှ ပြင်ဆင်ကန့်ကွက်တောင်းဆိုရန် လျှောက်ထားသူများအတွက် ပြန်လည်ဖြည့်စွက်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် ဒုတိယအကြိမ်အဖြစ် ထပ်မံကြေညာပေးမည့် မဲဆန္ဒရှင်စာရင်းများတွင် ပြည့်စုံမှန်ကန်မှုရှိစေရန် အိမ်တိုင်ရာရောက် ကွင်းဆင်းစိစစ်မှုများအား ဩဂုတ် ၁၅ ရက်မှစတင်၍ လုပ်ဆောင်လျက်ရှိကြောင်း တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်ကျော်စိုးက ပြောသည်။

"ပထမအကြိမ် ကြေညာခဲ့တဲ့ မဲစာရင်းတွေထဲက ပြင်ဆင်ကန့်ကွက်တောင်းဆိုသူတွေအတွက် ပြန်လည်ဖြည့်စွက် ပြင်ဆင်နုတ်ပယ်မှုလုပ်ငန်းတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့ သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ကျွန်တော်တို့ကော်မရှင်က ဝန်ထမ်းတွေနဲ့ ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်တွေ ပူးပေါင်းပြီး အခြားဌာနတွေက ကွန်ပျူတာကျွမ်းကျင်တဲ့ ဝန်ထမ်း ငါးဦးစီနဲ့အတူ ဩဂုတ်လကုန်မှာ အပြီးပြင်ဆင်ဖြည့်စွက်နိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မဲပေးပိုင်ခွင့်ရှိသူ ၄၅၇၈၀၁၃ ဦးရှိပြီး ၎င်းမဲစာရင်းများအား ပထမအကြိမ်အဖြစ် ကပ်ထားကြေညာခဲ့သည့် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ၂၁ ရက်တာကာလအတွင်း လာရောက်ကြည့်ရှုသူ ၁၄၃၉၄၁၆ ဦးရှိပြီး ၎င်းတို့အနက် ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၁၄၆၆၁၃ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၃၄၈၉၈ ဦး၊ ပုံစံ(၄-က)ဖြင့် ပြင်ဆင်သူ ၆၈၂၃၂ ဦး စုစုပေါင်း ၂၄၉၇၄၃ ဦးရှိကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများအရ မဲပေးပိုင်ခွင့်ရှိသူ ၄၅၇၈၀၁၃ ဦးအနက် မသန်စွမ်းဦးရေမှာ အမျိုးသား ၄၂၈၂ ဦးနှင့် အမျိုးသမီး ၄၈၇၁ ဦး စုစုပေါင်း ၉၁၅၃ ဦး ပါဝင်နေပြီး မသန်စွမ်းမဲဆန္ဒရှင်အများဆုံးမှာ မြင်းခြံခရိုင်ဖြစ်ပြီး ရမည်းသင်းခရိုင်၌ မသန်စွမ်းမဲဆန္ဒရှင်ဦးရေ အနည်းဆုံးဖြစ်ကြောင်းနှင့် မသန်စွမ်းအများဆုံးရှိသည့် မဲဆန္ဒနယ်မြေများတွင် စံပြမဲရုံများထားရှိရန် စီစဉ်ထားကြောင်း သိရသည်။

ယခုနှစ်တွင်ကျင်းပမည့်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း အဆိုပါစာရင်းများအရ မဲရုံပေါင်း ၅၄၅၅ ရုံ ဖွင့်လှစ်ရန် လျာထားပြီး ပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ လွှတ်တော် ကိုယ်စားလှယ်လောင်း ၅၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် အမည်စာရင်းတင်သွင်းထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)



## မင်းတပ်မြို့၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေးအတွက် အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေး

မင်းတပ် ဩဂုတ် ၂၃

မင်းတပ်မြို့ရှိ ပြည်သူများ၏မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေးအတွက် ကုတ်နံပါတ်များနှင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

မင်းတပ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် အိမ်ထောင်စုတစ်စုကို ကုတ်နံပါတ်တစ်ခု သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါကုတ်နံပါတ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မိသားစုဝင်စာရင်းများ ဖော်ပြပါရှိသည့်အတွက် မဲစာရင်းတွင် အမည်စာရင်းကျန်ရှိမှု ရှိ၊ မရှိကို အလွယ်တကူသိရှိနိုင်ကာ ပုံစံ(၃-က)ဖြင့် ပြန်လည်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းတပ်မြို့နယ်ရှိ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် ဩဂုတ်၂၀ ရက်မှစ၍ အိမ်ထောင်စုအလိုက် Door To Door ကုတ်နံပါတ်ကပ်ခြင်းနှင့် မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဆလိုင်းအောင်(ပြန်/ဆက်)

## ကျန်းမာရေးလောက် ကြီးမားတဲ့ လာဘ်လာဘမရှိ



ယခုအခါ စစ်တွေမှာ Covid ရောဂါပိုးတွေ့ရှိထားမှု များနေတာ ပြည်သူများ သိပြီးထင်ပါတယ်။ ရောဂါရသူ မည်သူမဆို စိတ်မချမ်းမသာ ဘယ့်လောက်ဖြစ်မယ်ဆိုတာ မှန်းဆနိုင်တာကြောင့် မပြောချင်ပေမဲ့ အများပြည်သူ သတိရှိနိုင်ရန်အတွက် ပြောပါရစေ။ ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို ချိုးဖောက်ပြီး အလည်အပတ်ခရီးထွက်ခဲ့တဲ့ ဝန်ထမ်း ၃-၄ ဦးကတစ်ဆင့် Covid ရောဂါ ပြန့်ပွားမှုကြောင့် ယခု စစ်တွေမှာ အိမ်တွင်းနေရန် ညွှန်ကြားချက်နဲ့ အခြား Covid ရောဂါ ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများ ထုတ်ပြန်ထားရပါပြီ။ ရောဂါထိန်းချုပ်နိုင်ဖို့အတွက် လူအင်အား၊ ငွေအင်အား အများအပြား ထုတ်သုံးနေရပါပြီ။

ကျန်းမာရေးလောက်ကြီးမားတဲ့ လာဘ်လာဘမရှိပါဘူး။ ပြည်သူတွေ သတိထားကြပါ။ ပြည်သူသာလျှင် အဓိကပါ။

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၁-၈-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ကိုးဦးထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၄၅၀ ရှိသွားပြီ

**နေပြည်တော် ဩဂုတ် ၂၃**

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ကိုးဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၅၀ ရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ကိုးဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ တစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ရှစ်ဦး ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၄၅၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၃၅ ဦးနှင့် ဩဂုတ် ၂၂ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၈ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၅၁၆၇ | ၄၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၄၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇,၅၂၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၃၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၂ | ၅ |
| ၂ | ရခိုင် | ၇၅ | |
| ၃ | ချင်း | ၁၈ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၄၅၀ | ၆ |

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၃-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၈၄၂၁၅၃ | ၃၁၄၈၀၈၀ | ၁၈၀၁၉၁ |
| ၂။ | ဘရာဇီး | ၃၅၈၃၃၀၈ | ၂၇၀၉၆၃၈ | ၁၁၄၂၈၇ |
| ၃။ | အိန္ဒိယ | ၃၀၅၀၃၂၆ | ၂၂၈၂၃၅၈ | ၅၆၈၈၃ |
| ၄။ | ရုရှား | ၉၅၆၇၄၉ | ၇၇၀၆၃၉ | ၁၆၃၈၃ |
| ၅။ | တောင်အာဖရိက | ၆၀၇၀၄၅ | ၅၀၄၁၂၇ | ၁၂၉၈၇ |
| ၆။ | ပီရူး | ၅၈၅၂၃၆ | ၃၉၁၁၄၄ | ၂၇၄၅၃ |
| ၇။ | မက္ကဆီကို | ၅၅၆၂၁၆ | ၃၈၀၄၉၂ | ၆၀၂၅၄ |
| ၈။ | ကိုလံဘီယာ | ၅၃၃၁၀၃ | ၃၅၉၇၉၂ | ၁၆၉၆၈ |
| ၉။ | စပိန် | ၄၀၇၈၇၉ | စိစစ်ဆဲ | ၂၈၈၃၈ |
| ၁၀။ | ချီလီ | ၃၉၅၇၀၈ | ၃၆၉၇၃၀ | ၁၀၇၉၂ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၁၈၉၆၀၁ | ၁၃၁၃၆၇ | ၂၉၉၈ |
| ၂။ | အင်ဒိုနီးရှား | ၁၅၃၅၃၅ | ၁၀၇၅၀၀ | ၆၆၀၈ |
| ၃။ | စင်ကာပူ | ၅၆၃၅၃ | ၅၃၉၂၀ | ၂၇ |
| ၄။ | မလေးရှား | ၉၂၆၇ | ၈၉၅၉ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၉၅ | ၃၂၂၀ | ၅၈ |
| ၆။ | ဗီယက်နမ် | ၁၀၁၆ | ၅၆၃ | ၂၇ |
| ၇။ | မြန်မာ | ၄၅၀ | ၃၄၁ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၃ | ၂၆၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၂ | ၂၀ | ၀ |



# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၉၂ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၂၃**
ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၉၂ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

**ကြီးကြပ်ဆောင်ရွက်**

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၂၃ ရက်အထိ ၁၂၅၄၃ ဦး စုစုပေါင်း ၆၈၁၅၈ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၁၇ ဦး၊ အမျိုးသမီး ၁၇၅ ဦး စုစုပေါင်း ၄၉၂ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၁၅ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဩဂုတ် ၂၃**
ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ၁၀ ဦးနှင့် ယနေ့ ညနေ ၃ နာရီခွဲက ငါးဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၅ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၁၅ ဦးမှာ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ရှစ်ဦးတို့ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်မှ တစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ နှစ်ဦး၊ ဇလွန်မြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်မှ တစ်ဦး၊ လောက်ကိုင်မြို့နယ်မှ ခုနစ်ဦးနှင့် ဟိုပန်မြို့နယ်မှ တစ်ဦးတို့ ဖြစ်သည်။

**လွှဲပြောင်းပို့ဆောင်**

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၁၄၂ ဦးနှင့် အမျိုးသမီး ၆၅၂၀ တို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၆၆၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**



# မန္တလေးမြို့ရှိ ဆေးအရောင်းဆိုင်များတွင် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရန် ရှောင်တခင်စစ်ဆေး

**မန္တလေး ဩဂုတ် ၂၃**
မန္တလေးမြို့ရှိ ဆေးအရောင်းဆိုင်များတွင် နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ဩဂုတ် ၂၁ ရက်မှ စ၍ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ဈေးနှုန်းမြင့်တင်ရောင်းချမှု မရှိစေရန် မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဩဂုတ် ၂၂ ရက်တွင် ရှောင်တခင် ဝင်ရောက်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။



**ရှောင်တခင်စစ်ဆေး**

ယခုရက်ပိုင်းအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ပြည်တွင်း၌ ပြန်လည်ဖြစ်ပေါ်လာသဖြင့် ဈေးကွက်အတွင်း နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ ဝယ်လိုအားမြင့်တက်လာမှုအပေါ် ဈေးနှုန်းမြင့်တင်ရောင်းချမှု ရှိ၊ မရှိ သိရှိနိုင်စေရန် ယခုကဲ့သို့ မန္တလေးမြို့ပေါ်ရှိ ဆေးအရောင်းဆိုင်များကို ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက ပြောသည်။

"စစ်ဆေးချက်အရတော့ လောလောဆယ် ဈေးတင်ရောင်းချတာ မတွေ့ရှိရပါဘူး။ ဒါပေမယ့် ဈေးကွက်အတွင်းမှာ နှာခေါင်းစည်းတွေနဲ့ ပတ်သက်ပြီး ဈေးနှုန်းမြင့်တက်နေတယ်ဆိုတဲ့သတင်းတွေ ကြားနေရပါတယ်။ ဒါတွေကလည်း လက်လီဆိုင်တွေနဲ့ တစ်ဆင့်ပြန်ရောင်းချနေသူတွေက ဈေးတင်ရောင်းချနေတာလည်း ဖြစ်နိုင်ပါတယ်။ ဒီအပေါ်မှာ ဆက်လက်ပြီး စစ်ဆေးသွားမှာပါ။ ပြည်သူတွေက သတင်းပေးတာပဲဖြစ်စေ၊ စားသုံးသူက တိုင်ကြားတာပဲဖြစ်စေ ဒါတွေကို ချက်ချင်းဆောင်ရွက်ပြီး တွေ့ရှိတယ်ဆိုရင် ကျွန်တော်တို့က အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

**ရောင်းချပေး**

လက်ရှိတွင် မန္တလေးမြို့ရှိလက်ကားဆေးဆိုင်ကြီးများတွင် သုံးလွှာနှာခေါင်းစည်း သူနာပြုတံဆိပ် ၅၀ ပါ တစ်ဘူးလျှင် ငွေကျပ် ၁၉၀၀ နှုန်းဖြင့်လည်းကောင်း၊ Surgical Face Mask ၅၀ ပါ တစ်ဘူးလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အကောင်းဆုံး မတ်ကိုတံဆိပ် ၅၀ ပါ နှာခေါင်းစည်း တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့်လည်းကောင်း ပုံမှန်ဈေးနှုန်းများအတိုင်း ရောင်းချပေးနေကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို အရေးကြီးကုန်စည် သုံးမျိုးအဖြစ် ပြီးခဲ့သည့် မတ်လအတွင်းက စ၍ ကြေညာခဲ့ရာ အဆိုပါပစ္စည်းများအား ဈေးနှုန်းမြင့်တင် ဖြန့်ဖြူးရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်၍ သိုလှောင်ထားခြင်းများရှိပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး သုံးနှစ်အထိ ချမှတ်သွားမည့်အပြင် ငွေကျပ် ငါးသိန်းထက်မပိုသော ဒဏ်ငွေလည်း ချမှတ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရှောင်တခင်ဝင်ရောက်စစ်ဆေးမှုများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် လုပ်ဆောင်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၅ ဦးအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပို့ဆောင်

**လားရှိုး ဩဂုတ် ၂၃**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှ မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှ စတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၂၃ ရက်တွင် အမျိုးသား ၂၀၊ အမျိုးသမီး ၂၅ ဦး စုစုပေါင်း ၄၅ ဦးတို့ကို ထပ်မံပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၄၅ ဦးတို့တွင် ကချင်ပြည်နယ်မှ နှစ်ဦး၊ ကရင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦးတို့ဖြစ်ကြသည်။ ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မေ ၆ ရက်မှ ဩဂုတ် ၂၃ ရက်အထိ နေရပ်ပြန်ပြည်သူအမျိုးသား ၉၃၈၀၊ အမျိုးသမီး ၅၉၁၂ ဦး စုစုပေါင်း ၁၅၂၉၂ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



# ဂင်္ဂါငါးနဲ့ ယမုန်နာငါး

**ဆူးငှက်**


မြို့မတူရိယာအသင်း

၁၉၃၀ ပြည့်နှစ်ဝန်းကျင်ကာလက မန္တလေးတွင် "မြို့မ" ဟူသော အပျော်တမ်းတူရိယာ အသင်းတစ်သင်း ပေါ်ပေါက်လာချိန်၌ မြို့မအသင်းသားများ အများစု နေထိုင်ရာ တရုတ်တန်းရပ်ကွက်နှင့် မလှမ်းမကမ်း (၃၁) လမ်း ပဒေသာပင်တန်း၌လည်း တီးဝိုင်းတစ်ဖွဲ့ရှိနေခဲ့သည်။ "မာဃ"ဟု အမည်တွင်၏။ တစ်ရပ်တည်းသားတွေမို့ ပါဝင်တီးမှုတ်သူတွေက ဟိုဝိုင်းသည်ဝိုင်း ဝင်ရောက်တီးမှုတ်ကြပေမယ့် ထိုနှစ်ဝိုင်းက ဂူတစ်ဂူတည်းမှ ခြသေ့်နှစ်ကောင်လို ဗိုလ်မထားဘဲ အပြိုင်အဆိုင်ဖြစ်နေကြသည်။

**ပြိုင်ဘက် နှစ်သင်း**

ထိုနှစ်ဝိုင်းမှ အသင်းသားများကလည်း တရုတ်တန်းနှင့် ၂၉ လမ်းထိပ်အနီးက "ဦးတော်" လက်ဖက်ရည်ဆိုင်မှာ ဆုံလျှင်ဆုံဖြစ်ကြသည်။ ထိုဆိုင်မှာ ဆရာကြီးဦးရာဇတ်၏ နေရှင်နယ်ကျောင်းသားများလည်း ထိုင်တတ်၏။ ထိုဆိုင်မှာ မြို့မ၊ မာဃစကားနိုင်လုကာ ငြင်းခုံကြသလို ဘားတန်းများမပါသော ပြောင်ချောလက်တံနှင့် ဘင်ဂျိုကို ကွမ်းသီးဖက်ဆေးလိပ်အတုတ်ကြီး လက်ကြားညှပ်ကာ သီချင်းတစ်ပုဒ်အပီအပြင် တီးပြနေသည့် ကိုဘညိန်းအနားဝိုင်းကာ အံ့အားတသင့် နားထောင်ခဲ့ကြသည်လည်းရှိ၏။ မည်သို့ဆိုစေ ဂီတနှင့်ပတ်သက်လျှင်တော့ ထိုနှစ်သင်းက အတင်စီးမခံဘဲ ဆတ်ဆတ်ထိမခံ ပြိုင်မြဲပြိုင်ကြသည်။

ထိုစဉ်က နာမည်ကျော်စ သီချင်းရေးဆရာ နန်းတော်ရှေ့ဆရာတင်က မြို့မအတွက် သီချင်းများ ရေးသားပေးနေသောအခါ မာဃလူငယ်များက သူတို့အသင်းတိုက်သို့ နန်းတော်ရှေ့ဆရာတင်ကို ပင့်ဖိတ်ကာ ထမင်းစားပွဲဖြင့် ဧည့်ခံပြီး မာဃအတွက်လည်း သီချင်းရေးပေးဖို့ "အတင်းအကျပ်" တောင်းဆိုခဲ့ဖူးသည်ဆို၏။ ထိုသတင်းကြောင့် မင်းသမီးလေဘာတီမမြရင်ကလည်း မြို့မနှင့်ချည်း သီဆိုဖျော်ဖြေနေရာမှ မာဃနှင့် တစ်လှည့်တစ်ဖန် ပူးတွဲသီဆိုခဲ့ရပြန်သည်။ ထိုစဉ်က မာဃနှင့် တွဲဖက်ရာတွင် မမြရင်၏ နာမည်ကြီးသီချင်းမှာ ကိုရွှေမောင်ရေးသားသော တစ်နာရီတည်း မောင်နဲ့ချစ်ပါရစေ သီချင်းဖြစ်သည်။ (လေဘာတီမမြရင်၊ မြို့မနှင့် ပင်တိုင်တွဲနေစဉ်က မာဃမှာ ဩဘာသောင်းက ပင်တိုင်ဖြစ်သည်။)

**ချောင်းကိုပစ်ကာ မြစ်ကိုရှာ**

ထို့ကြောင့် မြို့မငြိမ်းက "ချောင်းကိုပစ်ကာ မြစ်ကိုရှာ၊ ရေသာများတော့သည် ထွေရာများတော့သည်၊ ငါးမတွေ့နိုင်တဲ့၊ ဟင်္သာထက်ကဲ၊ ဝမ်းဘဲဘွဲ့ထူးချီ ခေါ်လောက်ပါပေသည် အစချီ "မန်ဒါလီ" သီချင်းဖြင့် ခနဲ့လိုက်လေသည်။ မာဃကလည်း ဦးကျော်အေးကဲ့သို့ ပုဂ္ဂိုလ်မျိုး တည်ထောင်ပြီး ပစ္စည်းကောင်းလူကောင်းတွေနှင့်မို့ ဆတ်ဆတ်ထိမခံဘဲ တူရိယာဂုဏ်သတင်းနယ်၊ အသင်းမာဃ တူရိယာဂုဏ်သတင်းနယ်၊ အသင်းမာဃ ဒါမကသာပေတယ်။ မြို့ကျက်သရေ တက်နေဆောင်လို့ အပေါင်းပြောကြတယ်။ ထူးခြား၍ အမှန်ပင်တကယ် မာဃအဖွဲ့သာပေတယ်" ဟု ကလိပြန်၏။ မြို့မက ပြန်လည်၍ သူ့ထက်တစ်နှစ်ငယ်တဲ့ မာဃကို "ကျွန်းခံတော်သာလွန်းလို့ မြို့မက မေတ္တာလည်းပို့သည်။ ဒီနှစ်မှ တွေ့ရ၊ ဟောဒီနှစ်မှ တွေ့ရ၊ မျက်နှာစုံညီ စုံစုံညီ၊ စုံစုံညီဟူ၍ တုံ့ပြန်ပါသည်။

> **ချောင်းကိုပစ်ကာ မြစ်ကိုရှာ၊**
> **ရေသာများတော့သည် ထွေရာများတော့သည်၊**
> **ငါးမတွေ့နိုင်တဲ့၊ ဟင်္သာထက်ကဲ၊**
> **ဝမ်းဘဲဘွဲ့ထူးချီ ခေါ်လောက်ပါပေသည်**
> **အစချီ "မန်ဒါလီ" သီချင်းဖြင့် ခနဲ့လိုက်လာသည်။**
> **မာဃကလည်း ဦးကျော်အေးကဲ့သို့ ပုဂ္ဂိုလ်မျိုး . . .**

မြို့မ၊ မာဃတို့နည်းတူ နာမည်ကျော် အခြားအသင်းတစ်သင်းမှာ မင်္ဂလာဈေးရပ်မှ မင်္ဂလာညွန့်အသင်း ဖြစ်ပါသည်။ အရေးပိုင်မင်း ဦးစိန်ရိုး၏သား ကိုလှမင်း ဦးစီးသောအသင်းဟု ဆို၏။ မြို့မနှင့် မာဃပြိုင်ပွဲတွင် မင်္ဂလာညွန့်က ကြားနေခဲ့သည်။ နှစ်ဖက်ပြိုင်ဆိုင်မှု တင်းမာလာချိန်တွင် မင်္ဂလာညွန့်က ""အသင်းချင်းက ပြည် ပဟိုရ် ညီအစ်ကိုလိုပေါ့။ (ချစ်သွေးအင်မတန် အလွန်ညီ) .... "မြို့မ" က ချစ်သွေးညီ၊ "မာဃ"က ချစ်သွေးညီ"" ဟူ၍ သီဆိုခဲ့သည် ဆို၏။

**အဲယားသမားတွေ**

ဤသို့ဖြင့် ထိုခေတ်ထိုအခါက ကနဦးအနောက်တိုင်း လေမှုတ်တူရိယာပစ္စည်းများကို စတင်ကိုင်တွယ်ကာ တီးမှုတ်ကြသည့် တူရိယာအသင်းများ ထင်ပေါ်ကျော်ကြားလာကြသကဲ့သို့ လေမှုတ်တူရိယာသမားများကလည်း ဥပစာကောလိပ်ကျောင်းသား၊ ဆတ်ကျောင်းသားများနှင့်ပင် ပခုံးချင်းယှဉ်ကာ မျက်နှာပွင့်ခဲ့ကြသည်။ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်ခဲ့ကြသည်။ ထိုသို့ လူစွမ်းကောင်း လေမှုတ်တူရိယာသမားများကို မြို့ပရိသတ်က အဲယား (air)သမားတွေဟု ကမ္ပည်းထိုး မော်ကွန်းတပ်ကြ၏။ "အဲယားသမား"တွေ၊ "အဲယားသမားတွေ" ဟု အရပ်သုံးခေါ်ဝေါ်လာခဲ့ကြသည်။

မြို့မ၊ မာဃတည်းဟူသော အဲယားသမားတွေ အချင်းချင်း ခနဲ့ကြ၊ ရိကြ။ ထိုးကြ၊ နှက်ကြလေသောအခါ နဂိုကတည်းက ဟာသဉာဏ်ရှိသော မြို့မငြိမ်းက ထို"တိုက်ပွဲ"၊ ထို "ပြိုင်ပွဲ" ကို သီချင်းတစ်ပုဒ်ဖြင့် ခပ်သောသောကလေး ရေးစပ်ကာ နိဂုံးကမ္ပတ် အဆုံးသတ်ပေးလိုက်သည်။

သီချင်းနာမည်က "အလှပြိုင်ပွဲ" တဲ့။

■

## မသန်စွမ်းသူများအတွက် မုန့်ဖုတ်နည်းနှင့် ကော်ဖီဖျော်သင်တန်း Bakery and Coffee Training ဖွင့်လှစ်သင်ကြားလျက်ရှိ



**ရန်ကုန် ဩဂုတ် ၂၃**

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)အနေဖြင့် မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းသင်တန်း အခွင့်အလမ်းများ ပိုမိုလက်လှမ်းမီရရှိရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများပိုမိုရရှိကာ ဂုဏ်သိက္ခာရှိစွာဖြင့် ၎င်းတို့၏မိသားစုနှင့် လူ့အသိုင်းအဝိုင်းအား ပြန်လည်မျှဝေ အကျိုးပြုနိုင်စေရန်ရည်ရွယ်၍ မုန့်ဖုတ်နည်းနှင့် ကော်ဖီဖျော်စပ်နည်းသင်တန်း(Bakery and Coffee Training) ကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လမ်းညွှန်မှု၊ KODDI ၏ ရန်ပုံငွေကူညီပံ့ပိုးမှုတို့ဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က သုဝဏ္ဏကြီးပွားရေးရပ်ကွက်ရှိ Golden Hope Training Centre တွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနေခြင်းဖြစ်သည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက "အခုဖွင့်လှစ်ခဲ့တဲ့ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရဲ့ မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းစင်တာ Golden Hope Training Centre မှာ မုန့်ဖုတ်နည်း၊ ကော်ဖီဖျော်စပ်နည်းနဲ့ ကွန်ပျူတာသင်တန်းတွေကို ပို့ချပေးသွားမှာဖြစ်ပါတယ်။ ဒီမုန့်ဖုတ်နည်းနဲ့ ကော်ဖီဖျော်စပ်နည်းသင်တန်းက ၂၀၂၀ ပြည့်နှစ်မှာ ဖွင့်လှစ်တဲ့ ပထမဆုံးသင်တန်းပါ။ (၁/၂၀၂၀) ဖြစ်ပါတယ်။ သင်တန်းသား ၁၀ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး တစ်ပတ်ခြောက်ရက်နဲ့ တစ်လကြာသင်ကြားသွားမှာဖြစ်ပါတယ်။ လောလောဆယ် မသန်စွမ်းသူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့အတွက် ဦးစားပေးဆောင်ရွက်နေပြီး နောက်ပိုင်းမှာတော့ မသန်စွမ်းမဟုတ်သူတွေပါ သင့်တင့်လျောက်ပတ်တဲ့ ဈေးနှုန်းနဲ့ တက်ရောက်သင်ကြားနိုင်အောင် လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ရှင်းပြသည်။

အဆိုပါ သင်တန်းတွင် ရန်ကုန်မြို့တွင်းမှ သင်တန်းသားများအတွက် နေ့စဉ် ခရီးစရိတ် ပံ့ပိုးပေးထားပြီး နယ်မှလာတက်သူများအတွက် နေရာထိုင်ခင်းနှင့် နေ့စဉ်စားစရိတ်များ ထောက်ပံ့ပေးကြောင်း၊ ၂၀၁၉ ခုနှစ် အတွင်း မုန့်ဖုတ်နည်းနှင့် ကော်ဖီဖျော်စပ်နည်းသင်တန်း ငါးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း အဆိုပါသင်တန်းများတွင် သင်တန်းသား သင်တန်းသူ ၆၀ ခန့် သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ထူးချွန်သူများအား ဟိုတယ်များ၊ မုန့်နှင့် ကော်ဖီဆိုင်များနှင့် ချိတ်ဆက်၍ အလုပ်အကိုင် ရှာဖွေပေးမည်ဖြစ်ကြောင်း ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)မှ သိရသည်။

**ကိုထက်**



## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တိုက်နယ်ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြန်အောင် ဩဂုတ် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မြန်အောင်မြို့နယ် လက်ပံကွင်းကျေးရွာအုပ်စုရှိ လက်ပံကွင်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ရေးလုပ်ငန်းများအား ဩဂုတ် ၂၁ ရက်က ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မီရေး၊ စေတနာထားဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားသည်။

အဆိုပါတိုက်နယ်ဆေးရုံ ပင်မဆောင်တိုးချဲ့ပြင်ဆင် ဆောက်လုပ်ခြင်း၊ နှစ်ခန်းတွဲ တစ်ထပ်ဆရာဝန်အိမ်ရာ တစ်လုံး၊ လေးခန်းတွဲ တစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်းများအား ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ဖြည့်စွက်ရန်ပုံငွေဖြင့် မိုးပျံအောင်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းဇော်ထွန်း(ပြန်/ဆက်)**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း မြစ်သာယာကျေးရွာမီးလင်းရေးအတွက် ထောက်ပံ့ငွေပေးအပ်

**လက်ပံတန်း ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် လက်ပံတန်းမြို့နယ် ခမုံဆိပ်ကျေးရွာအုပ်စု မြစ်သာယာကျေးရွာမီးလင်းရေးအတွက် ထောက်ပံ့ငွေများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ မြစ်သာယာကျေးရွာ မီးလင်းရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို မြစ်သာယာကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်နှင့် အဖွဲ့ဝင်များအား ပေးအပ်သည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာများမီးလင်းရေးကိစ္စရပ်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်း/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **ဝင့်နန္ဒာဌေး**





## ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် ရပ်ကွက်တွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဩဂုတ် ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း မိုးရွာသွန်းမှုကြောင့် ရေဝပ်ရေအိုင်မှု ဖြစ်ပေါ်နေသည့်နေရာများတွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့ပေါ်ရပ်ကွက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စီတာပူရပ်ကွက်၊ ကျုံ့ရွှမ်းနယ်မြေနှင့် တက္ကသိုလ်လမ်းဘေးရှိ ရပ်ကွက်တွင်းလမ်းများနှင့် လူနေအိမ်များအတွင်း ရေဝပ်ရေအိုင်မှု ဖြစ်ပေါ်လျက်ရှိသော အခြေအနေနှင့် လမ်းဘေးဝဲ/ယာရေနုတ်မြောင်းများအတွင်း ရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြောင်းရှင်းလင်းရေး၊ အမှိုက်များစွန့်ပစ်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပင်မမြောင်းများနှင့်ဆက်သွယ်စီးဆင်းနိုင်ရေး ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အဆိုပါရပ်ကွက်အတွင်း ဆိမ်ဆာ့လမ်းနှင့် တက္ကသိုလ်လမ်းထောင့်ရှိ မြေနေရာနှင့် စီတာပူဈေးမြေနေရာများတွင် ရပ်ကွက်ပိုင် မြေယာကိစ္စများနှင့်ပတ်သက်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းစုတောင်ရပ်ကွက်အတွင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စက်မှုကျောင်းလမ်း အရှည်ပေ ၈၀၀ အား အကျယ် ၃၂ ပေ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေနှင့် ရှမ်းစုတောင်နှင့် ရှမ်းစုမြောက်ရပ်ကွက်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်နေသော ရပ်ကွက်တွင်းလမ်းများ၊ ရေကျောက်ကွန်ကရစ်တံတားများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ဘေးဝဲ/ယာ ရေနုတ်မြောင်းများပါဝင်ဆောင်ရွက်သွားရေး မှာကြားခဲ့သည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

## ကျေးရွာနေပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**ပုလော ဩဂုတ် ၂၃**

တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးကျော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲပိုင်းက ပုလောမြို့နယ် ရှပ်ပုံကျေးရွာ ပြည်တော်သာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဒေသခံပြည်သူများအား Social Distancing နှင့်အညီ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးသည်။

တိုင်းဒေသကြီးဝန်ကြီးက နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ရန် ကျန်ရှိနေသောပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့က ၎င်းတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ချပြရှင်းလင်းခဲ့ကြောင်းနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ပုလော (ပြန်/ဆက်)**



## ပြည်သူများ အဆင်ပြေစွာ မဲပေးနိုင်ရေး မဲရုံများအား ကြည့်ရှုစစ်ဆေး

**မြောင်းမြ ဩဂုတ် ၂၃**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်(Standard Operating Procedure–SOP) နှင့်အညီ ပြည်သူများ အဆင်ပြေစွာမဲပေးနိုင်ရေးအတွက် ယမန်နေ့တွင် တာဝန်ရှိသူများက မဲရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကော်မရှင်အဖွဲ့ခွဲတာဝန်ရှိသူများက မြို့ပေါ် အမှတ်(၅)၊ အမှတ်(၃)၊ အမှတ်(၈) မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး၊ တောင်ပေါ်စုကျေးရွာ၊ သိလ္လာချောင်းဖျားကျေးရွာများသို့သွားရောက်ကာ ရွေးကောက်ပွဲကာလအတွင်း မဲရုံများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် ညီညွတ်မှုရှိ-မရှိ၊ မဲဆန္ဒရှင်ပြည်သူများ လာရောက်မဲပေးသည့်အခါ လက်ဆေးခြင်း၊ အပူချိန်တိုင်းခြင်း၊ နှာခေါင်းစည်းဝတ်ဆင်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်(Standard Operating Procedure–SOP) နှင့်အညီ ပြည်သူများ အဆင်ပြေစွာမဲပေးနိုင်ရေး ဆွေးနွေးလမ်းညွှန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း**
**(မြောင်းမြ)**

## နာခေါင်းစည်းများ ပုံမှန်ဈေးနှုန်းအတိုင်း ရောင်းချရန်နှင့် ဝယ်ယူလိုသူများ ဆက်သွယ်စုံစမ်းနိုင်

**ရန်ကုန် ဩဂုတ် ၂၃**

နှာခေါင်းစည်းများချုပ်လုပ်ရောင်းချသည့် အသင်းဝင်စက်ရုံများအနေဖြင့် နှာခေါင်းစည်းများကို ပုံမှန်ဈေးနှုန်းအတိုင်းရောင်းချပေးကြရန်နှင့် နှာခေါင်းစည်းဝယ်ယူလိုသူများ ဆက်သွယ်စုံစမ်းနိုင်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းက ဩဂုတ် ၂၁ ရက် ရက်စွဲဖြင့် တိုက်တွန်းအသိပေးစာ ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်စာတွင် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှုများ ပြန်လည်တွေ့ရှိလာပြီး ဒုတိယလှိုင်းသတိပေးချက်များကြောင့် ဈေးကွက်အတွင်း နှာခေါင်းစည်းများ၏ဈေးနှုန်းမှာ သုံးဆနှင့် ငါးဆအကြား ချက်ချင်းခုန်တက်သွားသည်ကို စုံစမ်းသိရှိရကြောင်း၊ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း အသင်းဝင်စက်ရုံများအနက် နှာခေါင်းစည်းချုပ်လုပ်ရောင်းချနေသော စက်ရုံများအနေဖြင့် အသင်းသို့ ဆက်သွယ်အကြောင်းကြားကြရန်နှင့် နှာခေါင်းစည်းများကို ယခင်ပုံမှန်ဈေးအတိုင်းရောင်းချပေးကြရန် တိုက်တွန်းအသိပေးထားသည်။

ထို့ပြင် နှာခေါင်းစည်းဝယ်ယူလိုသူများအနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းသို့ ဆက်သွယ်စုံစမ်းလာပါက နှာခေါင်းစည်းများကို ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်မည့် စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နှာခေါင်းစည်း ချုပ်လုပ်ရောင်းချသည့် စက်ရုံများနှင့် နှာခေါင်းစည်းဝယ်ယူလိုသူများ ဆက်သွယ်လိုပါက ဖုန်း- +95 12314829, 2300253 နှင့် အီးမေးလ်-mgma@ myanmar garments.org, research@ myanmargarments.org တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**အေးမင်းသူ**

## မြန်မာနိုင်ငံတွင်အဖြစ်များသော ကင်ဆာငါးမျိုးအကြောင်း အသိပညာပေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၃**

မြန်မာနိုင်ငံတွင် အမျိုးသားများ၌ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အသည်းကင်ဆာ၊ အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာနှင့် အဆုတ်ကင်ဆာများ အဖြစ်များနေကြောင်း ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်းရုံး ဒုတိယလွှာတွင်ကျင်းပသော မြန်မာနိုင်ငံတွင် အဖြစ်များသည့်ကင်ဆာများ၊ ကင်ဆာဖြစ်နိုင်ခြေရှိနေပြီလား ခေါင်းစဉ်ဖြင့် ကင်ဆာရောဂါဆိုင်ရာ အသိပညာပေး Online Video Conference ဆွေးနွေးပွဲမှ သိရသည်။



Online Video Conference **ဆွေးနွေးစဉ်။**

အဆိုပါ ဆွေးနွေးပွဲတွင် စင်ကာပူနိုင်ငံ Parkway Cancer Center မှ အတိုင်ပင်ခံ ကင်ဆာအထူးကုဆရာဝန်ကြီး Dr.Richard Quek က ဦးဆောင်ဆွေးနွေးရာ ကင်ဆာရောဂါအကြောင်း စိတ်ဝင်စားသူများ၊ ကင်ဆာရောဂါသည်များနှင့် ဆေးပညာစိတ်ဝင်စားသူများ တက်ရောက်ကြသည်။

"ကင်ဆာရောဂါဟာ လူတွေရဲ့ မျိုးရိုးဗီဇနဲ့ဆက်စပ်နေသလို နေ့စဉ်လူနေထိုင်မှုပုံစံအခြေအနေတွေနဲ့ သက်ဆိုင်နေပါတယ်။ အခုကာလတွေမှာ ကုသနည်းအသစ်တွေလည်း တွေ့ရှိနေပြီဖြစ်တဲ့အတွက် ကင်ဆာလို့ယူဆရပြီဆိုရင် ကင်ဆာဆရာဝန်တွေနဲ့ အမြန်ဆုံးစမ်းသပ်ကုသမယ်ဆိုရင် ကင်ဆာဆဲလ်ကြီးထွားနှုန်း ပျံ့နှံ့နှုန်းပေါ်မူတည်ပြီး ပျောက်ကင်းအောင်ကုသနိုင်ပါတယ်။ ဒါကြောင့် ကင်ဆာလို့ယူဆပြီး မသက်သာရင် အချိန်မီပြသဖို့ တိုက်တွန်းလိုပါတယ်" ဟု အတိုင်ပင်ခံကင်ဆာအထူးကုဆရာဝန်ကြီး Dr.Richard Quek က ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် အဆုတ်ကင်ဆာသည် အမျိုးသားများတွင် ဆေးလိပ်သောက်ခြင်းကြောင့် အများဆုံးဖြစ်ပြီး အမျိုးသမီးများတွင် မျိုးရိုးဗီဇကြောင့်အဖြစ်များကြောင်း သိရသည်။

အသည်းအတွင်း အကျိတ်အဖုဖြစ်ပေါ်ကာ အသည်းကင်ဆာဖြစ်ပွားမှုအကြောင်းနှင့် အစာအိမ်ကင်ဆာသည်လည်း နေ့စဉ် အစားအသောက်လူနေထိုင်မှုပုံစံများမှ တစ်ဆင့် ဖြစ်ပေါ်လာတတ်ကြောင်း၊ မှိုရှိနိုင်သောအစားအစာများကို မစားမိစေရန် အထူးဂရုပြုရမည်ဖြစ်ကြောင်း၊ အစာအိမ်လမ်းကြောင်းတွင် အဖုအကျိတ်ဖြစ်ပေါ်ခြင်းမှ ကင်ဆာစတင်ခြင်းဟု အကြမ်းဖျင်းယူဆကြောင်း သိရသည်။

ယခုအခါတွင် နိုင်ငံအနှံ့အပြားတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနှုန်းသည် နိုင်ငံအလိုက် လျော့ကျလာနေသော်လည်း မြန်မာနိုင်ငံ၌ သားအိမ်ခေါင်းကင်ဆာသည် လူတစ်သိန်းတွင် သုံးဦးနှုန်း ဖြစ်ပွားနေကြောင်း သိရသည်။

ရင်သားကင်ဆာသည် စောစီးစွာ တွေ့ရှိလျှင် ပျောက်ကင်းအောင် ကုသနိုင်ပြီး အလုံးအကျိတ်အကြီးအသေးပေါ်မူတည်ကြောင်း ထိုနေ့ ဆွေးနွေးပွဲမှ သိရသည်။

ဆွေးနွေးပွဲတွင် တက်ရောက်လာသူများ၏ သိလိုသည့်မေးမြန်းချက်များကိုလည်း အတိုင်ပင်ခံကင်ဆာအထူးကုဆရာဝန်ကြီး Dr.Richard Quek က ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

**မြင့်မောင်**

## ဂျပန်ဘာသာစကားပြောပြိုင်ပွဲ ရန်ကုန်နှင့် မန္တလေးမြို့၌ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၃**

(၂၁) ကြိမ်မြောက် ဂျပန်ဘာသာစကားပြောပြိုင်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့တို့၌ အောက်တိုဘာ ၁၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်များအား ဖိတ်ခေါ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့၌ကျင်းပမည့် ပဏာမအဆင့်ရွေးချယ်ပွဲတွင် ရွေးချယ်ခံရသည့်ပြိုင်ပွဲဝင် ၁၅ ဦးမှာ အောက်တိုဘာ ၁၇ ရက်တွင်ကျင်းပမည့် စကားပြောပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပထမဆုရရှိသူသည် အာဆီယံနိုင်ငံများမှ ဆုရရှိသူများအားလုံး ဂျပန်နိုင်ငံတွင် စုဝေးမည့်ပွဲသို့တက်ရောက်နိုင်မည့်အခွင့်အရေးကို ရရှိမည်ဖြစ်သည်။

ပဏာမစစ်ဆေးရွေးချယ်ခြင်းကို အောက်တိုဘာ ၄ ရက်တွင် မန္တလေးမြို့ရှိ MAJA မန္တလေးရုံးခွဲ၌လည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းရှိ MAJA ရုံးခန်း၌လည်းကောင်း ပြုလုပ်ရန်စီစဉ်ထားပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုအခြေအနေပေါ်မူတည်၍ အွန်လိုင်းဖြင့်ကျင်းပခြင်း၊ အစီအစဉ်ပြောင်းလဲခြင်းနှင့် ရပ်နားခြင်းများရှိနိုင်ကြောင်းလည်း သိရသည်။

လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်ပြီး အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်းရှိရမည်ဖြစ်ကာ ဂျပန်ဘာသာပြ ဆရာဆရာမ မဖြစ်စေရဘဲ ယခင်ကျင်းပခဲ့သည့် စကားပြောပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ မဖြစ်စေရဟု သတ်မှတ်ထားကြောင်း၊ လျှောက်လွှာများအား မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်း(MAJA) အီးမေးလ်လိပ်စာဖြစ်သော event.maja.ygn@gmail.com သို့ ဩဂုတ် ၂၀ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။

ဂျပန်ဘာသာစကားပြောပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

## ရှေးဟောင်းယဉ်ကျေးမှုဇုန်၌ စနေနေ့တိုင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဩဂုတ် ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ယမန်နေ့နံနက်ပိုင်းမှ စတင်ကာ ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့နှင့်အတူ ညောင်ဦးမြို့နယ် အခြေစိုက်အဖွဲ့အသီးသီးမှ ပူးပေါင်းပါဝင်ကာ ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ပလတ်စတစ်ကင်းစင်ရေးအတွက် စနေနေ့တိုင်း သန့်ရှင်းရေးပြုလုပ်လာခဲ့ရာ ယခုဆိုလျှင် ခြောက်နှစ်ရှိနေပြီဖြစ်ကြောင်း ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့အတွင်းရေးမှူး ဦးမိုးမင်းအောင်က ပြောသည်။

ညောင်ဦးသံတဲဟိုတယ်မှ အခြေခံပညာအထက်တန်းကျောင်းအထိတစ်ဖွဲ့၊ ညောင်ဦးသံတဲဟိုတယ်မှ မိုးကောင်းကင်လက်ဖက်ရည်ဆိုင်ထိတစ်ဖွဲ့၊ ညောင်ဦးသံတဲဟိုတယ်မှ မဟာငှက်ပစ်တောင်ဘုရားအထိတစ်ဖွဲ့ အဖွဲ့သုံးဖွဲ့ခွဲကာ အမှိုက်ကောက်ယူရှင်းလင်းခဲ့ကြောင်း ပုဂံပလတ်စတစ်ကမ်ပိန်းအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဆွေက ပြောသည်။

**ကိုထိန် (ပြန်/ဆက်)**



## ကျန်းမာရေးစောင့်ရှောက်မှုအတွက် အိမ်အရောက်ကုသရေးနှင့် ဆေးဝါးများပို့ဆောင်မည့် အထူးကုဆေးခန်းဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၂၃**

ကျန်းမာရေးစောင့်ရှောက်မှုအတွက် လာရောက်ပြသသည့် လူနာများအနေဖြင့် အထူးအခွင့်အရေးများရရှိနိုင်မည့် မာသာထရီဆာ အထွေထွေရောဂါကုဆေးခန်းကို ဩဂုတ် ၃၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၂) ရပ်ကွက် မာဃလမ်းနှင့် မေခလာလမ်းထောင့်တွင် ၂၄ နာရီဖွင့်လှစ်၍ ဆေးကုသမှုပေးမည်ဖြစ်ကြောင်း သိရသည်။

နာတာရှည်ရောဂါသည်များအတွက် Member ဝင်ရောက်ထားပါက ဆေးကုသမှုကုန်ကျစရိတ်ငွေကျပ် ၃၀ ရာခိုင်နှုန်းသက်သာခွင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် ဆရာဝန် သို့မဟုတ် သမားတော်များနှင့်ပြသမှုအတွက် ၁၀ ရာခိုင်နှုန်းသက်သာခွင့်ရရှိပြီး လိုအပ်သည့်ဆေးဝါးဝယ်ယူမှုကို အခမဲ့ရရှိမည်ဖြစ်သည်။

လူနာများမှ ငါးကြိမ်မြောက်ဆေးကုသမှုခံယူပြီး ခြောက်ကြိမ်မြောက်တွင် အခမဲ့ဆေးကုသမှုရရှိမည်ဖြစ်သည်။ ခြောက်ကြိမ်မြောက်တွင် လူနာ သို့မဟုတ် မိသားစုဝင်တစ်ဦးဦးကို အခမဲ့ကုသပေးမည်ဖြစ်သည်။ အဆိုပါသက်သာခွင့်ရရှိမည့် Member များကို အဆင့်သုံးဆင့်ခွဲခြားသတ်မှတ်ထားကြောင်း သိရသည်။

လာရောက်ပြသသည့်လူနာများ ပြင်ပမှဆေးဝါးများဝယ်ယူလိုပါက ဖုန်း - ၀၉၆၆၉၉၉၉၂၁၄ သို့ ဆက်သွယ်ပြီး သဃ်္ဃန်းကျွန်း၊ တောင်ဥက္ကလာပ၊ ဒဂုံမြို့သစ် (တောင်ပိုင်း)နှင့် ရန်ကင်းမြို့နယ်များသို့ အိမ်အရောက် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်သည်။ အခြားမြို့နယ်များမှ မှာယူပါက ပို့ဆောင်ခ ကျပ် ၂၀၀၀ ပေးရမည်ဖြစ်သည်။

လူနာ၏ ကျန်းမာရေးအခြေအနေအရ ဆေးခန်းသို့မလာရောက်နိုင်ပါက ဗီဒီယို Call ခေါ်ဆို၍ လူနာအခြေအနေကို ကြည့်ရှုပြီး လိုအပ်သည့်ကုသရေးပစ္စည်းများနှင့် အထူးကုသရေးအဖွဲ့မှ အိမ်အရောက်ကုသမည်ဖြစ်သည်။

အထူးကုဆေးခန်းတွင် အထွေထွေရောဂါ၊ အရိုးအကြော၊ သားဖွားမီးယပ်၊ ကလေး၊ အရေပြား၊ အစာအိမ်နှင့်အူလမ်းကြောင်း၊ ဦးနှောက်အာရုံကြော၊ ဆီးနှင့်ကျောက်ကပ်၊ အရက်မူးယစ်ဆေးဖြတ်နှင့် စိတ်ကျန်းမာရေး၊ နားနှာခေါင်းလည်ချောင်း၊ အဆုတ်တီဘီ ရင်ခေါင်းအတွင်းရောဂါအထူးကုဆရာဝန်ကြီးများနှင့် ခွဲစိတ်မှန်အထူးကုဆရာဝန်ကြီးတို့က ကုသမှုပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

■

## YBS ယာဉ်လိုင်း ၄၀ တွင် နှာခေါင်းစည်းဝတ်ဆင်ရေး YRTA မှ ပထမအဆင့်လှုပ်ရှားဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၃**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ YRTA မှ ဦးဆောင်ကာ ရန်ကုန်မြို့ ဆူးလေဘုရားနှင့် မြို့တော်ခန်းမအနီး ဝန်းကျင်ရှိ YBS ယာဉ်လိုင်းဂိတ်များ၊ စံပြဈေးအနီး သံသုမာလမ်းနှင့်လေးထောင့်ကန်လမ်းပေါ်ရှိ YBS ယာဉ်လိုင်းများ အပါအဝင် စုစုပေါင်းယာဉ် လိုင်း ၄၀ ကျော်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင် ကာကွယ်တားဆီးရေး နှာခေါင်းစည်းဝတ်ဆင်ကာ မိမိကစ၍ တစ်ကိုယ်ရေကာကွယ်နိုင်ရေး အသိပညာ ပေးလှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

" ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကို ကျွန်တော်တို့ YRTAအနေနဲ့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါဖြစ်ခါစ မတ်လတုန်းကဆို လူတွေက သတိဝီရိယနဲ့ ကာကွယ်ကြတယ်။ အခုကာလလေးကြာလာတော့ လူတွေက ကာကွယ်မှုနည်းနည်းလေးလျော့လာကြတယ်။ ပထမအဆင့် အနေနဲ့ ဆူးလေနဲ့ မြို့တော်ခန်းမရှေ့ဝန်းကျင်က ကားဂိတ်တွေရယ်၊ စံပြဈေးက ကားဂိတ်တွေရယ် ယာဉ်လိုင်းပေါင်း ၄၀ ကျော်မှာ ဆောင်ရွက်တာပါ။ ကျွန်တော်တို့ကားတွေပေါ်မှာက Social Distancing ဖြစ်ဖို့က အခက်အခဲရှိပါတယ်။ ခရီးသွားပြည်သူရဲ့ လိုအပ်ချက်အရ ရုံးတက်ရုံးဆင်းချိန်မှာ ခရီးသွားများတယ်။ ဒါကြောင့် တစ်ကိုယ်ရေကာကွယ်မှုကို အဓိက ဦးစားပေးနိုင်အောင် ဆောင်ရွက်ရတာပါ။ နှာခေါင်းစည်းတပ်မယ်၊ လက်ဆေးမယ်၊ လက်အိတ်တွေသုံးမယ်ဆိုရင် အထိုက်အလျောက် ကာကွယ်မှုရှိမှာဖြစ်ပါတယ်။ အဓိကကတော့ ခရီးသွားပြည်သူတွေ တစ်ကိုယ်ရေကာကွယ်နိုင်ဖို့ မိမိကစကာကွယ်နိုင်ဖို့ကို လှုပ်ရှားဆောင်ရွက်ပေးတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

ယင်းနေ့လှုပ်ရှားမှုတွင် ဆူးလေဘုရားအနီး မြို့တော်ခန်းမရှေ့ကားမှတ်တိုင်ရှိ ယာဉ်လိုင်း ငါးလိုင်းအားလည်းကောင်း၊ မြို့တော်ခန်းမဘေး ဇင်ယော်မုန့်တိုက်အနီး ကားဂိတ်များရှိ ယာဉ်လိုင်း ၁၉ လိုင်းအားလည်းကောင်း၊ သဃ်န်းကျွန်းစံပြဈေးရှိ သံသုမာလမ်းမကြီးနှင့် လေးထောင့်ကန်လမ်းပေါ်မှ ကားမှတ်တိုင်ရှိ ယာဉ်လိုင်း ၂၀ ကျော်အားလည်းကောင်း စုစုပေါင်း ယာဉ်လိုင်း ၄၀ ကျော်တွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ဦးဆောင်သော အဖွဲ့ဝင်များက ဆင့်ပွားဆောင်ရွက်နိုင်ရန် ယာဉ်လိုင်းတာဝန်ရှိသူများအား နှာခေါင်းစည်းများ၊ လက်ဆေး Hand Gel များ၊ လက်အိတ်များ၊ လက်ကမ်းစာစောင်ပိုစတာများ ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



ယာဉ်လိုင်းများတွင် နှာခေါင်းစည်းများ ဝေငှဆောင်ရွက်စဉ်။

ထို့ပြင် အဖွဲ့လိုက် ယာဉ်များကိုလေ့လာခြင်း၊ ခရီးသည်များအားလေ့လာခြင်းတို့ကို ဆောင်ရွက်ပြီး နှာခေါင်းစည်းမတပ်သူများကို နှာခေါင်းစည်းဝတ်ရန် အသိပညာပေးပြောကြားခြင်း၊ နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ ယာဉ်ပေါ်တွင် လက်ဆေး Hand Gel များ ထားရှိပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို အသိပညာပေးဆောင်ရွက်ခဲ့သည်။

အလားတူ ဩဂုတ် ၂၅ ရက်တွင် ဒုတိယအဆင့် လှုပ်ရှားမှုအဖြစ် ရန်ကုန်မြို့ပေါ်ရှိ YBS ကားဂိတ်ကြီးများအားလုံးတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယနေ့လှုပ်ရှားဆောင်ရွက်သော ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။ **မြင့်စိုး**

## ရှမ်းမြောက်ဒေသ၏ ထင်ရှားသောနေရာဌာနများအား QR Code အသုံးပြုလေ့လာနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**သီပေါ ဩဂုတ် ၂၃**

ကွန်ပျူတာတက္ကသိုလ် (လားရှိုး) မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ထင်ရှားကျော်ကြားသော နေရာဌာနများအား QR Code အသုံးပြု၍လေ့လာသိရှိနိုင်ရေးအတွက် ပါမောက္ခချုပ် ဒေါက်တာနန်းစိုးစိုးအောင် ဦးဆောင်ကာ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ် (လားရှိုး) ပါမောက္ခချုပ် ဒေါက်တာနန်းစိုးစိုးအောင်နှင့် အဖွဲ့ဝင်များသည် သီပေါမြို့နယ် စာရေးဆရာအသင်း၌ အသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့နှင့် တွေ့ဆုံ၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါအဖွဲ့အား မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ သီပေါကိုလတ်က သိရှိလိုသည်များကို ရှင်းလင်းပြောကြားပြီး သက်ဆိုင်ရာ စာအုပ်စာတမ်းများပေးအပ်လှူဒါန်းခဲ့သည်။ (ယာပုံ) အဆိုပါ မှတ်တမ်းပြုစုရေးအဖွဲ့အနေဖြင့် သီပေါမြို့နယ်အတွင်းမှ သမိုင်းဝင်ပေါ်ကြိုဘုရား၊ မဟာမြတ်မဟာနိဘုရားကြီး၊ သီပေါဟော်၊ တုံစင့်ကိုးမြို့ရှင်နတ်နန်းတို့ကို ပထမအစီအစဉ်၌ ထည့်သွင်း ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၁၀)



## ထန်းတပင်မြို့နယ်၌ ၂၀၁၉-၂၀၂၀ မိုးစပါးရာသီ မျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်



**ထန်းတပင် ဩဂုတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ၂၀၁၉-၂၀၂၀ မိုးစပါးရာသီ မျိုးစေ့ထုတ်တောင်သူများအား ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ်CERP အရ သွင်းအားစုမျိုးကောင်းမျိုးသန့်များ လိုအပ်သည့်အချိန်တွင် ရယူသုံးစွဲနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဇရပ်ကြီးစိုက်ပျိုးရေးဆိုင်ရာ လူထုအခြေပြုစခန်း၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုစိုးက ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၈ ခုတွင် မိုးစပါးမျိုးစေ့ထုတ်တောင်သူ ၁၉၃ ဦးအား အထွက်ကောင်းမျိုးစေ့ထုတ်တစ်ဧကလျှင် ကျပ် ၁၄၈၅၀၀ နှုန်းနှင့် အဆင့်မြင့်အရည်အသွေးကောင်း မျိုးစေ့တစ်ဧကလျှင် ကျပ် ១၅၀၅၀၀ နှုန်းဖြင့် စိုက်ဧက ၆၇၈ ဧကအတွက် ကျပ် ၁၀၀၆၈၉၀၀၀၀ ကို တာဝန်ရှိသူများက တက်ရောက်လာသောတောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုလွင် (ဆွာ)**

## မိုင်းယောင်းမြို့နယ်၌ ဈေးသည်များ နှာခေါင်းစည်းဝတ်ဆင်ရောင်းဝယ်ရေး ကြပ်မတ်စစ်ဆေး

**မိုင်းယောင်း ဩဂုတ် ၂၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ဈေးသည်များ နှာခေါင်းစည်းဝတ်ဆင်ရောင်းဝယ်ရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက မြို့မဈေး၌ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးအားထူယာ၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဟိန်းလွမ်းမိုးနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် မြို့မဈေးအတွင်း ဈေးသည်များအနေဖြင့် နှာခေါင်းစည်းများတပ်ဆင်၍ ဈေးရောင်း/ဈေးဝယ်ပြုလုပ်ကြရန် ဆွေးနွေးပြောကြားပြီး ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာသူ ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## မယ်စဲ့မြို့နယ်၌ အိမ်အပြင်ထွက်ပါက နှာခေါင်းစည်းဝတ်ဆင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မယ်စဲ့ ဩဂုတ် ၂၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် ပြည်သူများ အိမ်အပြင်ထွက်ပါက နှာခေါင်းစည်းတပ်ဆင်ရေးနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများကို ယနေ့နံနက် ၈ နာရီက မြို့လယ်လမ်းဆုံ၊ မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၊ တောင်ပိုင်းရပ်ကွက် မြို့မဘုန်းတော်ကြီးကျောင်းရှေ့နှင့် လူစည်ကားရာနေရာတို့တွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် အဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားစေရေးအတွက် ပြည်သူများ သိရှိလိုက်နာရမည့် ညွှန်ကြားချက်များ၊ လမ်းသွားလမ်းလာပြည်သူများ နှာခေါင်းစည်းဝတ်ဆင်မှုရှိ-မရှိ စစ်ဆေးပြီး နေအိမ်အပြင်ထွက်ပါက နှာခေါင်းစည်းဝတ်ဆင်ရေး အသိပညာပေးခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှထုတ်ဝေသည့် ကိုဗစ်-၁၉ ရောဂါမပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။


**မြို့နယ်(ပြန်/ဆက်)**

## စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များအား သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချရန်အသိပေး

**အထက်မင်းလှ ဩဂုတ် ၂၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချရန်အတွက် အသိပေးဆောင်ရွက်ခြင်းကို ယမန်နေ့ညနေပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။


မင်းလှမြို့နယ် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်ဌေးက အမှာစကားပြောကြားပြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နွယ်နွယ်အေးက မင်းလှမြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၊ စားသုံးသူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်ရန်၊ လိုက်နာဆောင်ရွက်မှုမရှိသည့် စားသောက်ဆိုင်များအား ပထမအကြိမ်သတိပေးခြင်း၊ ဒုတိယအကြိမ် ဆိုင်သုံးရက်ပိတ်သိမ်းခြင်း၊ တတိယအကြိမ် ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် မင်းလှမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရန် အသိပေးဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## မြန်မာနိုင်ငံ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး

စာရေးသူ တင်အောင်ထွန်း(သုတေသန) စီစဉ်ရေးသားသည့် ထေရဝါဒ ဗုဒ္ဓသာသနာဝင် ခရီးစဉ်နှင့် အတူရှိသော မြန်မာနိုင်ငံ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး စာအုပ် ထွက်ရှိလာသည်။

သံဃဂရုကေန ဘာဝိတဗ္ဗံ၊ နော ပုဂ္ဂလဂရုကေန ဟူသော ပရိဝါပါဠိတော်နှင့်အညီ ဓမ္မဝိနယကို အလေးဂရုပြုလျက် ဖွဲ့စည်းဖြစ်ပေါ်ခဲ့သော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီးဖြစ်၍ ထေရဝါဒဗုဒ္ဓသာသနာဝင် သမိုင်းစဉ်နှင့်အတူရှိနေသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီးဖြစ်သည်။ မြန်မာနိုင်ငံ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး အနှစ် ၄၀ပြည့် ဂုဏ်ပြုပူဇော်ခြင်းအားဖြင့် အဆိုပါစာအုပ်ကို ထုတ်ဝေရေးသားခြင်းဖြစ်သည်။

စာအုပ်ကို ရွှေကျောင်းပျော်စာပေ၊ အမှတ်-၈၅၊ အနော်မာအရှေ့(၁)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၅၆၀၂၀မှ တန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိသည်။



## မြန်မာနိုင်ငံနှင့် ဗုဒ္ဓမြတ်စွယ်တော်

စာရေးသူ တင်အောင်ထွန်း(သုတေသန) စီစဉ်ရေးသားသည့် မြန်မာနိုင်ငံနှင့် ဗုဒ္ဓမြတ်စွယ်တော်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ဗုဒ္ဓဘုရားရှင်သာသနာ၊ စေတီဘုရား တည်ထားကိုးကွယ်၊ သာသနာဝင်သမိုင်းနှင့် ဗုဒ္ဓမြတ်စွယ်တော်၊ ရှေးခေတ်မြန်မာနိုင်ငံနှင့် ဗုဒ္ဓမြတ်စွယ်တော်၊ ခေတ်သစ်မြန်မာနိုင်ငံနှင့် ဗုဒ္ဓမြတ်စွယ်တော်၊ အသမ္ဘိန္နဓာတ် စွယ်တော်မြတ်နှင့် စွယ်တော်ဘုရားရှိခိုးဂါထာ၊ ဗုဒ္ဓမြတ်စွယ်တော် အထိမ်းအမှတ် စွယ်တော်မြတ်နှစ်ဆူနှင့် နောက်ဆက်တွဲ ကြိုဆိုပူဇော်ရေး အစီအစဉ်များကို ဖတ်ရှုလေ့လာနိုင်ရန် ဖော်ပြထားသည်။

စာအုပ်ကို ရွှေကျောင်းပျော်စာပေ၊ အမှတ်-၈၅၊ အနော်မာအရှေ့(၁)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၅၆၀၂၀မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် ဖြန့်ချိသည်။



## ခေတ်အဆက်ဆက် သမိုင်းစာမျက်နှာပေါ်က ရွာသာ

စာရေးသူ တင့်ထွန်း(ချောက်) စီစဉ်ရေးသားသည့် ခေတ်အဆက်ဆက် သမိုင်းစာမျက်နှာပေါ်က ရွာသာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပုထိုးကြီးဘုရားသမိုင်း ရှစ်လုံးဘွဲ့ကဗျာ ဦးဇောတိက(ညောင်ပင်ကျောင်း)၊ ရာဇဝင်တုတ်မထမ်း ပုဂံလမ်းက ရွာသာ ဦးပဏ္ဍိစ္စ(တို့ရင်ထဲက နေတစ်စင်း)၊ လွမ်းစရာ အတိတ်လိပ်ပြာလိုဝဲ၊ ပုဂံခေတ်ဟို အတိတ် ခုနစ်ကျိပ်မြို့ ရွာသာ၊ ဝါဦးအစ ဝါပအဆုံး ဓလေ့ထုံး၊ ဝါဦးအစ ဝါကျွတ်အဆုံး ဘုရားစဉ် လက်ာ သံပေါက်စာ ရတနာသုံး စိန်မြကုံး ညွှတ်ရှုံး ဦးပန်ဆင်၊ ဆေးတံတိုကမ္ဘာ တစ်ခါက ပျူတို့ရွာလော စသည့်အကြောင်းအရာ ၄၅ခုကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။



## ပုဂံမှာ ဘာဆုတောင်းမလဲ

စာရေးသူ ရေနံ့သာဝင်းမောင်(ပုဂံချစ်သူ) စီစဉ်ရေးသားသည့် ပုဂံမှာ ဘာဆုတောင်းမလဲစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပုဂံကို ဘုရားဖူးလာရောက်သူတိုင်း ကောင်းမှုကုသိုလ်ပြုကြ၊ ဆုတောင်းကြသည်။ ထိုလာရောက်သူတိုင်းသည် သတ်သတ်မှတ်မှတ် အလေးအနက်ထားပြီး ဆုတောင်းချင်သည့်သူတွေလည်းရှိသဖြင့် ဘယ်ဘုရားတွင် ဘယ်လိုဆုတောင်းမျိုးဆိုလျှင် ဆုတောင်းပြည့်နိုင်သည်ဆိုသည့် လမ်းကြောင်းကို ညွှန်ပြလိုသောစိတ်ဖြင့် စာရေးသူက ရည်ရွယ်၍ ရေးသားထုတ်ဝေလိုက်ခြင်းဖြစ်သည်။

စာအုပ်ကို မြန်မာပြည်သားစာပေ၊ အမှတ်-၄၈၃၊ လောပိတလမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၂၀၀၉၅၆၅၅မှ တန်ဖိုးငွေကျပ်၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ

ဒေါက်တာမျိုးကြွယ် (AUAA) ရေးသားပြုစုသည့် ကိုဗစ်နှင့် ကိုဗစ်အလွန် ကာလအဆင့်မြင့်ပညာရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံ၏ အနာဂတ်နှင့် အဆင့်မြင့်စိုက်ပျိုးမွေးမြူရေးပညာ သင်ကြားရေး၊ တိုကျိုမြို့ရှိ စိုက်ပျိုးရေးပညာသင်ကြားပေးနေသော တက္ကသိုလ်များ၊ အဆင့်မြင့်ပညာရေးနှင့် သုတေသနများ၊ တက္ကသိုလ်များ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေး၊ ကိုဗစ်နှင့် ကိုဗစ်အလွန် အဆင့်မြင့်ပညာကဏ္ဍအတွက် ဘာသာရပ်အသစ်များ စသည်တို့ကို လေ့လာဖတ်ရှုရမည်ဖြစ်သည်။

စာအုပ်ကို ကမ္ဘာစိမ်းမြ စာအုပ်တိုက် အမှတ်(၄၅/၄၃၈)၊ သရဖီလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။



## စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု -အားလုံး၏ရည်ရွယ်ချက်-

ဒေါက်တာစန်းဝင်း(သစ်တောတက္ကသိုလ်) ပြုစုရေးသားပြီး ၂၀၁၅ ခုနှစ် စာပေဗိမာန်သုတေသနနှင့် အသုံးချသိပ္ပံ ဒုတိယဆုရ စာအုပ်ဖြစ်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု – အားလုံး၏ ရည်ရွယ်ချက်– စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူသားတို့အသက်ရှင်နေထိုင်ရေးအတွက် အရေးကြီးသော သဘာဝပတ်ဝန်းကျင်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သမိုင်း၊ သယံဇာတအမျိုးအစားအလိုက် စီမံအုပ်ချုပ်မှုနှင့် ညစ်ညမ်းစေသော ပစ္စည်းများ စီမံအုပ်ချုပ်မှုတို့အတွက် အခြေခံနည်းလမ်းများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၊ အသားမစားခြင်းဖြင့် ကျွန်ုပ်တို့ကမ္ဘာကြီးကို အေးမြအောင် ပြုလုပ်နိုင်သည့် အကြောင်းအရာများကို လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

စာအုပ်ကို အမှတ်-၅၁(A)၊ သီရိမြိုင်လမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၅၃၃၆၁၂ မှ တန်ဖိုးငွေ ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှုဥပဒေသများ (ဘဝနှင့်လူမှုရေး-၁)

စာရေးသူ ဒေါက်တာအေးကျော် စီစဉ်ရေးသားသည့် လူမှုဆက်ဆံရေးနှင့် ခေါင်းဆောင်မှုဥပဒေသများ(ဘဝနှင့် လူမှုရေး-၁) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မှန်ကန်သောအမြင်၊ မှန်ကန်သောကြံစည်မှု၊ မှန်ကန်သောပြောဆိုဆက်ဆံမှု၊ မှန်ကန်သော ပြုမူဆက်ဆံရေး၊ မှန်ကန်သော အသက်မွေးမှု၊ မှန်ကန်သောအားထုတ်ပြောင်းလဲမှု၊ မှန်ကန်သောသတိ၊ မှန်ကန်သော သမာဓိစသည့် အကြောင်းအရာများကို သိရှိနိုင်စေရန်ရည်ရွယ်၍ ရေးသားထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ဘဝတက်လမ်းစာပေ၊ ဂျီ-၁၁၊ တော်ဝင်လုံးချင်းအိမ်ရာ၊ ၄၁-တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။



## လက်ရွေးစင် ဟာသပဒေသာ အမှတ်(၇)

စာရေးသူ မောင်ကောင်းထိုက် (နှီးပဒေါ)စီစဉ်ရေးသားသည့် လက်ရွေးစင် ဟာသပဒေသာ အမှတ်(၇)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အတွေ့အကြုံနည်းသေးလို့ပါ၊ ဝယ်ချင်ပါသော်လည်း၊ သက်သက်ညှာညှာစဉ်းစားပါ၊ ပြေးတာချင်းမတူ၊ အလိုက်ကန်းဆိုးမသိတဲ့တပည့်၊ အရင်ကအကျင့်ပါနေလို့ပါ၊ ဆရာဝန်ပြောတာနားထောင်၊ ရှေ့ရေးကိုကြိုတွေးသူ၊ မျှော်လင့်တာထက်စောသွားနိုင်တယ်၊ နောက်ကျရခြင်းအကြောင်း၊ အိပ်မပျော်သောရောဂါ၊ ကြောက်စရာမလိုဘူး၊ ဘာကိုလာကြည့်တာလဲ စသည့်ဟာသအပုဒ်ရေပေါင်း ၂၈၀ကျော်ကို ရေးသားထားသည်။

စာအုပ်ကို ရွှေပဒေသာစာပေ၊ အမှတ်(၃၃)၊ မြေညီထပ်၊ ကျီတော်လမ်း၊ ပုဇွန်တောင်ကမ္ဘောဇဘဏ်အနီး၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၅၉၈၅၇၇၉နှင့် ၀၉ ၉၇၉၀၀၅၆၃၃တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။



# ပြည်သူများ ပေါ့ဆ၍မဖြစ်သေးပါ

ဒေါက်တာခင်စန်းမော်

၂၀၂၀ ပြည့်နှစ် မတ်လဆန်းက ဖြစ်ပါသည်။ ထိုင်းနိုင်ငံရှိ ချူလာလောင်ကွန် တက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်း တက်ရောက်နေသော တပည့်လေးက မေးမြန်းခဲ့ဖူးသည်။

"နိုင်ငံတကာမှာ ကိုဗစ် – ၁၉ တွေ အကြီးအကျယ် ဖြစ်နေကြတာကို မြန်မာပြည်မှာ လုံးဝမတွေ့သေးဘူး ဆိုတာ တကယ်ပဲလား တီချယ်"

"ခုထိတော့ ဘာမှ မကြေညာသေးပါဘူးကွယ်"

"ဖြစ်နိုင်ပါ့မလား တီချယ်ရယ်"

"ဒီကိစ္စမျိုးက ဖုံးကွယ်ထားလို့မှ မရတာ၊ ဖြစ်ပြီ ဆိုတာနဲ့ ဘွားဘွားကြီးပေါ်လာမှာ။ ကူးစက်ရောဂါ၊ ကပ်ရောဂါကြီးဆိုတော့ တကယ်တွေ့လာပြီဆိုရင် ကြေညာမှာပါကွယ်" တပည့်လေးကဲ့သို့ပင် နိုင်ငံရပ်ခြားမှ မိတ်ဆွေအချို့ကလည်း သံသယစိတ်ဖြင့် စုံစမ်းတီးခေါက် ခဲ့ကြသေးသည်။ အမှန်တော့ ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကိုဗစ်–၁၉ ရောဂါသည် "ကမ္ဘာ့ကပ်ရောဂါကြီး" ဖြစ်သည်ဟု ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ စတင်၍ ရုတ်ရုတ်သဲသဲ ဖြစ်လာခဲ့သော ဤကပ်ရောဂါကြီး သည် ကမ္ဘာတစ်ဝန်းလုံး အရှိန်အဟုန်ပြင်းပြင်း ကူးစက်ခဲ့ရာ မြန်မာနိုင်ငံမှာတော့ ၂၀၂၀ ပြည့်နှစ် မတ်လနှောင်းပိုင်းမှ စတင်တွေ့ရှိခဲ့ရပါသည်။

နောက်ကျမှရောက်လာသဖြင့် ကြိုတင်ပြင်ဆင်ချိန် ရရှိသလို စီမံမှုလည်း ကောင်းစွာလုပ်ဆောင်နိုင်ခဲ့ပါသည်။ မြန်မာတို့၏ နှစ်သစ်ကူး အတာသင်္ကြန်ကာလသည် အိမ်ထဲမှာသာ နေထိုင်ခြင်း (Stay Home) လုပ်ရသော ကာလနှင့် တိုက်ဆိုင်နေခဲ့သည်။ တစ်လမ်းလုံး လူသွားလူလာမရှိ။ တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံ ပြောဆိုခြင်းမရှိ။ သင်္ကြန်ကာလ စတုဒိသာကျွေးမွေးခြင်း၊ ဝေငှခြင်းလည်းမရှိ။ ကြိုတင်ပြင်ဆင်စုဆောင်းထားသော အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များ ကုန်သွားသောအခါ တာရှည်ခံသည့် ငါးခြောက်၊ ပုစွန်ခြောက်၊ အခြောက် အခြမ်းများကိုသာ စနစ်တကျ ချွေချွေတာတာ စားသုံးရင်း သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား သတင်းများ၊ လူမှုကွန်ရက်မှတစ်ဆင့် ထုတ်ပြန်ကြေညာထားသောသတင်း များကို နားစွင့်ကြသည်၊ ဖတ်ရှုကြသည်၊ စည်းကမ်း လိုက်နာကြပါသည်။ အကြောင်းကိစ္စ တစ်စုံတစ်ရာမရှိဘဲ အပြင်ထွက်လာသူများရှိပါက နှာခေါင်းစည်းနှင့် မျက်နှာ ဖုံးအကာမတပ်ဆင်ပါက တာဝန်ရှိသူတို့ ချက်ချင်း ရောက်လာပြီး စည်းကမ်းကြပ်မတ်ကြကြောင်း လူမှုမီဒီယာများမှတစ်ဆင့် မြင်တွေ့ရသည်။ ယခုအခါ ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင်ရေတွက်လျှင် ငါးလပြည့်လု နီးပါးအချိန်သို့ ရောက်ခဲ့ပါပြီ။

**ဒုတိယ ကိုဗစ်လှိုင်း**

ကမ္ဘာပေါ်ရှိ အချို့နိုင်ငံများသည် ကိုဗစ် – ၁၉ ကပ်ရောဂါကြီးကြောင့် ကြီးမားသော ကူးစက်ပျံ့နှံ့ မှုကို ရင်ဆိုင်နေရစဉ် တစ်ချိန်တည်းမှာပင် ကပ်ရောဂါကြီး၏ ဒုတိယလှိုင်းဝင်လာမည်ကို စိုးထိတ်ပြီး ကာကွယ် ထိန်းချုပ်မှုများကို တတ်နိုင်သမျှ ဆောင်ရွက်နေကြရ သည်။ ဒုတိယလှိုင်းဆိုတာဘာလဲ။ ပင်လယ်သမုဒ္ဒရာမှ လှိုင်းများကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်လိုက်ပါ။ ရောဂါဖြစ်ပွားကူးစက်ပျံ့နှံ့မှု တစ်ဟုန်ထိုး မြင့်တက်လာ ပြီး ပြန်ကျသွားသည်အထိ အချိန်ကာလသည် ကိုဗစ်လှိုင်း လုံးတစ်ခုနှင့် အလားသဏ္ဌာန်တူသည်။ ဒုတိယလှိုင်းလုံး ဆိုသည်မှာ နောက်ထပ်တစ်ကြိမ် ပြင်းထန်စွာ ရိုက်ပုတ် ခြင်းပင် ဖြစ်သည်။

ပထမကိုဗစ်လှိုင်းကို ကုသထိန်းချုပ်ပြီး မည်သည့် အချိန်ကာလတွင်မဆို ဒုတိယကိုဗစ်လှိုင်း ကျရောက်နိုင် သည်ဟု ပညာရှင်များက ဆိုကြပါသည်။ ထိုအဆိုအရ ပထမ ကိုဗစ်လှိုင်း၏ ရောဂါဖြစ်ပွားမှုသည် ကုသကာကွယ် ထိန်းချုပ်မှု၊ စီမံကွပ်ကဲမှုအောက်တွင် ရောဂါဖြစ်ပွားမှု အများအပြား ကျဆင်းသွားရမည်။ ဒုတိယ ကိုဗစ်လှိုင်း ဖြစ်ပေါ်လာလျှင် ယခင်က ကျဆင်းနေခဲ့သော ရောဂါဖြစ်ပွား ကူးစက်မှုသည် အရှိန်အဟုန်ဖြင့် ပြန်လည်မြင့်တက်လာ တတ်သည်။ ယခင်က ကမ္ဘာ့ကပ်ရောဂါကြီးတစ်ခုဖြစ်သော စပိန်တုပ်ကွေးရောဂါ၏ ဒုတိယလှိုင်းသည် ပထမလှိုင်း ထက် ပိုမိုပြင်းထန်ပြီး အသက်ဆုံးရှုံးမှု ပိုမိုများပြားသည့် သာဓက ရှိခဲ့ဖူးပါသည်။

**နယူးဇီလန်နိုင်ငံ၏ ရောဂါထိန်းချုပ်မှု**

နယူးဇီလန်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရာ၌ စောစီးစွာ အောင်မြင်မှုရရှိခဲ့ခြင်း၏ အဓိက သော့ချက်မှာ "မြန်ဆန်ခြင်း"ပင်ဖြစ်သည်။ ထိုအချက်ကို တရုတ်နိုင်ငံ၏ ကိုဗစ် – ၁၉ ရောဂါစီမံထိန်းချုပ်နိုင်မှုမှ ရရှိခဲ့သည်။ ရောဂါဖြစ်ပွားသောသူများကို မြန်မြန်ရှာတွေ့ပြီး

**■ ဒုတိယလှိုင်းဖြစ်ပွားမှု၏ မှတ်တမ်းများအရ အလုံပိတ်အခန်းများဖြစ်ကြသည့် စားသောက်ဆိုင်များ၊ နိုက်ကလပ်များ၊ ကိုးကွယ်ဝတ်ပြုသည့်နေရာများ၊ လုပ်ငန်းခွင်များတွင် ကူးစက်ခဲ့။**

**■ ထိုနေရာများသည် လေဝင်လေထွက်မကောင်းသောနေရာ၊ လူစုလူဝေးရှိသည့်နေရာ၊ စကားပြောဆိုခြင်း၊ အော်ဟစ်ခြင်း၊ သီချင်းဆိုခြင်းတို့ ပြုလုပ်သောနေရာများဖြစ်။**

**■ ရောဂါပိုးကို သယ်ဆောင်ထားသော်လည်း ရောဂါလက္ခဏာ လုံးဝမပြသည့်သူနှင့် ရောဂါဖြစ်နေသော်လည်း ရောဂါလက္ခဏာ မပြသေးသောသူတို့မှ ရောဂါကူးစက်ပျံ့နှံ့ခဲ့။**

သီးခြားခွဲထုတ်နိုင်ခြင်း၊ ထိုသူတို့နှင့် နီးကပ်စွာရှိခဲ့သူများကို ခြေရာကောက်၍ လျင်မြန်စွာဖော်ထုတ်နိုင်ခြင်းသည် နယူးဇီလန်နိုင်ငံ၏နည်းဗျူဟာဖြစ်သည်။ မရှိမဖြစ်အရေး ကြီးသော ဝန်ထမ်းများမှအပ တစ်နိုင်ငံလုံး အိမ်မှာသာနေ ရန် အမိန့်ချမှတ်သည်။ ခပ်ခွာခွာနေထိုင်ရန် တင်းကျပ် သည်။ စမ်းသပ်စစ်ဆေးမှုများကို အရှိန်မြှင့်၍ လုပ်ဆောင် သည်။ ခြေရာကောက်သည့် တာဝန်၊ ဆေးကုသသည့် တာဝန်တို့ကို ထိရောက်စွာလုပ်ဆောင်ရင်း ပြည်သူလူထု အား ရှင်းလင်းစွာ အသိပေးသည်။ ကပ်ရောဂါကြီးကို ကာကွယ်၊ ထိန်းချုပ်ရာတွင် အောင်မြင်မှုရနေသော်လည်း ယစ်မူးသာယာနေခြင်းမရှိဘဲ စည်းကမ်းတင်းကျပ်စွာ လိုက်နာကြဆဲဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇွန်လနှောင်းပိုင်း တွင် နိုင်ငံခြားပြန်တချို့မှာ ကိုဗစ် – ၁၉ အတည်ပြုလူနာ အနည်းငယ်တွေ့ရှိခဲ့၍ သီးခြားခွဲထားပြီး ရောဂါကူးစက် ပြန့်ပွားမှုအနည်းဆုံးဖြစ်အောင် ဆက်လက်လုပ်ဆောင် နေပါသည်။

**ကမ္ဘာပေါ်ရှိ နိုင်ငံအချို့**

အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနိုင်ငံနှင့် အိန္ဒိယ နိုင်ငံတို့တွင် ကိုဗစ်– ၁၉ ကပ်ရောဂါကူးစက်မှု အများဆုံး ဖြစ်နေသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် မတ်လ ၁၅ ရက်နေ့တွင် အတည်ပြုလူနာ ၂၆ ဦးသာ ရှိနေရာမှ ဩဂုတ်လ ၁၄ ရက်နေ့ တစ်ရက်တည်းတွင် အတည်ပြုလူနာပေါင်း ၆၄၅၅၃ ဦးအထိ ရှိလာခဲ့သည်။ သေဆုံးသူ စုစုပေါင်း ၄၉၀၀၀ ကျော် ရှိခဲ့ပြီ။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့တွင် အတည်ပြုလူနာ ၃၅ ဦးသာရှိနေရာမှ မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း ထောင်ဂဏန်းများအထိ တရိပ်ရိပ် တိုးမြင့်လာခဲ့ပြီး ဩဂုတ်လ ၁၂ ရက်နေ့ တစ်ရက်တည်း၏ အတည်ပြုလူနာပေါင်း ၂၉၉၅ ဦးအထိ ရှိလာခဲ့သည်။

အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် မတ်လ ၂၃ ရက်နေ့တွင် အတည်ပြုလူနာ ၃၁၀ ရှိခဲ့ပြီး ဧပြီလ ၂၈ရက်နေ့ နောက်ပိုင်းမှစ၍ အရေအတွက် တဖြည်းဖြည်းကျဆင်းလာ ခဲ့ရာ ဩဂုတ်လ ၁၂ ရက်နေ့တွင် ငါးဦးသာရှိတော့သည်။

အရှေ့တောင်အာရှနိုင်ငံများအနက် ဗီယက်နမ်နိုင်ငံ သည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လလယ်အထိ ကိုဗစ် – ၁၉ ရောဂါကြောင့် သေဆုံးသူလုံးဝမရှိ၊ လပေါင်းများစွာ ပြည်တွင်းကူးစက်မှု လုံးဝမရှိသည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ သည်။ သို့သော် ဇူလိုင်လကုန်တွင် ဒါနန်းမြို့၌ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်ဖြစ်လာခဲ့သည်။ ပထမလှိုင်း ဖြစ်ပွားစဉ်က အကောင်းဆုံးဖြစ်အောင် ထိန်းချုပ်နိုင်ခဲ့သော ဗီယက်နမ်နိုင်ငံသည် ကိုဗစ် – ၁၉ ဒုတိယလှိုင်းတွင် သေဆုံးသူများလည်း ရှိလာသည်။ ယခု ဩဂုတ်လ ၁၆ ရက်နေ့အထိ သတင်းများအရ အတည်ပြုလူနာ ၉၅၁ ဦး၊ သေဆုံး လူနာ ၂၃ ဦးရှိကြောင်း သိရသည်။

ဒုတိယလှိုင်း ဖြစ်ပွားမှု၏ မှတ်တမ်းများအရ အလုံပိတ်အခန်းများဖြစ်ကြသည့် စားသောက်ဆိုင်များ၊ နိုက်ကလပ်များ၊ ကိုးကွယ်ဝတ်ပြုသည့်နေရာများ၊ လုပ်ငန်းခွင် များတွင် ကူးစက်ခဲ့ကြောင်း သိရသည်။ ထိုနေရာများ သည် လေဝင်လေထွက်မကောင်းသောနေရာ၊ လူစုလူဝေး ရှိသည့်နေရာ၊ စကားပြောဆိုခြင်း၊ အော်ဟစ်ခြင်း၊ သီချင်း ဆိုခြင်းတို့ပြုလုပ်သောနေရာများ ဖြစ်ကြသည်။ ရောဂါပိုးကို သယ်ဆောင်ထားသော်လည်း ရောဂါလက္ခဏာလုံးဝ မပြ သည့်သူ (Asymptomatic person) နှင့် ရောဂါဖြစ်နေ သော်လည်း ရောဂါလက္ခဏာမပြသေးသောသူ (Presymptomatic person) တို့မှ ရောဂါကူးစက်ပျံ့နှံ့ ခဲ့ကြောင်းသိရပါသည်။ ဩဂုတ်လ ၂၃ ရက်နေ့အထိ သတင်းများအရ ကမ္ဘာပေါ်တွင် ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာပေါင်း ၂၃ သန်းကျော်ရှိနေပြီး ရောဂါပိုး ကင်းစင်လာသူပေါင်း ၁၅ သန်းကျော်နှင့် သေဆုံးလူနာ ပေါင်း ရှစ်သိန်းကျော် ရှိနေကြောင်း ဖော်ပြထားသည်။

**မြန်မာနိုင်ငံ**

မြန်မာနိုင်ငံတွင် ရောဂါအတည်ပြုလူနာ ၄၅၀၊ ပိုးကင်းစင်လာသူ ၃၄၁ ဦး၊ သေဆုံးသူ ခြောက်ဦး ရှိနေခဲ့သည်။

အချို့က ကိုဗစ်ရောဂါအတွက် အသွားအလာ ကန့်သတ်ထိန်းချုပ်သည့်ကာလသည် မြန်မာနိုင်ငံ၏ နွေရာသီနှင့် တိုက်ဆိုင်နေသောကြောင့် ကိုဗစ် – ၁၉ ဗိုင်းရပ်စ်များ သေကျေပျက်စီးကုန်ပြီဟု ဆိုကြသည်။ အမှန်မှာ ကိုဗစ် – ၁၉ ဗိုင်းရပ်စ်သည် ပူပြင်းသောရာသီဥတု၊ စိုထိုင်းသောရာသီဥတု၊ အေးခဲသောရာသီဥတု မည်သည့် ရာသီဥတုမဆို ကူးစက်နိုင်သည်။ ရာသီဥတု အပေါ်မူတည်နေခြင်းမရှိပါ။ ဤအချက်ကို ကောင်းစွာ သဘောပေါက်စေချင်ပါသည်။

ဩဂုတ်လဆန်းမှစ၍ သတိထားကြည့်မိရာ လူ အတော်များများက နှာခေါင်းစည်းနှင့် မျက်နှာဖုံးအကာ မတပ်ကြတော့။ စားဖွယ်စုံရောင်းချသည့် အချို့လက်ဖက် ရည်ဆိုင်များတွင် ရောင်းချပေးသူ၊ စားပွဲထိုးဝန်ထမ်း များက လွတ်လွတ်လပ်လပ် ပြောဆိုရောင်းချနေသည့် အပြင် စားပွဲများမှာလည်း အကာအကွယ် ပလတ်စတစ် အကြည်သားများ မရှိကြတော့ပေ။

အလုံပိတ်အခန်းများဖြစ်သော ဖုန်းဆိုင်၊ စတိုး ဆိုင်နှင့် အဝတ်အထည် ဖက်ရှင်စတိုးအတော်များများ ၌ နှာခေါင်းစည်းနှင့် မျက်နှာဖုံးအကာမတပ်ဘဲ ရောင်းသူ ဝယ်သူနှစ်ဦးနှစ်ဖက် တိုးဝှေ့ရောင်းချနေကြသည်မှာ စိတ်မသက်သာစရာပါ။

**ကိုဗစ် ၁၉ ရောဂါ လူအချင်းချင်း မကူးစက်အောင် ကာကွယ်တားဆီးရန် WHO ၏ အကြံပြုချက်များ**

- ❖ ရောဂါရှိသောသူ၊ အခြားသူများနှင့် နီးကပ်စွာ နေထိုင်ခြင်းကို ရှောင်ကြဉ်ပါ။ တစ်မီတာအကွာ အဝေးမှ ခပ်ခွာခွာနေပါ။ ရောဂါပိုးရှိသည့်နေရာတွင် ထိုအကွာအဝေးသည် စိတ်မချရသောကြောင့် နှာခေါင်းနှင့် မျက်နှာစည်းတပ်ဆင်ပါ။
- ❖ မကြာမကြာ လက်ဆေးပါ။ စက္ကန့် ၂၀ ကြာအောင် သေချာစွာ ဆေးကြောပါ။ နှာချေလျှင်၊ ချောင်းဆိုးလျှင် တစ်ရှူးအုပ်ကာပါ သို့မဟုတ် တံတောင်ဆစ်ကွေးဖြင့် အုပ်ကာပါ။
- ❖ တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်၊
- ❖ တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်၊ ဖြစ်နိုင်ပါက အနည်းဆုံး ခြောက်ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်၊
- ❖ အပြင်ထွက်တိုင်းနှင့် လူစုလူဝေး ရှိသည့်နေရာများ သို့ သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်၊
- ❖ လက်တွင်ကပ်ပါလာနိုင်သောဗိုင်းရပ်စ်ပိုးကို ပျက်စီး စေရန်အတွက် လက်ကိုဆပ်ပြာရည် အသုံးပြု၍ အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ဆေးကြောကြ ရန်တို့ဖြစ်ပါသည်။

အခြားနိုင်ငံများတွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ် နိုင်ပြီ ဆိုပြီးမှ ဒုတိယလှိုင်းဝင်လာသည်ကိုတွေ့ရသော ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "မိမိတို့ အနေ နှင့် ဒုတိယလှိုင်းကို ဖြစ်နိုင်ပါက လုံးဝကာကွယ်လိုပါ ကြောင်း၊ ဆိုးရွားစွာမဖြစ်စေလိုပါကြောင်း၊ ပေါ့ဆ၍ မဖြစ်သေးပါကြောင်း" ပြောကြားခဲ့သည့် စကားအတိုင်း "ပြည်သူများလုံးဝမပေါ့ဆကြပါနှင့်"ဟု တိုက်တွန်း လိုက်ရပါသည်။ ။

## မြောင်းမြမြို့နယ် မြမျိုးသန့်မျိုးစေ့သမဝါယမအသင်းက မျိုးသန့်မျိုးစပါးများ စိုက်ပျိုးထုတ်လုပ်

မြောင်းမြ ဩဂုတ် ၂၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြောင်းမြမြို့နယ်သမဝါယမဦးစီးဌာနနှင့် မြောင်းမြမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ အသင်းသား တောင်သူများနှင့် မြမျိုးသန့်မျိုးစေ့ထုတ်သမဝါယမအသင်းကို ဖွဲ့စည်းခဲ့ပြီး မျိုးကောင်းမျိုးသန့်စပါးများ စဉ်ဆက်မပြတ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် တစ်ကြေလျှင် ငွေကျပ် ၃၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့သည်။

အသင်းသားများကလည်း ပြန်ဆပ်ချိန်တွင် အချိန်မီအပြေအကြေပေးဆပ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီ လမ်းညွှန်မှုဖြင့် ဆင်းသုခ၊ ပေါ်ဆန်းရင်၊ ရောမင်း မျိုးသန့်မျိုးစေ့စပါးစိုက်ဧက ၂၅၂ ဧကကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

သတင်းစဉ်

ဘုရား၊ ရဟန်း ဒါယိကာမကြီး

## ဒေါ်နွယ်နီဝင်း

**အသက်(၅၆)နှစ်**

**(တ/၂၄၄၂)၊ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**ကချင်ပြည်နယ်တရားလွှတ်တော်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၈၁)၊ မေခါဝီလမ်းမကြီး၊ မေခါဝီလမ်းဆုံ၊ (ဃ) ရပ်ကွက်နေ [ဗိုလ်ကြီးသန်းဝင်း(ငြိမ်း)–ဒေါ်ခင်ရီ]တို့၏ သမီး၊ (ဦးမောင်မောင်–ဒေါ်ညို)တို့၏ သမီးချွေးမ၊ ဦးကျော်ဇော–ဒေါ်မာလာဝင်း၊ ဦးအောင်မြင့်သိန်းတို့၏ ညီမ၊ မောင်ထူးနိုင်ဝင့်–မအဝိဝမ်ထုမိုင်တို့၏ မိခင်၊ မောင်အဒမ်ဘုန်းဝင့်တို့၏ အဘွား၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်၊ ဦးမင်းနိုင်(မင်းစည်အိမ်ဆောက်ပစ္စည်း)၏ ချစ်လှစွာသောဇနီး ဒေါ်နွယ်နီဝင်း အသက်(၅၆)နှစ်သည် ၂၂–၈–၂၀၂၀ (စနေနေ့) ည ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၂၀ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈–၈–၂၀၂၀ (သောကြာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးချိန်စွမ် (ရေး/မော်လမြိုင်)**

**အသက်(၉၀)**

သူငယ်ချင်း ဦးစိုးနိုင်–ဒေါ်တင်တင်သန်းတို့၏ဖခင် ဦးချိန်စွမ် (ရေး/မော်လမြိုင်)သည် ၂၁–၈–၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**RIT 1980–1983 B.E (EC/EP)အတန်းဖော်သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နွယ်နီဝင်း (တ/၂၄၄၂)

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)**

**အသက်(၅၆)နှစ်**

တရားရေးဝန်ထမ်း အပတ်စဉ်(၉)မှ ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်နွယ်နီဝင်း အသက်(၅၆)နှစ်သည် ၂၂–၈–၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းများအားလုံးမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တရားရေးအပတ်စဉ်(၉)မှ**
**တရားရေးဝန်ထမ်းများ**

**အနိစ္စ**

## ဦးမြင့်အောင်(လပွတ္တာ)

**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ် (၉)နေ ဦးလှမြိုင်–(ဒေါ်မြင့်)တို့၏ သားကြီး၊ ဦးခင်ဇော်–ဒေါ်စိမ်းလဲ့ဖြူ၊ ဒေါ်ဝင်းဝင်းမြိုင်၊ ဒေါက်တာတင်လဲ့ဝင်း(နည်းပညာတက္ကသိုလ်–မှော်ဘီ၊ သုတနည်းပညာဌာန)တို့၏ အစ်ကိုကြီး၊ မသီရိဇော်၊ မမေမျက်သွယ်ခင်၊ မစုစန္ဒီဇော်တို့၏ ဘကြီး သည် ၂၂–၈–၂၀၂၀ ရက် ည ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ဦးတင်ရွှေ(ခ)ယူဟုန်ဝိုး

**အသက်(၇၄)နှစ်**

**သန်လျင်မြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ (ဦးစံရင်–ဒေါ်လှကျင်)တို့၏သား၊ (ဦးမောင်ရွှေ–ဒေါ်အေးမြင့်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကောင်စီလမ်း၊ အမှတ်(၅)နေ ဒေါ်အေးအေးမူ(ခ)ဒေါ်စွမ်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမောင်မောင်–မကေသွယ်မိုး၊ မောင်ဗိုလ်ဗိုလ်–မယုယုသန်း၊ မောင်နေမျိုးအောင်–မလဲ့လဲ့တို့၏ ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးတင်ရွှေ(ခ)ယူဟုန်ဝိုးသည် ၂၃–၈–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅–၈–၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်သန်းဝင်း(ခ)အညွှာကြီး (ဘိုကလေးမြို့)

**အသက်(၆၁)နှစ်**

ဘိုကလေးမြို့၊ မြို့မ (၅)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ်(၂၈)နေ (ဦးစံရင်)–ဒေါ်စန်းမေ တို့၏ သားကြီး၊ ဒေါက်တာသန်းသန်းအေး(ပါရမီဆေးရုံ၊ ရန်ကုန်)၊ ဒေါ်ခင်ခင်လေး၊ ဒေါ်နီနီအေး(ဦးစံရင် ကုန်စုံဆိုင်)၊ ဦးလှမျိုးဝင်းတို့၏ အစ်ကိုကြီး၊ တူ/တူမ သုံးယောက်တို့၏ဘကြီး ဦးအောင်သန်းဝင်း(ခ)အညွှာကြီးသည် ၂၂–၈–၂၀၂၀ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အမှတ် (၄)၊ ရောမင်းလမ်း၊ မြို့မ (၅)ရပ်ကွက်၊ ဘိုကလေးမြို့နေအိမ်မှ ဘိုကလေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်

**အသက်(၆၀)**

မြင်းခြံမြို့၊ မြို့သစ်ရပ်၊ (GTC)လမ်း၊ အမှတ်(၁၁၅)နေ (ဦးလှ–ဒေါ်ကုလားမ)တို့၏ သား၊ ဦးသန်းဝင်း–ဒေါ်မြမြဝင်း၊ ဦးစိုးအောင်–ဒေါ်လှလှဝင်းတို့၏ မောင်၊ ဦးဖိုးတိုး–ဒေါ်ရင်ရင်မြတို့၏ အစ်ကို၊ လသာမြို့နယ်၊ (၂၁)လမ်း၊ (၅)ရပ်ကွက်၊ အမှတ်(၂၇)၊ ပထမထပ်နေ (ဦးဇော်လွင်)–ဒေါ်မြတင်တို့၏ သားသမက်၊ ဒေါ်စန္ဒာဝင်း၏ ခင်ပွန်း၊ မမေမင်းခန့်၊ မသဒ္ဒါထက်၊ မသျှားထက်နီ၊ မကြယ်စင်ထွန်းတို့၏ဖခင် ဦးဝင်းမောင် အသက်(၆၀)သည် ၂၃–၈–၂၀၂၀ ရက် မွန်းလွဲ ၁၂:၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင်(၁)၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၅–၈–၂၀၂၀ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သရဏဂုံတင် အခမ်းအနားပြုလုပ်ပြီး နံနက် ၁၁ နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတော်မီ (ခ) ဦးတင်မောင်စိုး

**အင်/မှူး လျှပ်စစ် (ငြိမ်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ တိုက်အမှတ်(၁၃၂)၊ အခန်း(၂၀၁)၊ (၅၁)လမ်းနေ (ဦးနိမ်–ဒေါ်ကျင်မှုံ)တို့၏ သား၊ (ဦးတင်အေး)–ဒေါ်လှကြည်တို့၏ သားသမက်၊ ဒေါ်စန်းစန်းဝင်း (အငယ်တန်းအင်ဂျင်နီယာ–၂၊ မြို့ပြ–ငြိမ်း)၏ခင်ပွန်းသည် ၂၂–၈–၂၀၂၀(စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃–၈–၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစန်းတင့်

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့နေ (ဦးအောင်ခင်–ဒေါ်လှတင်)တို့၏ သား၊ (ဦးမြမောင်–ဒေါ်ရွှေကြည်)တို့၏ သားသမက်၊ (ဦးကျော်ငွေ–ဒေါ်ခင်စန်း)၊ (ဦးချို–ဒေါ်သန်းသန်း)၊ ဒေါ်သန်းသန်းကြည်တို့၏ ညီ/မောင်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၄၅)လမ်း၊ အမှတ် (၁၄၆)နေ (ဒေါ်သန်းကြည်)၏ ခင်ပွန်း၊ ကိုဝင်းရွှေဦး–မမြတ်မြတ်စိုး၊ ကိုအောင်ဇင်ဖြိုး–မခင်ရီရီဝင်းတို့၏ ကျွေးသဖခင်၊ မောင်ကောင်းဆက်လင်း၏ အဘိုးသည် ၂၂–၈–၂၀၂၀ (စနေနေ့) မွန်းလွဲ ၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄–၈–၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန် သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ အသိမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မောင်ဥက္ကာ(ခ)အုပ်စိုး

**အသက်(၃၄)နှစ်**

**M.V MCC Tokyo**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးစိန်အောင်ကြည်–ဒေါ်မာမာဝေတို့၏ သားထွေး၊ ကိုသီဟ–မသဇင်မင်းနိုင်တို့၏ ညီ၊ ကိုမြင့်ဝေ–မဥ္ဇူတို့၏ မောင်၊ မောင်ရဲရင့်နိုင်၊ မမိုးပြည့်စံ၊ မောင်သားထူးစံတို့၏ ဦးငယ်သည် ၂၀–၈–၂၀၂၀ (ကြာသပတေးနေ့) ည ၈:၄၀ နာရီတွင် M.V MCC Tokyo သင်္ဘောပေါ်၌ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၂–၈–၂၀၂၀ (စနေနေ့)တွင် ကော့သောင်းမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု




အဂတိ ပယ်ရှား
ပြည်သာယာ

တိုင်ကြားချက်အပေါ် စုံစမ်းစစ်ဆေးချက်အရ အဂတိလိုက်စားကြောင်း
ခိုင်လုံသော အထောက်အထား တွေ့ရှိလျှင် ကော်မရှင်သည် ဘက်လိုက်ခြင်း
ကင်းစွာဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်။



Activate Windows
Go to Settings to activate

facebook



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏
အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည်
ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏
လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော
အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက
သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍
အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# ရခိုင်ပြည်နယ်၏ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ “မိမိဆန္ဒအလျောက်” ယာယီတာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများ စစ်တွေမြို့သို့ ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂၃

ရခိုင်ပြည်နယ်၏ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ၌ “မိမိဆန္ဒအလျောက်” ယာယီတာဝန်ထမ်းဆောင်မည့် ဆရာဝန်နှင့် သူနာပြုများသည် ယနေ့နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်း အထူးလေယာဉ်ဖြင့် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

အဆိုပါအဖွဲ့ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းဝင်းဇော်လှိုင်၊ ဗဟိုကွင်းဆင်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး(ကူးစက်ရောဂါနှိမ်နင်းရေး) ဒေါက်တာဉာဏ်ဝင်းမြင့်၊ စစ်တွေပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်နှင့် တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုကြသည်။

“မိမိဆန္ဒအလျောက်” ရခိုင်ပြည်နယ်၌ ယာယီတာဝန်ထမ်းဆောင်ကြမည့် ဆရာဝန်နှင့် သူနာပြုများတွင် ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး တစ်ဦး၊ ရောဂါဗေဒ အထူးကုဆရာဝန်ကြီး တစ်ဦး၊ လက်ထောက်ဆရာဝန် (မေ့ဆေးအထူးကု) သုံးဦး၊ လက်ထောက်ဆရာဝန် (ဆေးပညာအထူးကု) တစ်ဦး၊ လက်ထောက်ဆရာဝန် (ရောဂါဗေဒ)တစ်ဦး၊ လက်ထောက်ဆရာဝန် (အဏုဇီဝဗေဒ) တစ်ဦး၊ လက်ထောက်ဆရာဝန် ၁၃ ဦး၊ သူနာပြုဆရာအုပ်ကြီး တစ်ဦး၊ အထက်တန်းသူနာပြုတစ်ဦးနှင့် သူနာပြုတစ်ဦးတို့ဖြစ်သည်။

အဆိုပါ အထူးလေယာဉ်တွင် ရခိုင်ပြည်နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာများလည်း ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ဘလူမြို့၌ အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်

ကန့်ဘလူ ဩဂုတ် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်တွင် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်က ပေးအပ်သည့် ထောက်ပံ့ငွေများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့ နံနက် ၉ နာရီက စတုတ္ထအကြိမ် ပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်လျက်ရှိကြောင်း သိရသည်။

အလားတူ ကန့်ဘလူမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၇ အုပ်စုတို့မှ အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၆၆၄၄၉ စုအတွက် သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာများအလိုက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**


**ကြေးမုံ ယနေ့ ဖတ်စရာ**

**တောင်ကိုရီးယား၌ တစ်ရက်အတွင်း ၃၉၇ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် အသွားအလာ ကန့်သတ်မှု တင်းကျပ်**

စာမျက်နှာ » ၁၁

**မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၉၂ ဦး ဆက်လက်ဝင်ရောက်**

စာမျက်နှာ » ၁၈


# ညောင်တုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် အရေးကြီးကုန်စည်များအား ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန် ကွင်းဆင်းစစ်ဆေး

ညောင်တုန်း ဩဂုတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန စသည့် ပူးပေါင်းအဖွဲ့တို့ ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် အရေးကြီးကုန်စည်များအား ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရန် ယမန်နေ့ နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**အသိပညာပေး ဖြန့်ဝေ**

ထိုသို့စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အရေးကြီးကုန်စည်များဖြစ်သည့် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း(သို့မဟုတ်) ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းမပြုလုပ်စေရန် ကုန်စုံဆိုင်များ၊ ဆေးဆိုင်များနှင့် စတိုးဆိုင်ပိုင်ရှင်များအား အသိပညာပေးပြောကြားခဲ့ပြီး လုပ်ငန်းရှင်များ သိရှိလိုက်နာစေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





ရတနာပုံအသင်းအတွက် ဟက်ထရစ်သွင်းယူခဲ့သည့် တိုက်စစ်မှူး အောင်သူ တတိယဂိုးကို ပင်နယ်တီမှတစ်ဆင့် သွင်းယူစဉ်။

# ရတနာပုံနှင့် ဧရာဝတီအသင်း ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၃

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံနှင့် ဧရာဝတီအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက အား/ကာသိပ္ပံအသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် အသင်းဖျက်သိမ်းသွားသည့် ဇွဲကပင်နှင့် ချင်းယူနိုက်တက်ပွဲရလဒ်ကို ပယ်ဖျက်ခဲ့သောကြောင့် ယခုနိုင်ပွဲမှာ ပထမဆုံးနိုင်ပွဲဖြစ်ခဲ့ပြီး အဆင့်(၇)နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

ရတနာပုံအသင်းသည် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ တန်းတက်အား/ကာသိပ္ပံအသင်းမှာလည်း ခုနစ်ပွဲမြောက် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ရတနာပုံအသင်းသည် ရဲကိုဦး၊ အောင်သူ၊ လှိုင်းဘိုဘို၊ ဝင်းနိုင်စိုးစသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး အသင်းသို့ ပြန်လည်ရောက်ရှိလာသည့် မြတ်ကောင်းခန့်ကိုလည်း လူစားလဲအသုံးပြုခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။

ဒုတိယပိုင်းတွင် ရတနာပုံအသင်း ဂိုးရရန် တိုက်စစ်မြင့်လာသော်လည်း မိနစ် ၆၀ ကျော်မှ ဂိုးစတင်ရရှိခဲ့သည်။ ယင်းဂိုးကို ၆၁ မိနစ်တွင် မျိုးကိုထွန်းက အဝေးမှကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ○